# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၁ ရက်၊ အင်္ဂါနေ့ အတွဲ (၆၄)၊ အမှတ် (၁၃၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မန္တလေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းအား စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့် ဖွင့်လှစ်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့် ဖွင့်လှစ်ပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ➡*

**ယနေ့ ဖတ်စရာ**


ကျွန်တော်ချစ်သော MRTV စာ ၁၀

တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းများ ဖွင့်လှစ်သင်ကြား စာ ၁၃

# ပြည်ထောင်စုဖွားတိုင်းရင်းသားတို့ ပြည်တွင်းအားကို အခိုင်အမာတည်ဆောက်

စည်းလုံးညီညွတ်မှု ပျက်ပြားခြင်းမှစတင်ခဲ့သည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ယနေ့တိုင် ဆက်လက်တည်ရှိနေခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာစွာ မတည်ဆောက်နိုင်သေးခြင်းတို့က မိမိတို့နိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆက်လက်လုပ်ကိုင်မှု မပြုနိုင်အောင် အနှောင့်အယှက်၊ အတားအဆီးဖြစ်နေသည်။ ပြည်ထောင်စုတစ်ဝန်းလုံး ငြိမ်းချမ်းမှု၊ အပြည့်အဝ မရှိသေးသမျှ ကာလပတ်လုံး ဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းဝေးနေဦးမည်ဖြစ်ပြီး ပြည်ထောင်စုသားအားလုံးတို့၏ လူမှုစီးပွားဘဝများမှာလည်း ခက်ခဲစွာရုန်းကန်နေကြရဦးမည်ဖြစ်သည်။

မိမိတို့နိုင်ငံ၏ သမိုင်းကိုပြန်ကြည့်လျှင် နိုင်ငံအတွင်း စည်းလုံးညီညွတ်သည့်ကာလများတွင် နိုင်ငံ့အင်အားတောင့်တင်းခိုင်မာ၍ သာယာဝပြောပြီး စည်းလုံးညီညွတ်မှုလျော့နည်းကာ အင်အားချည့်နဲ့သည့်အခါ တိုင်းတစ်ပါး၏ ကျူးကျော်ဝင်ရောက်သိမ်းပိုက်ခံခဲ့ရသည့်အဖြစ်မှာ သင်ခန်းစာပင်ဖြစ်သည်။ လက်ရှိမိမိတို့နိုင်ငံတွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခများသည် ဒေသများ၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဖွံ့ဖြိုးတိုးတက်မှုကို နောက်ကျစေရုံမျှမက ပြည်ထောင်စုကြီး၏ တည်ရှိမှုကိုပါ အန္တရာယ်ဖြစ်ပေါ်စေနိုင်သည်။ နယ်ချဲ့လက်အောက်ခံကျွန်နိုင်ငံသားဘဝမှပါလာသည့် သွေးခွဲအုပ်ချုပ်မှုနှင့် သွေးထိုးလှုံ့ဆော်မှုအမွေဆိုးတို့က မျက်မှောက်ကာလ မျိုးဆက်များထဲမှ အချို့အထိ ဆက်လက်ပါရှိနေခြင်းက ကျဉ်းမြောင်းသည့် လူမျိုးရေးဝါဒကို ရှင်သန်နေစေခြင်းလည်းဖြစ်သည်။

ပစ္စက္ခကာလ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးတို့၏ ပကတိလိုအပ်ချက်မှာ ဥပဒေနှင့်အညီ အေးအေးချမ်းချမ်း နေထိုင်လုပ်ကိုင်စားသောက်၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဘဝဖွံ့ဖြိုးတိုးတက်နိုင်ရေးဖြစ်သည်။ နိုင်ငံတော်အစိုးရကလည်း ပြည်သူလူထု၏ ပကတိလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး တန်းတူခံစားနိုင်မည့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

သို့ရာတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် မြို့ရွာများကို အကြမ်းဖက်တိုက်ခိုက်ခြင်းနှင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ဖျက်ဆီးခြင်း၊ လုယက်ခြင်းများပြုလုပ်ပြီး နယ်မြေဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ပြုလုပ်လျက်ရှိသည်။ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကလည်း တည်ငြိမ်မှုပျက်ပြားသည့် အခြေအနေအပေါ် အခွင့်ကောင်းယူကာ နယ်မြေချဲ့ထွင်မှုများ ပြုလုပ်နေကြသည်ကိုလည်း တွေ့ရသည်။ ၎င်းတို့ တိုက်ခိုက်ထိန်းချုပ်သည့် နယ်မြေဒေသများတွင်လည်း လူမျိုးကြီးဝါဒ ကျင့်သုံးခြင်း၊ လူမျိုးရေးခွဲခြားမှုပြုလုပ်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခြင်း စသည်တို့ပြုလုပ်နေကြကြောင်း သတင်းများသိရှိရသည်။ တိုင်းရင်းသားလူမျိုးများစွာ စုပေါင်းနေထိုင်ကြသည့် ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံတွင် မိမိတို့နှင့် လူမျိုးမတူသူများ၊ အယူအဆနှင့် သဘောဆန္ဒမကိုက်ညီသူများကို ရန်သူအဖြစ် သဘောထားကာ ခွဲခြားဆက်ဆံခြင်း၊ ရန်မူခြင်း၊ ဖယ်ကြဉ်ခြင်းတို့သည် ဒီမိုကရေစီအမူအကျင့်များ မဟုတ်သကဲ့သို့ စည်းလုံးညီညွတ်မှုကိုလည်း ပျက်ပြားစေသည်။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုဖြင့် ရယူခဲ့သည့် လွတ်လပ်ရေးမှာ ၇၇ နှစ်ကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ပြီး တိုင်းရင်းသားပြည်သူတို့၏ သွေးစည်းမှုကို အခြေခံသည့် ပြည်ထောင်စုနေ့ အမွေအနှစ်မှာ (၇၈) နှစ်သို့ပင် ရောက်ရှိလာပြီဖြစ်သည်။ ဘိုးဘွားတို့၏အမွေအနှစ်ကို အနာဂတ်ကာလတစ်လျှောက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်မှာ ပြည်တွင်းအင်အားသည် အဓိကဖြစ်ရာ ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုအားကို ခိုင်မာစွာတည်ဆောက်၍ တစ်စိတ်တည်းတစ်ဝမ်းတည်း ကာကွယ်စောင့်ရှောက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဖြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




### ၁၀ - ၂ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅၄၈၀၀၀၀) ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

### တို့ပြည်ထောင်စု တိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ဂုဏ်ပြုတေးသီချင်းဖြင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များက ကပြဖျော်ဖြေ တင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။

❍ *ရွှေဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME အေဂျင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြခန်းတာဝန်ခံများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ ဒေါက်တာ မျိုးသိန်းကျော်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာ ချာလီသန်း၊ ဒေါက်တာ မျိုးသိန်းကျော်တို့နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနား ဂုဏ်ပြုတေးသီချင်းဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များက ကပြဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးနှုတ်ဆက်ကြသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ကချင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၌ သိရှိလိုသည်များ မေးမြန်းဆွေးနွေးစဉ်။

*စာမျက်နှာ ၃ မှ*

**စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှု**

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ စက်မှုဝန်ကြီးဌာနပြခန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြခန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနပြခန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြခန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာနပြခန်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် MSME ထုတ်ကုန်ပြခန်း၊ ကချင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ကယားပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ကရင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ချင်းပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ စစ်ကိုင်းတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ တနင်္သာရီတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ ပဲခူးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ မကွေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ မွန်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ရခိုင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ရန်ကုန်တိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ ရှမ်းပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ဧရာဝတီတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတို့အား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုပြီး ထုတ်ကုန်များအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ ကုန်ကြမ်းရရှိမှုနှင့် သုံးစွဲမှု၊ ထုတ်ကုန်များထုတ်လုပ်မှု၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိမှု အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် ပြည်တွင်း၊ ပြည်ပသို့ ပိုမိုတိုးချဲ့ဖြန့်ဖြူးနိုင်မည့် အခြေအနေများနှင့် သိရှိလိုသည်များမေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကြည့်ရှုမှုများကို ခေတ္တရပ်နားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ချင်းပြည်နယ် MSME ထုတ်ကုန်ပြခန်းအား စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ မန္တလေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းအား စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုစဉ်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ထုတ်ကုန်ပြခန်း၊ လုပ်ငန်း/စီးပွား ချိတ်ဆက်မှုပြခန်း (Business Matching Hall )၊ မြန်မာနိုင်ငံ ဘဏ်များအသင်းပြခန်း၊ Digital Corner နည်းပညာပြခန်း၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် MSME ထုတ်ကုန်များပြခန်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း MSME ထုတ်ကုန်များပြခန်း၊

*စာမျက်နှာ ၅ သို့*

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ စစ်ကိုင်းတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းအား စိတ်ပါဝင်စားစွာ ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပဲခူးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းအား စိတ်ပါဝင်စားစွာ ကြည့်ရှုစဉ်။

*စာမျက်နှာ ၄ မှ*

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ပြခန်း၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များ အသင်းပြခန်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်းထုတ်ကုန်ပြပွဲနှင့် အရောင်းပြခန်းတို့အား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုအားပေးပြီးထုတ်ကုန်များအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ ကုန်ကြမ်းရရှိမှုနှင့်သုံးစွဲမှု၊ ထုတ်ကုန်များ ထုတ်လုပ်မှု၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိမှုအခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် ပြည်တွင်း၊ ပြည်ပသို့ ပိုမိုတိုးချဲ့ဖြန့်ဖြူးနိုင်မည့် အခြေအနေများနှင့် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### လိုက်လံကြည့်ရှုအားပေး

ယင်းနောက် အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမအသင်းများ၏ ပြခန်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၏ MSME ကုန်ထုတ်လုပ်မှုလုပ်ငန်းပြခန်းများ ခင်းကျင်းပြသထားမှုများကို ဘာဂီယာဉ်ငယ်များဖြင့် လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှု တိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ထုတ်ကုန်ပစ္စည်းများသည် "ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းချင်းတူပါက အရည်အသွေးပိုကောင်းရန်" ထုတ်လုပ်သည့်လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု အစီအမံများအောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့်ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ MSME များနှင့် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချဆိုင်ခန်းများ၊ လုပ်ငန်းစီးပွားချိတ်ဆက်မှုများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများအပါအဝင် ပြခန်းစုစုပေါင်း ၉၆ ခန်းဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး ထုတ်ကုန်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် အမျိုးအစားများအလိုက် ဆုအမျိုးအစားပေါင်း ၃၁ မျိုးအပေါ် Digital Trophy၊ ဂုဏ်ပြုလက်မှတ်နှင့် ငွေသားဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး အဆိုပါ ငွေသားဆုအား ချီးမြှင့်ခံရသူမှ Digital Payment System အသုံးပြု၍ လက်ငင်း E-Banking ဖြင့် ငွေသားထုတ်ယူရရှိရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရန်ကုန်တိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းအား စိတ်ပါဝင်စားစွာ ကြည့်ရှုစဉ်။

# ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲပြခန်းများ




မြန်မာနိုင်ငံဘဏ်များအသင်းပြခန်းကို တွေ့ရစဉ်။



မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် MSME ထုတ်ကုန်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်များကို တွေ့ရစဉ်။




လုပ်ငန်း/စီးပွားချိတ်ဆက်မှုဆပ်ကော်မတီပြခန်းကို တွေ့ရစဉ်။




သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနပြခန်းကို တွေ့ရစဉ်။




မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းပြခန်းတွင် ပြသထားသည့် တိုင်းရင်းဆေးများကို တွေ့ရစဉ်။



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်းတွင် ပြသထားသည့် စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများကို တွေ့ရစဉ်။




မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ထုတ်ကုန်များကို တွေ့ရစဉ်။





မန္တလေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတွင် ယွန်းထည်အမျိုးမျိုး ခင်းကျင်းပြသထားသည်ကို တွေ့ရစဉ်။





ရန်ကုန်တိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတွင် သွင်းကုန်အစားထိုးထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များ ခင်းကျင်းပြသထားသည်ကို တွေ့ရစဉ်။




ရှမ်းပြည်နယ် MSME ထုတ်ကုန်ပြခန်းတွင် ဒေသထွက်အဝတ်အထည်များ ခင်းကျင်းပြသထားသည်ကို တွေ့ရစဉ်။




မွန်ပြည်နယ် MSME ထုတ်ကုန်ပြခန်းတွင် ဒေသထွက်ကုန်များ ခင်းကျင်းပြသထားသည်ကို တွေ့ရစဉ်။




ရခိုင်ပြည်နယ် MSME ထုတ်ကုန်ပြခန်းတွင် ဒေသထွက်ငါးခြောက်အမျိုးမျိုး ခင်းကျင်းပြသထားစဉ်။




ပဲခူးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ဒေသထုတ်ကုန်များကို တွေ့ရစဉ်။



ဧရာဝတီတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတွင် ဒေသထွက် အဆင့်မြင့်စားသောက်ကုန်များကို ခင်းကျင်းပြသထားစဉ်။




မကွေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတွင် ခင်းကျင်းပြသထားသည့် ဒေသထုတ်ကုန်များကို တွေ့ရစဉ်။

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲသို့ အများပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက် လာရောက်လေ့လာ ကြည့်ရှုဝယ်ယူကြသဖြင့် အထူးစည်ကားလျက်ရှိသည်။



(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် စက်မှုဝန်ကြီးဌာန ထုတ်ကုန်ပစ္စည်းအရောင်းဆိုင်သို့ လာရောက်လေ့လာ ဝယ်ယူသူများဖြင့် စည်ကားနေမှုကို တွေ့ရစဉ်။

ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာတိုင်းရင်းသား ရိုးရာပြခန်းများအလိုက် ခင်းကျင်းပြသ ရောင်းချပေးနေကြသည့် တိုင်းရင်းသား အဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် အထင်ကရနေရာများ၊ ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များအကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ကျောင်းသား၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြပြီး တိုင်းရင်းသားအဖွဲ့များဖြင့် ဂုဏ်ယူစွာ အမှတ်တရဓာတ်ပုံ ရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ MSME ထုတ်ကုန်များနှင့် ရိုးရာအစားအစာပြခန်းအသီးသီး၌လည်း ဒေသအလိုက်ထွက်ရှိသည့် ရိုးရာအစားအစာများ၊ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများ၊ One Region One Product ထုတ်ကုန်များအပါအဝင် ပြည်ပသို့ တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များအကြောင်းကို ပွဲတော်လာပြည်သူများ ဗဟုသုတအဖြစ် သိရှိစေနိုင်ရေးအတွက် အသေးစိတ်ခင်းကျင်းပြသထားသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါ ပြခန်းများ၌လည်း မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့် တေးသီချင်းများနှင့် မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့် သီချင်းများ ဖွင့်လှစ်ဖျော်ဖြေတင်ဆက်ပေးကြရာ ပွဲတော်လာပြည်သူများအနေဖြင့် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ စည်းလုံးညီညွတ်သည့် သွေးချင်းညီအစ်ကိုစိတ်ဓာတ်များ ခံစားရရှိစေခဲ့ပြီး ပြည်ထောင်စု၏ အနှစ်သာရကိုလည်း ပိုမိုပေါ်လွင်စေခဲ့သည်။

အလားတူ နေပြည်တော်ကောင်စီ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ထွက်ရှိသည့် MSME ထုတ်ကုန်များနှင့် ရိုးရာအစားအစာများ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက် ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိပြီး ချစ်ခင်နှစ်သက်မြတ်နိုးစွာဖြင့် ဝယ်ယူကြသူများဖြင့်လည်း စည်ကားလျက်ရှိကာ နည်းပညာပြခန်းများ၊ စက်ပစ္စည်းများနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၌လည်း စိတ်ဝင်တစား ကြည့်ရှုလေ့လာကြရာ ဒေသအလိုက် ဆောင်ရွက်နေသည့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အားပေးမြှင့်တင် ပေးရာရောက်သည့် မြင်ကွင်းတစ်ခုလည်းဖြစ်သည်။

ထို့အတူ ပြပွဲသို့ လာရောက်လေ့လာကြသည့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များနှင့် စိတ်ဝင်စားကြသည့် ပြည်သူများအတွက်လည်း နောက်ဆုံးပေါ် တီထွင်ဆန်းသစ်မှုနည်းပညာများနှင့် အရည်အသွေးမြင့် စက်ယန္တရားများ၏ ထူးခြားသာလွန်သော စွမ်းဆောင်ရည်များ၊ နိုင်ငံတကာအဆင့်မီ စက်ယန္တရားများ၊ ဝယ်ယူမှု၊ တပ်ဆင်မှုအကြောင်းအရာများနှင့် ဈေးကွက်စီးပွားရေး လိုအပ်ချက်များကို အနာဂတ်နည်းပညာများ အသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ဗဟုသုတအကြောင်းအရာများကိုလည်း ပြခန်းများအလိုက် ကျွမ်းကျင်ဝန်ထမ်းများက ခင်းကျင်းပြသထားသည့် စက်ယန္တရားများဖြင့် လက်တွေ့သရုပ်ပြ ရှင်းလင်းဆွေးနွေးပေးကြရာ မြန်မာနိုင်ငံ၏ အနာဂတ် စက်မှုနည်းပညာကဏ္ဍကို တစ်ခေတ်ဆန်းသစ်ပေးတော့မည့် မြင်ကွင်းတစ်ခုလည်းဖြစ်သည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့် လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာ ယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများ ပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများ ပျော်ရွှင်စွာဖြင့် တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင်ပြပွဲကြီးသို့လာရောက်လေ့လာ ကြည့်ရှုဝယ်ယူကြသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန်အတွက် တာဝန်ရှိသူများက စနစ်တကျ လုံခြုံရေးစစ်ဆေး ဆောင်ရွက်ပေးခြင်း၊ ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များကလည်း ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် ပွဲတော်သို့လာသည့် လမ်းများ၌ ကြီးကြပ်ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက်လည်း ကျန်းမာရေး ဆေးပေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့ရှိရသည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေပြီး ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏ လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်/အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထုတ်ကုန်ပစ္စည်းများသည် "ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းချင်းတူပါက အရည်အသွေးပိုကောင်းရန်" ထုတ်လုပ်သည့် လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆောင်ရွက်နေသည့် ဒေသတစ်ခု ထုတ်ကုန်တစ်ခုအစီအမံများ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေရန်၊ တန်ဖိုးမြှင့် ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန် အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ MSME များနှင့် ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်း ဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါ ပြပွဲနှင့် ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာ ရောင်းချသည့်ဆိုင်ခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး မိဘပြည်သူများ(အခမဲ့) လာရောက်အားပေးလေ့လာဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်း–အောင်ရဲသွင်**
**အေးအေးသန့်၊ ဂျိုင်းလော**
**ဓာတ်ပုံ – ကိုကြီးထိန်၊ ဂျိုင်းလော**




(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် မြန်မာနိုင်ငံဘဏ်များအသင်းပြခန်းအား တွေ့ရစဉ်။




(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် လုပ်ငန်းစီးပွားချိတ်ဆက်မှုပြခန်းအား တွေ့ရစဉ်။

# ပြည်ထောင်စုအဆင့် MSME ဒေသထွက်ကုန်ပြပွဲနဲ့ ပြိုင်ပွဲက ပြည်ထောင်စုအဆင့်ဖြစ်တဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်က လုပ်ငန်းရှင်တွေရော၊ ပြည်သူ ပြည်သားတွေရော လာရောက်လေ့လာကြမှာဖြစ်တဲ့အတွက် စက်မှုဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ စက်မှုနဲ့ သက်မွေးရှေ့လျှားသင်တန်းတွေကို သိရှိသွားမှာဖြစ်ပါတယ်

ဦးကျော်စွာဦး (ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန)



ဦးကျော်စွာဦး



ကိုစိုးဝင်းဇော်



ဦးထွန်းထွန်းနိုင်



ဒေါ်ဝေဝေသွယ်



မောင်နိုင်ဝင်းထွေး



မသွယ်သွယ်လှိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

**(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထွက်ရှိသည့် ဒေသထွက်ကုန်များ၊ ရိုးရာအစားအသောက်များ၊ ဒေသန္တရထွက်ကုန်များကို အခြေခံ၍ တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်သည့် စက်ယန္တရားနှင့် နည်းပညာများကို အနယ်နယ်အရပ်ရပ်မှ ပြည်သူများ စိတ်အားထက်သန်စွာဖြင့် လာရောက်ကြည့်ရှုလေ့လာလျက်ရှိကြသည်။**

ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခင်းကျင်းပြသရောင်းချနေကြသည့် တိုင်းရင်းသားများနှင့် လာရောက်လေ့လာကြသည့် ပြည်သူများနှင့် တွေ့ဆုံ၍ ပွဲတော်အတွင်း ပါဝင်ဆင်နွှဲရသည့် ရင်တွင်းပီတိစကားသံများကို တွေ့ဆုံမေးမြန်းရေးသားလိုက်ရပါသည်။

**ဦးကျော်စွာဦး(ညွှန်ကြားရေးမှူး၊ စက်မှုဝန်ကြီးဌာန)**

အရင်က စက်မှုဝန်ကြီးဌာနအောက်မှာ သင်တန်းကျောင်း ရှစ်ကျောင်းရှိပါတယ်။ တစ်နှစ်၊ ရှစ်လ၊ သုံးလသင်တန်းတွေ ဖွင့်လှစ်ပေးပါတယ်။ အခုရှေ့လျှားသင်တန်းက နှစ်ရှည်၊ လရှည် သင်တန်းတက်ရောက်သင်ကြားနိုင်ဖို့ အခွင့်အရေးနည်းပါးတဲ့ ကျေးလက်ဒေသက လူငယ်၊ လူရွယ်တွေအတွက် ရည်ရွယ်ပြီး ဒေသအရောက် ဖွင့်လှစ်ပေးတဲ့ သင်တန်းမျိုးဖြစ်ပါတယ်။ ရည်ရွယ်ချက်ကတော့ ကျေးလက်နေ လူငယ်၊ လူရွယ်တွေ စက်မှုနဲ့ သက်မွေးပညာတွေကို အခြေခံသင်ကြားတတ်မြောက်ပြီး အလုပ်အကိုင်အခွင့်အလမ်းရှာဖွေတဲ့အချိန်မှာ အထောက်အကူဖြစ်ဖို့ရယ်၊ အခြေခံသက်မွေးပညာတွေကို သိရှိနိုင်ဖို့ရယ်၊ ဒီသင်တန်းကျောင်းတွေကနေတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုရရှိပြီး ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ဖို့ရယ်၊ နိုင်ငံတော်က လိုအပ်နေတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို တစ်ဖက်တစ်လမ်းကနေ ဖြည့်စွက်ပေးဖို့ရယ်ဆိုပြီး ရည်ရွယ်ချက်တွေနဲ့ ဒေသအရောက် စက်မှုနဲ့ သက်မွေးရှေ့လျှားသင်ကြားပေးခြင်းဖြစ်ပါတယ်။

ပြည်ထောင်စုအဆင့် MSME ဒေသထွက်ကုန်ပြပွဲနဲ့ ပြိုင်ပွဲက ပြည်ထောင်စုအဆင့်ဖြစ်တဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်က လုပ်ငန်းရှင်တွေရော၊ ပြည်သူပြည်သားတွေရော လာရောက်လေ့လာကြမှာဖြစ်တဲ့အတွက် စက်မှုဝန်ကြီးဌာနက ဆောင်ရွက်နေတဲ့ စက်မှုနဲ့ သက်မွေးရှေ့လျှားသင်တန်းတွေကို သိရှိသွားမှာဖြစ်ပါတယ်။ လေ့လာရင်းနဲ့ သင်ကြားတတ်မြောက်ချင်တယ်ဆိုရင် ကျွမ်းကျင်မှုအခြေပြုသုံးလသင်တန်း၊ တစ်နှစ်သင်တန်းတွေအထိ တက်ရောက်သင်ကြားခြင်းဖြင့် နိုင်ငံတော်မှာ လိုအပ်နေတဲ့ MSME ကဏ္ဍ လူ့စွမ်းအားအရင်းအမြစ်တွေအတွက် များစွာအထောက်အကူပြုမယ်လို့ ယုံကြည်ပါတယ်။ ရှေ့လျှားသင်တန်းမှာ အခြေခံလျှပ်စစ်ပညာသင်တန်း၊ အခြေခံစက်ပြင်သင်တန်း၊ အခြေခံဂဟေဆက်သင်တန်းနဲ့ အခြေခံမော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဆိုပြီး သင်တန်းလေးမျိုးသင်ကြားပေးလျက်ရှိပါတယ်။ ဒီသင်တန်းက နှစ်ပတ်သင်တန်းဖြစ်တဲ့အတွက် သက်ဆိုင်ရာဘာသာရပ်တွေအလိုက် အခြေခံတွေကို သင်ကြားပေးတာဖြစ်ပါတယ်။ ဒီထက် ပိုမိုသင်ကြားတတ်မြောက်လိုတယ်ဆိုရင် သုံးလ၊ တစ်နှစ်သင်တန်းတွေကို ဆက်လက်တက်ရောက် သင်ကြားနိုင်ပါတယ်ဆိုတာကို အသိပေးလိုပါတယ်။

**ကိုစိုးဝင်းဇော်(ရှမ်းပြည်နယ်ကိုယ်စားပြုပြခန်း)**

ကျွန်တော်က Bamboo design and Construction ရဲ့ Operations Director ဖြစ်ပါတယ်။ ဝါးနဲ့ ပတ်သက်ပြီး အဆောက်အဦဒီဇိုင်းနဲ့ ဆောက်လုပ်ရေးလုပ်ငန်းတွေ လုပ်ကိုင်ပါတယ်။ ဝါးနဲ့ပတ်သက်ပြီး လှပသေသပ်အဆင့်မီတဲ့ ပရိဘောဂတွေ ထုတ်လုပ်နိုင်ဖို့ ကြိုးစားနေပါတယ်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲမှာ လာရောက်ပြသခွင့်ရတဲ့ အကျိုးရလဒ်က အတော်ကို ကောင်းမွန်ပါတယ်။ အခုဆိုရင် ကျွန်တော့်ကို လာရောက်ချိတ်ဆက်တဲ့ လုပ်ငန်းတွေလည်း ရှိပါတယ်။ အကျိုးတူဆောင်ရွက်ချင်တဲ့ လုပ်ငန်းရှင်တွေရဲ့ ဆွေးနွေးမှုလည်း ရှိပါတယ်။ အခုလို ဝန်ကြီးဌာနတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ လုပ်ငန်းတွေ အကုန်စုစည်းလိုက်တဲ့အတွက် လုပ်ငန်းတွေ ဖလှယ်ခွင့်ရသွားပါတယ်။ ကိုယ့်အရည်အသွေးကို ပြသခွင့်ရတဲ့အပြင် တခြားသူရဲ့ အရည်အသွေးကိုလည်း လေ့လာခွင့်ရတဲ့အတွက် ဒီပြပွဲကြီးက ကောင်းမွန်တဲ့ အစီအစဉ်တစ်ခုဖြစ်ပါတယ်။ အခုဆိုရင် ကျွန်တော်ယူလာတဲ့ ပရိဘောဂတွေရဲ့ တစ်ဝက်က ရောင်းကုန်သွားပြီဖြစ်တဲ့အတွက် MSME ထုတ်ကုန်ပြပွဲကြီးက ကျွန်တော်တို့လို လုပ်ငန်းရှင်တွေအတွက် အခွင့်အရေးကောင်းတစ်ခုလို့ မြင်မိပါတယ်။

**ဦးထွန်းထွန်းနိုင် (ကချင်ပြည်နယ်ကိုယ်စားပြုပြခန်း)**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲကြီးမှာ ကချင်ပြည်နယ်ကိုယ်စားပြု ပြခန်းမှာ ရောင်းချခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ပါတယ်။ ဂျိန်းဖော့သူ ကချင်ရိုးရာအထည် ပုဆိုး၊ မိန်းမဝတ်ဝမ်းဆက်၊ လုံချည်စက်ရက်ထည်၊ လက်ရက်ထည်တွေကို ရောင်းချပါတယ်။ ဒီပြပွဲကြီးမှာ ကိုယ့်ပြည်နယ်ရဲ့ ရိုးရာအဝတ်အထည်တွေကို ရောင်းချခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိပါတယ်။ တစ်နေရာတည်းမှာ တိုင်းရင်းသားပေါင်းစုံရဲ့ ရိုးရာအဝတ်အထည်၊ ရိုးရာအစားအစာတွေအပြင် လုပ်ငန်းရှင်တွေနဲ့လည်း ဆွေးနွေးဖလှယ်ခွင့်ရတဲ့အတွက် အခွင့်ထူးတစ်ရပ်လို့ မြင်မိပါတယ်။ ကျွန်တော်တို့လို လုပ်ငန်းရှင်တွေအတွက် ဈေးကွက်ချဲ့ထွင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

**ဒေါ်ဝေဝေသွယ်(ဆရာမ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး သိပ္ပံကျောင်း)**

ကျွန်မက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရဲ့ စိုက်ပျိုးရေးသိပ္ပံကျောင်းပေါင်းစုံအားကစားပြိုင်ပွဲမှာ လာရောက်ယှဉ်ပြိုင်ဖို့အတွက် ရောက်ရှိနေတာ ဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို လေ့လာရေး လာရောက်ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ပြခန်းတွေကို အရင်ဆုံးလေ့လာဖြစ်ပါတယ်။ ကျွန်မက ကယားတိုင်းရင်းသူဖြစ်တဲ့အတွက် ကယားပြခန်းကို ပိုပြီးစိတ်ဝင်တစား လေ့လာဖြစ်ပါတယ်။ ကိုယ့်ပြည်နယ်ကို သတိရနေတဲ့အတွက် အခုလို လေ့လာခွင့်ရတဲ့အချိန်မှာ အပျော်ရွှင်ဆုံးဖြစ်ပါတယ်။ ကိုယ့်ပြည်နယ်ကို ရောက်သွားသလို ခံစားရပါတယ်။ ဒီလိုတစ်နေရာတည်းမှာ တိုင်းရင်းသားပေါင်းစုံကို တစ်ပြိုင်တည်း လေ့လာနိုင်ဖို့ စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**မသွယ်သွယ်လှိုင် (ကျောင်းသူ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကျောင်း)**

ဒီ MSME ထုတ်ကုန်ပြပွဲက ပြခန်းတွေကို လေ့လာကြည့်ရှုခဲ့ပါတယ်။ စိုက်ပျိုးရေးကျောင်းက ကျောင်းသူဖြစ်တဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနပြခန်းကို အရင်ဆုံး လေ့လာဖြစ်ခဲ့ပါတယ်။ ကျောင်းသင်ခန်းစာတွေအတွက်လည်း အထောက်အကူဖြစ်စေပါတယ်။ စိတ်ဝင်စားဖွယ်ရာ ပြခန်းတွေလည်း အများကြီးရှိပါတယ်။ တိုင်းရင်းဆေးပြခန်းမှာတော့ မိဘအတွက် လိမ်းဆေး၊ ရှူဆေးတွေ ဝယ်ခဲ့ပါသေးတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ ပြခန်းတွေကိုလည်း မြင်တွေ့ရတော့ မြန်မာနိုင်ငံအနှံ့အပြားကို ခရီးထွက်ရသလို ခံစားရပါတယ်။ စိတ်ဝင်စားစရာတွေ၊ ဗဟုသုတတွေ အများကြီးတိုးစေတဲ့အတွက် သူငယ်ချင်းတွေနဲ့ နောက်တစ်ခေါက် လာရောက်ကြည့်ရှုဦးမယ်လို့ စိတ်ကူးထားပါတယ်။

**မောင်နိုင်ဝင်းထွေး(လေ့လာသူ၊ ရမည်းသင်းမြို့)**

ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေရဲ့ ထုတ်ကုန်ပြပွဲကို သူငယ်ချင်းတွေနဲ့အတူ လာရောက်လေ့လာတာဖြစ်ပါတယ်။ ကိုယ့်မြန်မာနိုင်ငံမှာရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ဒေသအလိုက် ထွက်ရှိတဲ့ ထုတ်ကုန်တွေ၊ ရိုးရာအစားအစာတွေ၊ ရိုးရာအဝတ်အထည်တွေကို လေ့လာခွင့်ရတဲ့အတွက် စီစဉ်ပေးတဲ့သူတွေကို ကျေးဇူးတင်ပါတယ်။ လယ်ယာထွက်ကုန်ပစ္စည်းတွေကို ပြသထားတာလည်း တွေ့ရပါတယ်။ တချို့အရာတွေကို အခုလို အပြင်မှာပါ မြင်တွေ့ခွင့်ရတဲ့အတွက် ဗဟုသုတတိုးစေပါတယ်။ ဒီ MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲကြီးမှာ ဗဟုသုတတွေ၊ စိတ်ဝင်စားစရာတွေ များစွာပြသထားလို့ သူငယ်ချင်းတွေကိုလည်း လာရောက်လေ့လာဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**တွေ့ဆုံမေးမြန်း- အေးအေးသန့်၊ ဂျိုင်းလော**

**ဓာတ်ပုံ- ဂျိုင်းလော**

## မိုင်းဖြတ်မြို့နယ်၌ နမ့်မယ်ဟုတ်ချောင်း ချောင်းပေါင်ပြုပြင်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မိုင်းဖြတ် ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ ချောင်းအနီးရှိ စိုက်ပျိုးမြေများ ရေကြီးရေလျှံလွှမ်းမိုးမှုမှ ကာကွယ်ရန်အတွက် နမ့်မယ်ဟုတ်ချောင်း လက်ဝဲဘက် ချောင်းပေါင်ကျိုးပေါက်မှု ပြုပြင်နေသည့်အခြေအနေများကို ဖေဖော်ဝါရီ ၈ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**(ယာပုံ)**

ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမျိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်တည်ဆောက်ရေး လုပ်ငန်းစိစစ်ရေးကော်မတီဝင်များသည် မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် ပြည်နယ်အစိုးရအထွေထွေ ပိုလျှံရန်ပုံငွေကျပ်သန်း ၆၀ ဖြင့် အလျား ပေ ၁၀၀၀၊ အောက်ခြေအကျယ် ပေ ၆၀၊ အနက် ခြောက်ပေအတိုင်းအတာရှိ နမ့်မယ်ဟုတ်ချောင်း လက်ဝဲဘက်ချောင်းဘောင်ကျိုးပေါက်မှု ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း (အပိုင်း-၁)ကို ကြည့်ရှုစစ်ဆေးရာ ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်မင်းဦး၊ ကြီးကြပ်အင်ဂျင်နီယာ ဒုတိယဦးစီးမှူး(မြို့ပြ) ဦးကောင်းမြတ်ဇော်တို့က လုပ်ငန်းများဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အဆိုပါလုပ်ငန်းဆောက်ရွက်ပြီးစီးပါက မိုင်းဟဲကျေးရွာအုပ်စုအတွင်းရှိ လယ်မြေများသည် မိုးရာသီကာလများတွင် ဖြစ်ပေါ်နိုင်သည့် ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ရွှေကို(မိုင်းဖြတ်)**



# ကျွန်တော်ချစ်သော MRTV

မြင့်စိုး(နတလ)

**ရောဝတီသားဟု မကြွားဝံ့သောကျွန်တော်**

ကျွန်တော့်မွေးရပ်မြေ ရောဝတီတိုင်းဒေသကြီး၏ ဆောင်ပုဒ်က **"ရိုးသား ကြိုးစား ရောဝတီသား"** ဟူ၍ ဖြစ်သည်။ ထိုဆောင်ပုဒ်အတိုင်း ရောဝတီသားတွေ ရိုးသားခဲ့ကြသည်၊ ကြိုးစားခဲ့ကြမည်ဟူ၍လည်း ယုံကြည်ခဲ့သည်။ ယုံကြည်၍လည်း ဆောင်းပါးတွေထဲမှာ အခါအခွင့်သင့်လျှင် သင့်သလို ကြွားခဲ့၊ ရေးခဲ့ဖူးသည်။

ရောဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့၏ နယ်နိမိတ်အစပ်မှာတောင် အနီဆောင်ပုဒ်ကို ခံ့ခံ့ညားညား စိုက်ထူထားတာ မြင်ခဲ့ဖူး၍ ဖြတ်သွားတိုင်းဂုဏ်ယူစွာ ကြည့်ခဲ့ဖူးသည်။ ဓာတ်ပုံတွေရိုက်ခဲ့ဖူးသည်။ နောက်တော့ မည်သူ့လက်ထက်တွင် မည်သူက ဘာကြောင့် ဖြုတ်သွားသည်လည်း မသိ။ ယနေ့ထိတိုင် မရှိတော့ပြီ။ ရိုးသားကြိုးစား ရောဝတီသားပင် ဖြစ်နေသော်ငြားလည်း ၁၄/ (မျဉ်းစောင်း) နိုင်ငံသားကတ်ကို ကိုင်ထားသော ရောဝတီသားကွဟု ရဲရဲကြီး မကြွားဝံ့သော အကြောင်းတရားတစ်ခုက ကျွန်တော့်တွင် ရှိနေပါသည်။

ထိုအရာသည်ကား ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အနောက်ခြမ်းက စိန်တောင်ရွာသား ကျွန်တော်၊ ယနေ့ချိန်အထိ မော်တင်စွန်းဘုရားကိုလည်း မဖူးဘူး၊ ချောင်းသာကမ်းခြေသို့လည်း မရောက်ဖူး၊ မလည်ပတ်ဖူး၍ပါတည်း။ ထို့ပြင်တဝ ရောဝတီတိုင်းဒေသကြီး အတွင်းက ၂၆ မြို့နယ်ထဲမှာ ကျွန်တော်မရောက်ဖူးသေးသည့် ငပုတော၊ လပွတ္တာ၊ ဘိုကလေးမြို့နယ်တို့လို နေရာဒေသအချို့လည်း ရှိနေပြန်ပါသည်။ ဆိုရသော် ငါဟဲ့ ရောဝတီသားဟု မာန်တင်းကာ အော်နေခဲ့လင့်ကစား ရဲရဲဝံ့ဝံ့မကြွားဝံ့သော ကျွန်တော့်အဖြစ်နှင့် ကျွန်တော်မို့ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ မြတ်မော်တင်စေတီတော်ကြီးကို ဖူးဖြစ်အောင်ဖူးမည်ဟု အလေးအနက် သန္နိဋ္ဌာန်ချထားမိပါသည်။

**မရောက်တာကြာပြီဖြစ်သော MRTV**

တစ်ချိန်က ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ သူ့ထက်စော၍ ဖွဲ့စည်းခဲ့သော နယ်စပ်/ စည်ပင်ဝန်ကြီးဌာနတို့မှာ ရှိစဉ်ကတည်းက မြန်မာပြည်တစ်နံတစ်လျားမှ ရောက်ရှိလာကြသော တိုင်းရင်းသားလေ့လာရေးအဖွဲ့များအတွက် ကြည့်ရှုလေ့လာရမည့်နေရာများ သတ်မှတ်ရာ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည်လည်းပဲ တစ်ခုအပါအဝင် ဖြစ်ခဲ့သည်။ ရန်ကုန်မှာ ရှိစဉ်တုန်းကလည်း ပို့ဆောင်ပေးခဲ့သည်။ နေပြည်တော်ကြီး တည်ထောင်အပြီး နေပြည်တော်နှင့် ပတ်ဝန်းကျင်လေ့လာရေး ခရီးစဉ်များကို ကျွန်တော်တို့ ဆက်လက်စီစဉ်ပေးခဲ့ကြသည်။

ထိုဝန်ကြီးဌာနမှ အငြိမ်းစားယူပြီး သကာလ




မင်္ဂွေဇ – ခေါင်လန်ဖူးကားလမ်းပေါ်က ငါ့လုံစခန်းမှာ MRTV အဖွဲ့သားများနှင့် အမှတ်တရ။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်ခွင့်ရချိန်၌လည်း ယခင်အတွေ့အကြုံများကိုယူ၍ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် သန်လျင်နှင့် စစ်ကိုင်းတို့မှ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ယွန်းပညာကောလိပ်(ပုဂံ)၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံတို့မှ သင်တန်းသား သင်တန်းသူများ၊ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူများကို ခေါ်ယူကာ နေပြည်တော်နှင့် ပတ်ဝန်းကျင် အထင်ကရနေရာများသို့ ပို့ဆောင်ပေးခဲ့သည်။ ထိုသို့ပို့ဆောင်ပေးရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV သည်လည်းပဲ တစ်ခုအပါအဝင် ဖြစ်၏။

MRTV အဖွဲ့များ ရန်ကုန်မှာရှိစဉ်က ၁၉၉၈ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း သတင်းကိစ္စ၊ သီချင်းကိစ္စ၊ ရိုက်ကူးရေးကိစ္စစသည့် အကြောင်းအမျိုးမျိုးဖြင့် ချောင်းပေါက်မတတ် ရောက်ခဲ့သည်။ နေပြည်တော်သို့ ပြောင်းရွှေ့လာချိန်တွင်မတော့ ၂၀၁၀၊ ၂၀၁၂ ဝန်းကျင်လောက်ကသာ ဖြိုးဖြိုးဖြောက်ဖြောက် ရောက်ခဲ့သည်မှလွဲ၍ နောက်ထပ်မရောက်ဖြစ်တော့ချေ။ သို့တစေ လေ့လာရေးအဖွဲ့များ သွားရောက်လေ့လာကြသည့်အခါတိုင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ညွှန်ကြားရေးမှူးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောသည်မှအစ စိန်ရတုပြတိုက်သို့ လေ့လာမှုအဆုံး အားလုံးကို သတင်းထုတ်ပြန်ခဲ့သည် ဖြစ်ရာ စိန်ရတုပြတိုက်နှင့်ပတ်သက်၍ ကြားဖူးနားဝတော့ ရှိနေခဲ့သည်။ သို့သော် တစ်ခါသော်မျှ မရောက်ဖူးခဲ့ပေ။

**❑ စိန်ရတုပြတိုက်ကြီး၏ ထည်ဝါခမ်းနားမှုနှင့်အတူ အဆောက်အအုံအတွင်း၌ အသံလွှင့်ဆိုင်ရာ စက်ပစ္စည်းများ၊ တေးဂီတဆိုင်ရာ စာအုပ်စာစောင်များ၊ တိပ်ခွေနှင့် ဓာတ်ပြားများ၊ ရုပ်မြင်သံကြားဆိုင်ရာ စက်ပစ္စည်းများ စနစ်တကျ ခင်းကျင်းပြသနိုင်ရန်အတွက် နိုင်ငံတကာပြတိုက်များ၊ ပြည်တွင်းပြတိုက်များသို့ သွားရောက်လေ့လာကာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်၏ မြေညီထပ်တွင် ပြခန်း ၁၈ ခန်း၊ ပထမထပ်တွင် ပြခန်း ၂၂ ခန်း၊ စုစုပေါင်း ပြခန်းပေါင်း ၄၀ ကို ခမ်းနားထည်ဝါစွာ ခင်းကျင်းပြသထား**

**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ စိန်ရတုပြတိုက်**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် သမိုင်းစဉ်တစ်လျှောက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ရုပ်သံထုတ်လွှင့်ရေးဆိုင်ရာ ကင်မရာများ၊ စက်ပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့် ပြုပြင်တိုင်းတာရေးဆိုင်ရာ စက်ပစ္စည်းကိရိယာများကို အများပြည်သူလေ့လာကြည့်ရှုနိုင်ရန်အတွက် ပင်မအဆောက်အအုံကြီးအတွင်းက အခန်းတစ်ခုတွင် ခင်းကျင်းထားရှိပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၅) နှစ်ပြည့်မြောက်သော ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။ သို့သော် ယင်းပြတိုက်ငယ်သည် ကနဦးအစပြုလိုက်သော ပြတိုက်တစ်ခုအဖြစ်သာရှိနေခဲ့ပြီး စိန်ရတု၏ ဂုဏ်ဒြပ်နှင့် လျော်ညီစွာ ခံ့ညားထည်ဝါသည့် သီးခြားပြတိုက်တစ်ခု တည်ဆောက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ခဲ့သည်။ ယင်းလမ်းညွှန်ချက်အရ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှေ့၊ ယာဘက်မျက်နှာစာတွင် နှစ်ထပ်အဆောက်အအုံတစ်လုံးကို ထပ်မံတည်ဆောက်ခဲ့သည်။

ယင်းသို့ တည်ဆောက်ပြီးနောက် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ထမ်းဆောင်ခဲ့သည့် တစ်နှစ်ပြည့်မြောက်သည့်နေ့ဖြစ်သော ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ပြတိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပါသည်။

စိန်ရတုပြတိုက်ကြီး၏ ထည်ဝါခမ်းနားမှုနှင့်အတူ အဆောက်အအုံအတွင်း၌ အသံလွှင့်ဆိုင်ရာ စက်ပစ္စည်းများ၊ တေးဂီတဆိုင်ရာ စာအုပ်စာစောင်များ၊ တိပ်ခွေနှင့် ဓာတ်ပြားများ၊ ရုပ်မြင်သံကြားဆိုင်ရာ စက်ပစ္စည်းများ စနစ်တကျ ခင်းကျင်းပြသနိုင်ရန်အတွက် နိုင်ငံတကာပြတိုက်များ၊ ပြည်တွင်းပြတိုက်များသို့ သွားရောက်လေ့လာကာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်၏ မြေညီထပ်တွင် ပြခန်း ၁၈ ခန်း၊ ပထမထပ်တွင် ပြခန်း ၂၂ ခန်း၊ စုစုပေါင်း ပြခန်းပေါင်း ၄၀ ကို ခမ်းနားထည်ဝါစွာ ခင်းကျင်းပြသထားပါသည်။ ထို့နေ့အခမ်းအနားနှင့် တစ်ဆက်တည်းမှာပင် သတင်းကဏ္ဍသီးသန့်ကြည့်ရှုနိုင်မည့် MRTV NEWS Channel နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်များကို ဂြိုဟ်တုမှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံး လွှမ်းခြုံဖမ်းယူကြည့်ရှုနိုင်မည့် DTH စနစ်တို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

သပြေ ရေဒီယိုအစီအစဉ်ကိုလည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၇၆) နှစ်ပြည့်မြောက်သည့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစတင်ပြီး နေ့စဉ်နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ၊ ညနေ ၄ နာရီမှ ည ၉ နာရီအထိ အစီအစဉ်များ တိုးချဲ့ကာ ဝေဝေဆာဆာ ထုတ်လွှင့်နိုင်ခဲ့သည်။ ရုပ်သံအစီအစဉ် တွင် Update news နှင့် Breaking news တို့ကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

**မင်္ဂွေဇ–ခေါင်လန်ဖူးကားလမ်း ဖောက်လုပ်ခဲ့**

ကျွန်တော် နတလဝန်ထမ်းဘဝဖြင့် ရှိနေစဉ်က ချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်အတွင်းမှာ မင်္ဂွေဇ– ခေါင်လန်ဖူးကားလမ်း (၆၅/၄) မိုင်ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက်နေ့မှ စတင်ဖောက်လုပ်ခဲ့ကြသည်။ ပေ ၇၇၀၀ ဆန်းလွတ်ချက်တောင်ကြီးကို ကျော်လွှားဖောက်လုပ်ခဲ့ကြရာ၌ လေးမိုင်ခန့်ရှည်သည့် ကျောက်တောင်နှင့် ရင်ဆိုင်ခဲ့ရသည်။ နတလမှ အင်ဂျင်နီယာများ၊ တပ်မတော်မှ တွဲဖက်ပေးထားသည့် အင်ဂျင်နီယာတပ်ဖွဲ့မှ အရာရှိစစ်သည်များ၊ ရဝမ်တိုင်းရင်းသားခေါင်းဆောင် ဦးအားတန်၏ ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ ရက်ပေါင်း ၁၇၁၂ ရက်အကြာ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် မင်္ဂွေဇမှ ခေါင်လန်ဖူးအထိ ကားလမ်းပေါက်ခဲ့ပြီ ဖြစ်သည်။

ထိုလမ်းကြီးဖောက်လုပ်ရာတွင် တပ်မတော်က စက်သုံးဆီများ၊ မိုင်းခွဲမည့်ယမ်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခဲ့သည်။ ယင်းကဲ့သို့ တပ်မတော်က မကူညီခဲ့လျှင် မင်္ဂွေဇ– ခေါင်လန်ဖူးလမ်းသည် ဒေသခံတိုင်းရင်းသားများ၊ လားမြင်းများ၏ ခြေကျင်သွားလမ်းကလေးအဖြစ်နှင့်သာ ရှိနေပေဦးမည်။ တစ်နည်းဆိုရသော် နှစ်ပေါင်းများစွာ အိပ်မက်မက်၍ မျှော်လင့်ခဲ့ရသော အိပ်မက်လမ်းအဖြစ်သာ ရှိနေပေဦးမည်ဖြစ်သည်။ လမ်းဖောက်လုပ်နေစဉ် မတော်တဆထိခိုက်မှုများဖြင့် အသက်ဆုံးရှုံးခဲ့သည့် စစ်သည်၊ ဝန်ထမ်းနှင့် လုပ်သားတချို့လည်းရှိခဲ့သည်။

**ခေါင်လန်ဖူးသံယောဇဉ်**

မင်္ဂွေဇ–ခေါင်လန်ဖူးကားလမ်း ဖောက်လုပ်ခြင်းကို အကြောင်းပြုလျက် ကျွန်တော်သည် မြန်မာပြည်မြောက်ဘက် အစွန်ဆုံးမြို့လေးဖြစ်သော ပန်နန်းဒင်သို့ လေးခေါက်၊ နောင်မွန်သို့ နှစ်ခေါက်၊ ခေါင်လန်ဖူးသို့ နှစ်ခေါက် ရောက်ခဲ့သည်။ ပန်နန်းဒင်ဆိုလျှင် အိမ်ခြေ ၂၁ အိမ်သာရှိသော ပီဘိမြို့သေးသေးလေးမျှသာ၊ ယင်းသို့ သေးကွေးပြီး အများသူငါ အရောက်အပေါက် နည်းကြသော ရှမ်းအရှေ့က မက်မန်းမြို့လေးလို နေရာမျိုး၊ ရှမ်းတောင်က ဟိုမိန်းမြို့လေးလိုနေရာမျိုးများကို လေးခေါက်စီ ရောက်ဖူးထားခြင်းကပင်လျှင် ကျွန်တော့်ဘဝမှာ အမှတ်ရစရာများ ဖြစ်ခဲ့သည်။ မမေ့နိုင်အောင် ဖြစ်ခဲ့ရသည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

ခေါင်လန်ဖူးသို့ ကားလမ်းမပေါက်မီ ၂၀၁၈ ခုနှစ်မှာ ကျွန်တော်နတလဝန်ထမ်းဘဝမှ သက်ပြည့်ပင်စင်ယူခဲ့သည်။ ပင်စင်ယူပြီးကာမှ ထိုစဉ်က နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က အကူအညီတောင်းသဖြင့် မဂွေဇ-ခေါင်လန်ဖူး ကားလမ်းဖောက်လုပ်ခြင်းဆိုင်ရာ ရုပ်/သံ အစီအစဉ်အတွက် စာမူရေးပေးခဲ့ရသည်။

စာမူနာမည်ကိုတော့ ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင် (ယခု နီပေါနိုင်ငံ သံအမတ်ကြီး) အကြံပြုခဲ့သလို **“အိပ်မက်လမ်းသို့ ခရီးရှည်”** ဆိုပြီး ပေးခဲ့သည်။ အဆိုပါစာမူကို ရုပ်/သံအစီအစဉ်ရိုက်ပြီး ထုတ်လွှင့်နိုင်ဖို့အတွက် MRTV က ဦးဇေယျာကျော်ဝင်း၊ ဒေါ်ဆွေဆွေသန်း၊ ကိုမျိုးသန့်ဇော်၊ ကိုမန်းကျော်၊ ကိုကျော်မျိုးထွန်း၊ ဂေါလူဂျာနော်ဆိုင်းတို့နှင့်အတူ ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ပူတာအိုမြို့သို့ စတင်ရောက်ရှိခဲ့ကြသည်။ ပူတာအိုလွင်ပြင် အပါအဝင် ကောင်းမှုလုံစေတီ၊ နတ်ကျွန်းစေတီ၊ မချမ်းဘော၊ နောင်မွန်၊ ပန်နန်းဒင်၊ ခေါင်လန်ဖူး ဒေသများသို့ ကွင်းဆင်းရိုက်ကူးခဲ့ကြသည်။ ခေါင်လန်ဖူးဟု ဆိုသော်ငြားလည်း ကားလမ်းက ဆန်းလွတ်ချက်တောင်ထိပ် (၃၃/၆) မိုင်အထိသာ လမ်းပေါက်သေးသည်။

သို့တစေ ကိုဇေယျာကျော်ဝင်းနှင့် မျိုးသန့်ဇော်တို့ ကင်မရာအဖွဲ့သည် တောင်ထိပ်မှ လှမ်းမြင်နေရသော မေခမြစ်ကူး ရီဒမ်းကြိုးတံတားနေရာအထိ ဆင်း၍ အပင်ပန်းခံသွားရောက် ရိုက်ကူးခဲ့ကြရာ ကျွန်တော့်စာမူ **“အိပ်မက်လမ်းသို့ ခရီးရှည်”** သည် ပို၍ပို၍အသက်ဝင်သွားသဖြင့် သူတို့ကို ကျေးဇူးတင်ခဲ့ရပါသည်။ ခေါင်လန်ဖူးဒေသသို့ အတူသွားခဲ့ကြသည်မှာ ခြောက်နှစ်ခန့် ရှိပေပြီ။ သည်တစ်ခေါက် MRTV သို့ သွားချင်သည့် ရည်ရွယ်ချက်မှာ သူတို့နှင့်လည်း တွေ့ချင်သည်။ ကျွန်တော့်သမီး အေးအိငြိမ်းနှင့်လည်း တွေ့ချင်သည်။ ထို့ပြင်တဝ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ အထင်ကရနေရာ စိန်ရတုပြတိုက်သို့လည်း ကြည့်ရှုလေ့လာလို၍ ဖြစ်သည်။

သည့်အတွက် ညွှန်ကြားရေးမှူးချုပ်ထံသို့ ခွင့်တောင်းပြီး သွားရောက်ခဲ့သည်။ ဦးရဲနိုင်က အခမ်းအနားတစ်ခု တက်ရောက်နေ၍ မတွေ့ခဲ့ရ၊ စိန်ရတုပြတိုက်မှာ လိုက်လံရှင်းလင်း ပြသပေးကြသော အင်ဂျင်နီယာချုပ် ဦးကျော်ရွှေ၊ စီမံရေးရာ ညွှန်ကြားရေးမှူး စောမြင့်ဇော်နှင့် ညွှန်ကြားရေးမှူးများဖြစ်ကြသော ဒေါ်မိုးသူဇာအောင်၊ ဒေါ်ခင်မိုးဥ၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိုးသူဇာတို့ကို ကျေးဇူးတင်ပါသည်။

**စိန်ရတုပြတိုက်မှာ လေ့လာစရာ**

ပြတိုက်ထဲသို့ ခြေချလိုက်မိသည်နှင့် လေ့လာစရာများက များပြားလှသလို လွမ်းစရာများကလည်း တစ်ပွေ့တစ်ပိုက်ဖြစ်လို့ နေပါတော့သည်။ ၁၉၃၇ ခုနှစ် မင်္ဂလာဒုံဝိုင်ယာလက်စ်မှာ အသံလွှင့်လုပ်ငန်းစတင်သည်မှ ယနေ့အချိန်အထိ ခေတ်အဆက်ဆက်ပြောင်းလဲလာခဲ့သော မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ သမိုင်းကြောင်းကို အင်ဂျင်နီယာချုပ် ဦးကျော်ရွှေက ရှင်းလင်းပြောကြားသည်။ ပြောင်းလဲလာသော ဌာနအခေါ်အဝေါ်များ၊ ရွှေ့ပြောင်းဖွင့်လှစ်ခဲ့သည့်နေရာများ၊ တိုးပွားလာသော ရေဒီယိုလိုင်းများနှင့် ရုပ်သံလိုင်းများ၊ ထုတ်လွှင့်မှုနည်းစနစ်များ၊ Online ထုတ်လွှင့်မှုများစသည်တို့ ပါဝင်သည်။

ထူးထူးခြားခြား မှတ်သားမိသည်များမှာ ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်ကို မြန်မာ့အသံ ရေဒီယို စတင်ထုတ်လွှင့်သည့်နှစ်ဟု သတ်မှတ်ခဲ့သောကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်သည် (၇၅) နှစ်ပြည့် စိန်ရတုနေ့ဖြစ်လာခြင်း၊ ၁၉၈၀ ပြည့်နှစ် နိုဝင်ဘာ ၁ ရက်တွင် ရုပ်မြင်သံကြား အစီအစဉ်



ကြိုးတံတားနှင့် အမှတ်တရ။

**❝ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် နိုင်ငံအကျိုး၊ နိုင်ငံသားများ၏ အကျိုးကို စိတ်ကောင်းစေတနာအပြည့် လုံ့လအပြည့်နှင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူများအကြား ခိုင်မာသည့် ပေါင်းကူးတံတား တစ်စင်းလည်းဖြစ်❞**

စတင်ထုတ်လွှင့်စဉ်ကလည်း အခြားနိုင်ငံအချို့တွင် အဖြူအမည်းဖြင့်စခဲ့ရပြီး မြန်မာနိုင်ငံကမူ ရောင်စုံရုပ်မြင်သံကြား အစီအစဉ်ကို ထုတ်လွှင့်နိုင်ခဲ့ခြင်း၊ ၂၀၀၈ ခုနှစ် မတ် ၁၆ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို နေပြည်တော်တပ်ကုန်းသို့ ပြောင်းရွှေ့ထုတ်လွှင့်ပေးခဲ့ခြင်းတို့ ဖြစ်သည်။

**မြေညီထပ်မှ ပထမထပ်သို့**

မြေညီထပ်မှာတော့ စက်မှုဆိုင်ရာ ပြုပြင်တိုင်းတာရေးစက်ပစ္စည်းများနှင့် လွှင့်စက်ဖမ်းစက်များအကြောင်း စတင်လေ့လာခွင့်ရခဲ့သည်။ ကျွန်တော့် မျက်စိအာရုံထဲသို့ ပြက်ပြက်ထင်ထင် ဝင်ရောက်လာသည်မှာ မြန်မာ့အသံခေတ်ဦးက အသုံးပြုခဲ့သော ရေဒီယိုတိုက်ရိုက်ထုတ်လွှင့်ရေးယာဉ် ဖြစ်သည်။ ယာဉ်အမှတ် ဆ/၉၃၀၆၊ ၁၉၅၄ ခုနှစ်တွင် အမေရိကန်နိုင်ငံ Boyertown မြို့မှ ထုတ်လုပ်ခဲ့၍ ယာဉ်အမျိုးအစားကိုလည်း Boyertown Merchandiser (Chevrolet Step Van) ဟု ခေါ်ဝေါ်ခဲ့သည်။ မြန်မာနိုင်ငံက ၁၉၅၅ ခုနှစ်တွင် စတင်အသုံးပြုခဲ့ပြီး လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့ စသည့်နေ့ထူးနေ့မြတ်များ၊ တိုင်းနှင့် ပြည်နယ် ဘောလုံးပွဲများ၊ နိုင်ငံတကာ ဖိတ်ခေါ်ခြေစမ်းပွဲများ၌ တိုက်ရိုက်(live) ထုတ်လွှင့်ခဲ့သည်။ အစီအစဉ်တင်ဆက်သူများကလည်း ပါရမီရှင်များဟု ဆိုရမလောက် အပြောကောင်းကြသည်။

ကျွန်တော် အလယ်တန်းကျောင်းသားဘဝဖြစ်ပါလိမ့်မည်။ တိုင်းနှင့်ပြည်နယ် ဘောလုံးပွဲများကို အသံလွှင့်ကြေညာရာ၌ ပုသိမ်မြို့ ဘောလုံးကွင်း၏ ပုံသဏ္ဌာန်၊ ပရိသတ်အားပေးမှု အခြေအနေ၊ ရာသီဥတု စသည်တို့ကို ကြားရသူကိုယ်တိုင် ပုသိမ်မြို့သို့ရောက်နေဘိအလား ကွက်ကွက်ကွင်းကွင်း မြင်လာအောင် ပြောနိုင်ခဲ့သည်။ ကရင်ပြည်နယ်က ဂိုးသမား တင်ငွေး ဒဏ်ရာရ၍ ခေါင်းမှာပတ်တီးစီးခဲ့ရပုံ၊ နှစ်ဖက်အသင်းများ ပယ်နယ်တီကန်သွင်းရာတွင် နောက်ဆုံး အနိုင်ဂိုးဖြစ်သော ပယ်နယ်တီကို ဂိုးသမားတင်ငွေးကိုယ်တိုင် သွင်းယူခဲ့ပုံ၊ ရှမ်းပြည်နယ်အသင်း၏ ကစားကွက်နှင့် စိုင်းကက်နက်၊ ရွှေဘော်၊ လွန်းတင်အစရှိသော ကစားသမားများ၊ ရှမ်းဂိုးသမားဘိုကီဒွေး၏ ဖခင်ဖြစ်သူမှာလည်း ယခင်ရှမ်းပြည်နယ်လက်ရွေးစင် ဂိုးသမားပယ်ရီဒွေးဖြစ်ကြောင်း စသည်များကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြသွားနိုင်သည်။ ယခုမျက်စိရှေ့က ကားပြာကြီးကို ကြည့်ရင်း အတိတ်ကာလတစ်ခု ပြန်ပြီးလွမ်းမိသလိုလိုပင်။

တိုက်ရိုက်(Live) ထုတ်လွှင့်ရေးအတွက် ကိုရီးယားသမ္မတနိုင်ငံက လှူဒါန်းထားသော ယာဉ်၊ ဂျပန်နိုင်ငံက လှူဒါန်းထားသော ယာဉ်နှင့် ခေတ်မီ Flyaway ဆက်သွယ်ရေးစနစ်များကိုလည်း တွေ့ရသည်။ စိန်ရတုမှတ်တမ်းဓာတ်ပုံများ၊ အဆောက်အအုံပုံစံငယ်များနှင့် တာဝါတိုင်ပုံစံငယ်များကိုလည်း လေ့လာနိုင်ပါသည်။ မြေညီထပ်မှာ ထင်ရှားကျော်ကြားသော MRTV ကြယ်ပွင့်များဆိုသည့် ပြကွက်၌ အဆိုတော်ကြီးများ၊ တေးရေးဆရာများ၊ အနုပညာရှင်များဖြစ်ကြသော ဒေါ်မေရှင်၊ ဒေါ်ကြည်ကြည်ငွေး၊ ဒေါ်အမာစိန်၊ ဦးမင်းနောင်၊ ဦးမြကြီး၊ ဦးမောင်မောင်ကြီး၊ ဗိုလ်ကလေးတင့်အောင်၊ ဂီတလုလင်မောင်ကိုကို၊ တွံတေးသိန်းတန်၊ ဒေါ်တင်တင်မြ၊ ဒေါ်မာမာအေး၊ ဦးမြတ်လေး၊ ချစ်စံပယ်ထား အစရှိသည့် ဂန္ထဝင်ကြီးများနှင့် သည်ဘက်ခေတ်၌ ထင်ရှားကျော်ကြားသူများ၏ ဓာတ်ပုံများကို ပြသထားသည်။

မြေညီထပ်မှ ပထမထပ်သို့ တက်ရောက်ကြည့်ရှုလေ့လာသောအခါ မိုက်ခရိုဖုန်းအမျိုးမျိုးကို ပြသထားသည့်အပြင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ခွန်းပြောကြားခဲ့စဉ်က တပ်ဆင်ပေးထားသည့် မိုက်ခရိုဖုန်းများကိုလည်း တွေ့ရသည်။ ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ဓာတ်ပြားစက်များ၊ Radiogram၊ ရေဒီယို/ကက်ဆက်များ၊ Reel Tape နှင့် Tape Recorder များ၊ ဓာတ်ပြားများ၊ BBS တံဆိပ်ပါ မြန်မာဆိုင်းဝိုင်းကြီး၊ BBS ခေတ်က အသုံးပြုခဲ့သော ပရိဘောဂများ၊ ရိုက်ကူးရေးသုံး တိုင်းရင်းသားရိုးရာ တူရိယာများ၊ ခေတ်ပေါ် တေးဂီတအဖွဲ့နှင့် သံစုံတီးဝိုင်းအဖွဲ့တို့တွင် ပါဝင်သည့် တူရိယာပစ္စည်းများ၊ မဟာဂီတနှင့် တေးဂီတဆိုင်ရာ စာအုပ်များကို ခင်းကျင်းပြသထားပါသည်။

**ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ**

စိန်ရတုပြတိုက်တွင် သတင်းဖတ်ကြားထုတ်လွှင့်သည့် ယခင်ပုံစံနှင့် ယခုပုံစံ သတင်းခန်းများ၊ Virtual Studio အသုံးပြုရိုက်ကူးမှုများကို လေ့လာကြည့်ရှုနိုင်သကဲ့သို့ ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ကင်မရာများ၊ ရုပ်မြင်သံကြား ပြစက်များ၊ ထုတ်လွှင့်ရေးစက်ခန်းသုံးပစ္စည်းများကိုလည်း တစုတစည်းတည်း ကြည့်ရှုလေ့လာနိုင်ပါသည်။ ဆိုရသော် - မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့မှု သမိုင်းကြောင်းကို လေ့လာသိရှိနိုင်သကဲ့သို့ တန်ဖိုးမဖြတ်နိုင်သည့် အသိပညာဗဟုသုတ၊ အတွေးအမြင်များကိုလည်း ရရှိစေမည်ဖြစ်သည်။ (၇၅) နှစ်မြောက် စိန်ရတုကို လွန်ခဲ့ပြီးနောက် ၇၈ နှစ်အတွင်းဝင်လာခဲ့ပြီဖြစ်သော မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဖြတ်သန်းခဲ့သည့်ကာလအတွင်း ပါဝင်ဆောင်ရွက်ခဲ့မှုများ၊ ထုတ်လွှင့် တပ်ဆင်ခဲ့မှုများ၊ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းကိရိယာများကို တစ်နေရာတည်းမှာ ကြည့်ရှုလေ့လာနိုင်မည် ဖြစ်သည်။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် နိုင်ငံအကျိုး၊ နိုင်ငံသားများ၏ အကျိုးကို စိတ်ကောင်းစေတနာအပြည့် လုံ့လအပြည့်နှင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများအကြား ခိုင်မာသည့် ပေါင်းကူးတံတားတစ်စင်းလည်း ဖြစ်ပေသည်။

**ဘုရားလည်းဖူး၍ တံတားမှလည်းကူးခဲ့သည်**

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာမှ ပင့်ဆောင်ပျိုးထောင်ခဲ့သော ပရိဘောဂစေတီထိုက်တော်မူသည့်၊ နှစ် နှစ်သက်တမ်းရှိ မဟာဗောဓိပင်ကြီးအား ၁၃၈၃ ခုနှစ် ဝါဆိုလပြည့်(ဓမ္မစကြာနေ့) ၂၃-၈-၂၀၂၁ ရက်နေ့ (သောကြာနေ့)တွင် နေပြည်တော်တပ်ကုန်းမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားရှိ ဗောဓိအောင်မြေကုန်းတော်၌ တပ်ကုန်းမြို့နယ် သံဃနာယကဥက္ကဋ္ဌ မဟာဇနကကျောင်းတိုက်ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝဏ္ဏာရဟ ဦးဆောင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်း၊ မိသားစုများက မင်္ဂလာအခမ်းအနားဖြင့် စိုက်ပျိုးပူဇော်ခဲ့ကြပါသည်။

မဟာဗောဓိပင်ကြီးနှင့်အတူ ဗုဒ္ဓရုပ်ပွားတော် ရှစ်ဆူ၊ ပလ္လင်တော်နှင့် ရင်ပြင်တော်တို့ကို အလှူရှင်များမှ စုပေါင်းလှူဒါန်းပြီး ၁၃၈၃ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ၂၀-၁၀-၂၀၂၁ (ဗုဒ္ဓဟူးနေ့)တွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး ဒေါ်ခင်ဆွေဝင်းတို့ ဦးဆောင်၍ ရေစက်ချလှူဒါန်းပွဲအား စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြပါသည်။ ဤကား ကျွန်တော် ဖူးမြော်ခဲ့ရသော ဗောဓိအောင်မြေ ကုန်းတော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော် ရှစ်ဆူနှင့် မဟာဗောဓိပင်ပူဇော်ခြင်း ကမ္ပည်းမှတ်တမ်းပါပေတည်း။ ကြည်နူးဝမ်းမြောက်စွာ ဖူးမြော်ကန်တော့ရင်း သာဓုအကြိမ်ကြိမ် ခေါ်ဆိုခဲ့ရပါပေသည်။

ဘုရားဖူးပြီးသည်နှင့် ခေါင်လန်ဖူးခရီးအတူသွားဝန်ထမ်းများ၊ ကျွန်တော့် သမီးငယ်တို့နှင့်အတူ ကုန်းငယ်နှစ်ခုကို ဆက်သွယ်ဖောက်လုပ်ထားသည့် သစ်သားကြမ်းခင်း ကြိုးတံတားပေါ်မှာ လျှောက်ကြရင်း စိမ်းလန်းစိုပြည်သာယာနေသော ပတ်ဝန်းကျင်၏အလှကို ကြည့်ရှုခံစားမိပါသည်။ ဘဝအမောများ ပြေပျောက်စေသော နေရာလေးတစ်ခု၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို လေ့လာရင်း အပန်းဖြေနားနေနိုင်သော နေရာလေးတစ်ခုဟု ဝိဂြိုဟ်ပြုညွှန်းဆိုရလျှင် မမှားတန်ရာ။

**ကျွန်တော်ချစ်သော MRTV**

MRTV ဟုဆိုလိုက်သည်နှင့် ကမာရွတ်မြို့နယ် ပြည်လမ်းပေါ်က MRTV မှသည် တပ်ကုန်းမြို့ရှိ MRTV အထိ သံယောဇဉ်အမျှင်တန်းခဲ့မိသည်။ ပြောစရာတွေ တစ်ပုံကြီးကျန်နေပါသေးသည်။ ရှမ်းပြည်နယ်သို့ပဲသွားသွား၊ မန္တလေးတိုင်းဒေသကြီးကပဲ ပြန်ပြန် အဝေးကနေလှမ်းမြင်နေရသော MRTV တာဝါတိုင်ကြီးကိုကြည့်ရင်း သတိရတမ်းတလွမ်းဆွတ်မိခြင်း ရသများကို အမြဲခံစားရသည်။ ပို၍ပို၍လည်း အောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်း လိုက်ရပါသည်။ ကျွန်တော်ချစ်သော MRTV။ ။

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ တည်းခိုနေထိုင်သည့်နေရာများ လိုက်လံကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၀

**အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဦးဇင်မင်းထက်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ ဆေးပေးခန်းနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ တည်းခိုနေထိုင်သည့်နေရာများအား ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆေးပေးခန်းတွင် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ ကျန်းမာရေးစောင့်ရှောက်မှုမှတ်တမ်း ပြုလုပ်ထားရှိမှု၊ X Scan စက်နှင့် ကုသရေးအထောက်အကူပြုစက်ပစ္စည်းထားရှိမှု၊ ဆေးဝါးသိုလှောင်ထားရှိမှု၊ အားကစားသမားများကို နေ့စဉ်အားဆေးတိုက်ကျွေးမှု၊ အားကစားသမားများ လေ့ကျင့်ရာတွင် မတော်တဆ ထိခိုက်ဒဏ်ရာရရှိလာပါက အရေးပေါ်ကုသမှုများ ပြုလုပ်ပေးနိုင်ရန်အတွက် ကုသရေးအထောက်အကူပြုပစ္စည်းများနှင့် ဆရာဝန်လုံလောက်မှု ရှိ/မရှိ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြိုင်ပွဲကာလ နီးကပ်လာပြီဖြစ်၍ အားကစားသမားများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုဂရုစိုက်ဆောင်ရွက်ပေးသွားရန်၊ အာဟာရပြည့်ဝမည့် အစားအသောက်သုံးစွဲမှု လမ်းညွှန်ချက်ကို အားကစားအဖွဲ့ချုပ်များထံ အချိန်မီဖြန့်ဝေပေးသွားရန်၊ အားကစားသမားများ အသုံးများသည့် ဆေးဝါးများလုံလောက်အောင် ဖြည့်တင်းဝယ်ယူသွားရန်နှင့် အခက်အခဲတစ်စုံတစ်ရာရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြသွားရန် တာဝန်ရှိသူများကို မှာကြားသည်။



ယင်းနောက် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ အိပ်ဆောင်များအား ကြည့်ရှုစစ်ဆေးပြီး ရေ/မီး အဆင်ပြေစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရောဝတီတံတား(မလွန်) ရေလမ်းကြောင်း ပြောင်းလဲမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ရောဝတီတံတား(မလွန်)ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ် (၃)နှင့် (၄) အကြားမှလည်းကောင်း၊ အဆန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ် (၂) နှင့် (၃) အကြားမှလည်းကောင်း သတ်မှတ်ပေးထားပြီး ယခုအခါ မြစ်ကြမ်းပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သောကြောင့် တံတားရေလမ်းကြောင်းကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်မှစ၍ အစုန်၊ အဆန် ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄) နှင့် (၅)အကြားမှ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ (၉၈) မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် (၁၇)မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပြီး မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားမည်ဖြစ်သည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင် အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် (၁၅) ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်(၂) ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“NUG ကလည်း တော်လီမ်ရေးရန်ပုံငွေ အဝေမတည့်၊ PDFကလည်း ဓားပြတိုက်လို့ရတဲ့ငွေ အဝေမတည့်နဲ့ အချင်းချင်းချောက်ချနေတဲ့ နိုင်ငံရေးဗန်းပြများ”** ခေါင်းစဉ်ဖြင့် ၁၂-၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“မရိုးနိုင်သော ကောလာဟလများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## လင်းခေးမြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းဖွင့်

**လင်းခေး ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်အဆင့် ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်း(၁/၂၀၂၅)ကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲလင်းထွေးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းသူ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)ဗိုလ်မှူးဟိန်းဝင်းဇော်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးတို့က သင်တန်းသားများထံ ရှာဖွေကယ်ဆယ်ရေးဝတ်စုံများပေးအပ်သည်။ **စိုင်းဇော်လတ်(လင်းခေး)**



## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈) ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများ၌ ၂၀၂၄-၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ်၊ အဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ဖေဖော်ဝါရီ ၁၇ ရက်မှ မတ် ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း- ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှာင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချိတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**



# ပါလက်စတိုင်းများကို ဖယ်ရှားပိုင်ခွင့်ဩဇာ မည်သူ့မှာမျှမရှိဟု တူကီယဲသမ္မတ အာဒိုဂန်ပြော

**အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၁၀**
ပါလက်စတိုင်းများကို ၎င်းတို့၏ မွေးရပ်မြေမှ ဖယ်ရှားပိုင်ခွင့်ဩဇာ မည်သူ့မှာမျှမရှိကြောင်း တူကီယဲသမ္မတ ရီဆက်တေရစ် အာဒိုဂန်က ဖေဖော်ဝါရီ ၉ ရက်တွင် ပြောကြားလိုက်သည်။

ဂါဇာဒေသခံများကို ၎င်းတို့၏ မူလဇာတိမြေကနေ နှင်ထုတ်ပိုင်ခွင့်ဩဇာ မည်သူ့မှာမျှမရှိကြောင်း၊ ဂါဇာကမ်းမြောင်၊ အနောက်ဘက်ကမ်းနှင့် အရှေ့ဂျေရုဆလင်ဒေသအားလုံးမှာ ပါလက်စတိုင်းလူမျိုးများ ပိုင်ဆိုင်သော ဒေသများဖြစ်ကြောင်း သုံးနိုင်ငံအာရှခရီးစဉ်မထွက်ခွာမီ အတာတက်ခ်လေဆိပ်၌ အာဒိုဂန်က ပြောသည်။

အစ္စရေးနှင့် ဟားမားစ်တို့အကြား ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်ရရှိနေသော်လည်း အစ္စရေးအစိုးရတွင် ပိုမိုဆိုးရွားပြီး လူသားမဆန်သည့် အစီအစဉ်များရှိနေသည်ကို တွေ့မြင်ရသည်ဟု ၎င်းက ဆက်ပြောသည်။

ဖေဖော်ဝါရီ ၄ ရက်က အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ဝါရှင်တန်တွင်ပြုလုပ်သည့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပါလက်စတိုင်းများကို အိမ်နီးချင်းနိုင်ငံများသို့ ပြောင်းရွှေ့ကာ ဂါဇာကမ်းမြောင်ကိုထိန်းချုပ်ရန် အစီအစဉ်ရှိကြောင်း ပြောကြားထားသည်။

**ဆင်ဟွာ**

# ဂါဇာကို ဝယ်ယူပိုင်ဆိုင်ရန် ကတိပြုထားဟု အမေရိကန်သမ္မတပြောကြား

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၀**
အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဂါဇာကို ဝယ်ယူပိုင်ဆိုင်ရန် ကတိပြုထားကြောင်း ဖေဖော်ဝါရီ ၉ ရက်က အခိုင်အမာပြောကြားလိုက်သည်။ ထို့အပြင် တခြားနိုင်ငံများကိုလည်း စစ်ပွဲကြောင့် ထောင်းထောင်းကြေ ဖြစ်နေသော ဂါဇာကမ်းမြောင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် အရှေ့အလယ်ပိုင်းသို့ ဝင်ရောက်ခွင့်ပြုခဲ့သည်။

**ဂါဇာကမ်းမြောင်ဒေသကို ပိုင်ဆိုင်ရန် ကတိပြု**

မိမိတို့၏ ဦးဆောင်မှုဖြင့် အရှေ့အလယ်ပိုင်းရှိ တခြားသူများလည်း ဂါဇာကမ်းမြောင်ဒေသ ပြန်လည်ထူထောင်ရေးကို လုပ်ဆောင်နိုင်ကြောင်း၊ မိမိအနေဖြင့် ဂါဇာကမ်းမြောင်ဒေသကို ဝယ်ယူပိုင်ဆိုင်ရန် ကတိပြုထားကြောင်း၊ ထရမ့်က နယူးအော်လန်းနှင့် လူဝီစီယားနားသို့ အသွားအဲယားဖို့စ်ဝမ်းလေယာဉ်ပေါ်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

လွန်ခဲ့သောသီတင်းပတ်တွင် အလည်အပတ် ရောက်ရှိနေသော အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့်အတူ ထရမ့်က အိမ်ဖြူတော်၌ ဂါဇာကမ်းမြောင်ဒေသကို ရေရှည်ပိုင်ဆိုင်လိုကြောင်း ပြောကြားခဲ့သည်။

**ဝေဖန်မှုအမြောက်အမြားရရှိ**

၎င်း၏ အဆိုပြုချက်သည် ဝေဖန်မှုအမြောက်အမြား ရရှိထားသည်။ ထို့အတူ အာရပ်နိုင်ငံအများစုနှင့် ဥရောပရှိ အမေရိကန်မဟာမိတ်များက ၎င်း၏ အဆိုပြုချက်ကို ဆန့်ကျင်လျက်ရှိသည်။

**ဆင်ဟွာ**





# အင်ဒိုနီးရှား၌ နိုင်ငံတစ်ဝန်း အခမဲ့ကျန်းမာရေးစစ်ဆေးမှု စတင်

**ဂျကာတာ ဖေဖော်ဝါရီ ၁၀**
အင်ဒိုနီးရှားနိုင်ငံသည် ပြည်သူများ၏ ကျန်းမာရေးအရည်အသွေးကို မြှင့်တင်ရန်နှင့် ကာကွယ်နိုင်သောရောဂါများကို လျှော့ချရန် အမျိုးသားလှုပ်ရှားဆောင်ရွက်မှုအဖြစ် အခမဲ့ကျန်းမာရေးစစ်ဆေးမှု (စီကေဂျီ) အစီအစဉ်တစ်ရပ်ကို ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်လိုက်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်မှာ အင်ဒိုနီးရှားနိုင်ငံတွင် အဖြစ်များသောရောဂါများကို ကြိုတင်ကာကွယ်သည့်အနေဖြင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ယခုကျန်းမာရေးအခမဲ့စစ်ဆေးခြင်းက မွေးကင်းစမှ သက်ကြီးရွယ်အိုအထိ လူ့အဖွဲ့အစည်းအားလုံးကို လွှမ်းခြုံနိုင်မည်ဟု မျှော်လင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန အခြေခံနှင့် လူမှုဗဟိုပြုကျန်းမာရေးဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် မာရီယာအန်းဒန်းဂ်ဆူမီဝီက ပြောသည်။

စီကေဂျီအစီအစဉ်က ဟော်မုန်းဓာတ်ချို့တဲ့မှုစစ်ဆေးခြင်း၊ မွေးရာပါနှလုံးရောဂါကို ဆောလျင်စွာ ရှာဖွေသိရှိနိုင်ခြင်း၊ အစာအာဟာရ၊ နား၊ မျက်စိနှင့် သွေးပေါင်ချိန်စစ်ဆေးခြင်းအထိ အမျိုးမျိုးသော ကျန်းမာရေးစစ်ဆေးမှုကို လုပ်ဆောင်သွားမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲပိုင်းအထိ အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ လူပေါင်း ၁၇၀၀၀ ခန့်မှာ အခမဲ့ကျန်းမာရေးစစ်ဆေးမှုအစီအစဉ်တွင် ပူးပေါင်းပါဝင်ခဲ့ကြကြောင်း ကျန်းမာရေးဝန်ကြီး ဘူဒီဂူနာဒီ ဆာဒီကင်က ပြောသည်။

အဆိုပါ အစီအစဉ်၏ ရည်ရွယ်ချက်မှာ ဖျားနာသူများကို ကုသခြင်းမဟုတ်ဘဲ ဆောလျင်စွာ ရောဂါရှာဖွေခြင်းဖြင့် ဒေသခံများ၏ ကျန်းမာရေးကို မြှင့်တင်ရန်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ ဘန်ဂလောမြို့၌ အိန္ဒိယလေကြောင်းပြပွဲ ကျင်းပ

**နယူးဒေလီ ဖေဖော်ဝါရီ ၁၀**
အိန္ဒိယလေကြောင်းပြပွဲ အေရိုအင်ဒီးယား (၂၀၂၅) ကို အိန္ဒိယနိုင်ငံတောင်ပိုင်း ဘန်ဂလောမြို့၌ ဖေဖော်ဝါရီ ၁၀ ရက်က စတင်ကျင်းပလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

**လေတပ်စခန်း၌ကျင်းပ**

အဆိုပါ လေကြောင်းပြပွဲကို ကာနက်တာကာပြည်နယ်၏ မြို့တော် ဘန်ဂလောရှိ ရေလာဟန်ကာ လေတပ်စခန်း၌ ကျင်းပသည်။

**ကာကွယ်ရေးဝန်ကြီး တက်ရောက်**

အပြည်ပြည်ဆိုင်ရာ အာကာသနှင့် ကာကွယ်ရေးပစ္စည်းများဆိုင်ရာ ပြပွဲဖြစ်သည့် (၁၅) ကြိမ်မြောက် အိန္ဒိယလေကြောင်းပြပွဲကို အိန္ဒိယနိုင်ငံ ကာကွယ်ရေးဝန်ကြီး ရာ့ဂျ်နက်သ်ဆင်း တက်ရောက်ဖွင့်လှစ်ခဲ့သည်။

**ပြခန်းပေါင်း ၉၀၀ ကျော် ပြသ**

ကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ငါးရက်တာ ကျင်းပမည့် အဆိုပါ အခမ်းအနားတွင် အစိုးရကိုယ်စားလှယ်များ၊ စက်မှုလုပ်ငန်းခေါင်းဆောင်များ၊ လေတပ်အရာရှိများ၊ သိပ္ပံပညာရှင်များ၊ ကာကွယ်ရေးကဏ္ဍမှ ကျွမ်းကျင်သူများ၊ ပညာရှင်များနှင့် ကမ္ဘာတစ်ဝန်းမှ အခြားသော သက်ဆိုင်သူများ ပါဝင်တက်ရောက်ကြမည်ဖြစ်ပြီး ယင်းပြပွဲတွင် နိုင်ငံတကာကုမ္ပဏီ ၁၅၀ အပါအဝင် ပြခန်းပေါင်း ၉၀၀ ကျော် ပါဝင်ပြသထားသည်။

**ဆင်ဟွာ**



# အာဖဂန်နစ္စတန်၌ ဝါဂွမ်းတန်ချိန် ၁၅၉၀၀၀ ထွက်ရှိ

**ကဘူးလ် ဖေဖော်ဝါရီ ၁၀**
၂၀၂၄ ခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံမှ ဝါဂွမ်းအထွက်နှုန်း တန်ချိန် ၁၅၉၀၀၀ ရှိခဲ့ပြီး ယခင်နှစ်ကထက် အထွက်နှုန်း ၃၀ ရာခိုင်နှုန်း တိုးတက်လာကြောင်း အမျိုးသား စာရင်းအင်းနှင့် သတင်းအချက်အလက် အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၁၀ ရက်တွင် ပြောကြားသည်။

နိုင်ငံအတွင်း စုစုပေါင်း ဝါဂွမ်းတန်ချိန် ၁၅၉၀၀၀ ကို ရိတ်သိမ်းထားပြီး အနောက်ပိုင်း ဟယ်လ်မန်ပြည်နယ်မှ တန် ၈၀ နှင့် မြောက်ပိုင်း ဘာ့ခ်ပြည်နယ်တွင် ၃၄ တန် ထွက်ရှိကြောင်း အမျိုးသားစာရင်းအင်းနှင့် သတင်းအချက်အလက် အာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဟာလင်ရာဇီက ဆိုသည်။



အာဖဂန်နစ္စတန်တွင် လွန်ခဲ့သည့်နှစ်က ဝါစိုက်ပျိုးမြေဟက်တာ ၁၀၅၀၀၀ ရှိပြီး ဟယ်လ်မန်၊ ဘာ့ခ်၊ တာခါ၊ ကန်ဒါဟာ၊ ဂျော့ဇ်ဂျန်နှင့် နန်ဂါဟာပြည်နယ်တို့သည် ဝါဂွမ်းထုတ်လုပ်မှုအများဆုံး ပြည်နယ်များထဲတွင် ပါဝင်ကြောင်း၊ ဝါဂွမ်းကို အာဖဂန်ရှိ ပြည်နယ် ၃၄ ခုအနက် ပြည်နယ် ၁၅ ခုတွင် စိုက်ပျိုးကြကြောင်း ရာဇီက ပြောကြားသည်။

**ဆင်ဟွာ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Daw Moe Moe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာနေ မိုးမိုး(၆၀)နှစ်အား နံနက် ၁၁ နာရီ ၅ မိနစ်တွင် ကဒုံကနိ နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာရှိ နေအိမ်များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာရှိ နေအိမ်များအား ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်လုံခြုံရေးတာဝန်ရှိသူတစ်ဦးနှင့် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ အနန်းကွင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်းနှင့် အကြမ်းဖက်သမားများကသာ ကျေးရွာများအတွင်း ဝင်ရောက်၍ အတင်းအဓမ္မ လူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းများ လုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများအား ရှော့တိုက်ဒုံးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်လေ့ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများသည် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ကျေးရွာအချို့ကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို အဓမ္မယူဆောင်နေသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




❂ *ကျော့ဖုံးမှ*

မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် FM များဖြစ်ကြသော ပတ္တမြား ၊ ချယ်ရီ ၊ ပဉ္စဝတီ ၊ မန္တလေး ၊ ရွှေ၊ ပုဂံ တို့အပြင် မိတ်ဖက် FM ဖြစ်သည့် Star နှင့် သဇင် FM တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App: Radio App: နှင့် Online Media တို့မှလည်းကောင်း တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့အပြင် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဖျော်ဖြေပွဲကို ယင်းနေ့ ညနေ ၆ နာရီမှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြား တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း MRTV NRC နှင့် MRTV Parliament Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ပြီး MRTV HD မှ ည ၈ နာရီ သတင်းများအပြီးတွင် ပြန်လည်ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

## MNL ပြိုင်ပွဲတွင် မဟာယူနိုက်တက် နိုင်ပွဲရယူပြီး ထိပ်ဆုံးသုံးသင်းစာရင်းဝင်ရန် ကြိုးပမ်းနေသည့် ဒဂုံစတားအသင်း အခွင့်အရေးမယူနိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

၂၀၂၄ – ၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၉) စတုတ္ထနေ့ကို ဖေဖော်ဝါရီ ၁၀ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ မဟာယူနိုက်တက် အသင်းက ဒဂုံစတားယူနိုက်တက်အသင်းကို တစ်ဂိုး – ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ထိပ်ဆုံး သုံးသင်းစာရင်းဝင်ရန် ကြိုးပမ်းနေသည့် ဒဂုံစတားအသင်းသည် ဒုတိယနေရာမှ ရန်ကုန်ယူနိုက်တက်၊ တတိယနေရာမှ ဟံသာဝတီယူနိုက်တက်အသင်းတို့၏ နိုင်ပွဲပျောက်ဆုံးမှုကို အခွင့်အရေးမယူနိုင်ဘဲ ရှုံးပွဲကြုံတွေ့ခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင်ရရှိသည့် ပယ်နယ်တီဂိုးဖြင့် နိုင်ပွဲရယူပြီး ထိပ်ဆုံးငါးသင်းစာရင်းဝင်ရန် အခြေအနေကောင်းသွားသည်။

ဒဂုံစတားယူနိုက်တက်အသင်းသည် သိန်းသန်းဝင်း၊ ဇော်ရဲထွန်း၊ ငြိမ်းချမ်း၊ ဇင်ညီညီအောင်(ဂိုး)၊ စွမ်းထက်၊ အောင်ကျော်နိုင်တို့ဖြင့် ပွဲထွက်ခဲ့ပြီး မဟာယူနိုက်တက်အသင်းမှာလည်း တိုးဆက်နိုင်၊ ကျော်စွာမင်း၊ အာကာကျော်၊ အောင်လှိုင်ဝင်း၊ ကောင်းမြတ်သူ၊ ပက်ထရစ်တို့ဖြင့် လူစုံခဲ့သည်။ နှစ်သင်းစလုံး နိုင်ပွဲရရှိရေး လိုအပ်နေသဖြင့် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး အပြန်အလှန်တိုက်စစ်ဆင် ကစားနိုင်ခဲ့သည်။ မဟာယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးကို ၆၈ မိနစ်တွင် အာကာကျော်က ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ယခုပွဲအတွက်အကောင်းဆုံးဆုကို အနိုင်ဂိုးသွင်းယူခဲ့သည့် အာကာကျော်က ရရှိသည်။ ယခုပွဲအပြီးတွင် ဒဂုံစတားယူနိုက်တက်အသင်းက ၁၉ ပွဲကစား ၃၇ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၉ ပွဲကစား ၂၉ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၉) ၏ ယခင်ပွဲများတွင် မြဝတီအသင်းက Dagon Port အသင်းကို လေးဂိုး – တစ်ဂိုး၊ ဧရာဝတီယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို နှစ်ဂိုး – ဂိုးမရှိ၊ ရခိုင်ယူနိုက်တက်အသင်းက သစ္စာအားမာန်အသင်းကို သုံးဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ရန်ကုန်ယူနိုက်တက်နှင့် ရတနာပုံအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ပွဲစဉ် (၁၉) နောက်ဆုံးနေ့ကို ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး အား/ကာသိပ္ပံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

❑ *ကျော့ဖုံးမှ*

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် တရုတ်နိုင်ငံသား အမျိုးသား ၂၁ ဦးအား ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် လိုအပ်သည့်စစ်ဆေးမှုအား ဆောင်ရွက်လျက်ရှိပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

၎င်းနယ်မြေအတွင်း ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများ ဆောင်ရွက်နေသူများကို လုံခြုံရေးဆောင်ရွက်ပေးနေသူ ငါးဦး၊ တရုတ်နိုင်ငံသား အမျိုးသား ၄၈ ဦး၊ အမျိုးသမီးနှစ်ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသမီး ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ငါးဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၁၀၂ ဦးတို့အား တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ အလုံး ၂၆၀ ၊ Laptop ၂၅ လုံး၊ Destop ၂၁ လုံး၊ Keyboard ၂၈ လုံး၊ Wifi စက်နှစ်လုံး၊ Starlink ခုနစ်လုံး၊ လက်နက်မျိုးစုံ ခုနစ်လက်၊ ကွန်ပျူတာ ၇၂ လုံး၊ ငါးဂီမ်းစက် ငါးလုံး၊ မော်တော်ယာဉ်မျိုးစုံ သုံးစီး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များတွင် ဖမ်းဆီးရမိသူများအား စိစစ်ဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်ခြင်းနှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ဆောင်နေသူများနှင့် အခြားဒုစရိုက်လုပ်ငန်းများတွင် ပါဝင်ပတ်သက်သူများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တင်းတင်းကျပ်ကျပ် စုံစမ်းဖော်ထုတ်လျက်ရှိပြီး ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ဆောင်နေသူများအား ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် နေရာပြပုံ**




○ *ကျော့ဖုံးမှ*

ပလိုင်းမောက်အသင်း အိမ်ကွင်း၌ လက်ခံ ယှဉ်ပြိုင်ကစားခဲ့သည်။ ပလိုင်းမောက် အသင်းသည် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ပွဲ ၃၀ ကစားပြီး ရမှတ် ၂၅ မှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံး ရပ်တည်နေသည့် အသင်းဖြစ်သည်။ ပြိုင်ဘက် လီဗာပူးအသင်းက ပရီမီယာလိဂ်တွင် ၂၃ ပွဲကစားပြီး ရမှတ် ၅၆ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်သည့် အသင်းဖြစ်သည်။

လီဗာပူးအသင်းသည် ပြီးခဲ့သည့် ပွဲစဉ်မှ ကစားသမားစာရင်းကို ၁၀ ဦးအပြောင်းအလဲပြုလုပ်ပြီး ဒီယက်ဇ်၊ ဂျိုတာ၊ ချီယေဆာတို့ ဦးဆောင်ကာ ပလိုင်းမောက်အသင်းကို ရင်ဆိုင်လာခဲ့သည်။ ပြိုင်ဘက် ပလိုင်းမောက်အသင်းက ပြီးခဲ့သည့်ပွဲစဉ်မှ ကစားသမားစာရင်းကို နှစ်ဦးအပြောင်းအလဲ ပြုလုပ်ကာ လီဗာပူးအသင်းကို ရင်ဆိုင်လာခဲ့သည်။

လီဗာပူးအသင်းသည် ပလိုင်းမောက်အသင်းကို ခြေစွမ်းအသာဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်ခြင်း မရှိသည့်အတွက် ရှုံးပွဲကြုံတွေ့ကာ အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။ ပလိုင်းမောက်အသင်းသည် အက်ဖ်အေဖလား ပဉ္စမအဆင့်ကို ထိုက်ထိုက်တန်တန် တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်ပြီး ယခုပွဲစဉ်တွင် နာမည်ကြီး လီဗာပူးအသင်းထက် ပိုမိုကောင်းမွန်သည့် တိုက်စစ်အစုအဖွဲ့ကို ပြသနိုင်ခဲ့သည်။ အက်ဖ်အေဖလားပြိုင်ပွဲ စတုတ္ထအဆင့်မှ ဖေဖော်ဝါရီ ၁၀ ရက် နံနက်အစောပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အက်စ်တွန်ဗီလာနှင့် စပါးအသင်းပွဲစဉ်တွင် အက်စ်တွန်ဗီလာအသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး – တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## မအူပင်ခရိုင်အတွင်း ပြည်ပပို့ကုန်ဖြစ်သည့် ငရုတ်သီး ၆၆၆၁ ဧက စိုက်ပျိုးထားရှိ



ရေဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် တလုပ်လပ်ကျေးရွာ၌ လယ်ယာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ပြည်ပပို့ကုန်သီးနှံ တစ်မျိုးဖြစ်သော ငရုတ်သီးကို စိုက်ပျိုးလျက်ရှိကြောင်း၊ မအူပင်ခရိုင်အတွင်း ငရုတ်သီးစိုက်ပျိုးမှု အနေဖြင့် စိုက် ဧကပေါင်း ၆၆၆၁ ဧကရှိကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ငရုတ်သီးကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးပြီး ဖေဖော်ဝါရီလနှင့် မတ်လများတွင် ထွက်ရှိကြောင်း၊ မျိုးအနေဖြင့် မနီကမ်းတံဆိပ် ငရုတ် အမှည့်စိမ်းမျိုးများကို တစ်ကေလျှင် မျိုးထုပ် ၂၂ ထုပ်ခန့် စိုက်ပျိုးရကြောင်း၊ မျိုးစေ့များကို ပျိုးထောင်ပြီး ၁၀ ရက်သားအရွယ်တွင် မြေချ၍ အတန်းလိုက် စနစ်တကျ စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် ငွေကျပ် ၃၀ သိန်းခန့် ကုန်ကျပြီး ငရုတ်သီး ပိဿာချိန် ၃၂၀၀-၃၅၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် တောင်သူများက မအူပင်မြို့နယ် ချောင်းကြီးကျေးရွာနှင့် ရေလဲကျေးရွာရှိ ငရုတ်သီးဒိုင်သို့ တင်ပို့ရောင်းချကြပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချ၍ ရန်ကုန်မှ တစ်ဆင့် ပြည်ပသို့တင်ပို့ကြောင်း၊ ငရုတ်သီးစိုက်တောင်သူများသည် ပြည်ပဈေးကွက်ဝင် ငရုတ်အမှည့် စိမ်းမျိုးများကို စိုက်ပျိုးခြင်းဖြင့် ငရုတ်သီးဈေးနှုန်း ကောင်းမွန်သောကြောင့် အကျိုးအမြတ်များ ပိုမိုရရှိကြောင်း သိရသည်။

**DOCA (ဧရာဝတီ)**

## ကျောက်ဆည်မြို့နယ်၌ ခရမ်းသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ခရမ်းသီးကို တစ်နိုင်တစ်ပိုင်စိုက်ပျိုးရာမှ စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

ခရမ်းသီးသည် ရာသီမရွေးစိုက်ပျိုးနိုင်၍ စိုက်ပျိုးပြီး သုံးလခန့်အချိန်တွင် ခရမ်းသီးများကို စတင် ခူးဆွတ်ရောင်းချရကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့ကို ပျိုးထောင်ပြီး ပျိုးပင်တစ်လခွဲသားအရွယ်တွင် ဘောင်ခတ်၍ အတန်းလိုက် စိုက်ပျိုးရကြောင်း၊ တစ်ကေလျှင် ငွေကျပ် ၈၀၀၀၀၀-၈၅၀,၀၀၀ ခန့် ကုန်ကျကြောင်း၊ ခရမ်းသီးများကို တစ်ပတ်ခြားတစ်ကြိမ် ခူးဆွတ်လျက်ရှိရာ ခရမ်းသီးကုန်ချိန်အထိ ၁၂ ပတ်ခန့် ခူးဆွတ်ရပြီး တစ်ကေလျှင် ပိဿာချိန် ၂၀၀၀-၂၂၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကုန်စိမ်းပွဲစားများမှ စိုက်ခင်းအထိ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် မန္တလေး၊ နေပြည်တော်နှင့် ရန်ကုန်မြို့များသို့ တင်ပို့ရောင်းချကြောင်း၊ ခရမ်းသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိသည့်အတွက် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း ခရမ်းသီးစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**DOCA (မန္တလေး)**



## မြစ်သားမြို့နယ်၌ ကျောက်ဖရုံသီးစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်အတွင်းရှိ ရွာခိုင်ကြီးကျေးရွာ၊ မသဲကျေးရွာ၊ စမြောင်ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကျောက်ဖရုံသီးကိုလည်း ရာသီမရွေး တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း သိရသည်။

ကျောက်ဖရုံသီးကိုဘောင်ခတ်၍မြေအောက်ရေတင်စနစ်ဖြင့် အတန်းလိုက်စိုက်ပျိုးကြကြောင်း၊ မျှားနီ(ထိုင်ဝမ်)မျိုးနှင့် ဗမာမျိုးများရှိပြီး မျှားနီ(ထိုင်ဝမ်)မျိုးကိုသာ အများဆုံး စိုက်ပျိုးကြကြောင်း၊ ကျောက်ဖရုံသီးကို သီးသန့်စိုက်ပျိုးမှုနှင့် သီးညှပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး တစ်ကေလျှင် မျိုးစေ့ ၄-၅ ထုပ်ခန့် စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၅၀၀၀၀၀-၅၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ကေလျှင် ကျောက်ဖရုံသီး အလုံးအရေအတွက် ၁၅၀၀ - ၁၆၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဖရုံသီးများကို ပွဲစားများမှ စိုက်ခင်းအထိ လာရောက်ဝယ်ယူကြပြီး ပွဲစားများမှတစ်ဆင့် ရန်ကုန်မြို့နှင့် မိတ္ထီလာမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ကျောက်ဖရုံသီးစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **DOCA (မန္တလေး)**

## တလုပ်လပ်ကျေးရွာ၌ စံပယ်ပင်စိုက်ပျိုးခြင်းဖြင့် အပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိ

ရေဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် တလုပ်လပ်ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ကြယ်တာရာပန်း၊ မေမြို့ပန်း၊ ဂန္ဓမာပန်း၊ စူပါကျောက်စိမ်း စသည့်ပန်းများအပြင် နှစ်ရှည်ပင်ဖြစ်သော စံပယ်ပင်များကိုလည်း အများအပြား စိုက်ပျိုးကြကြောင်း၊ စံပယ်ပင်ကို မိသားစုအပိုဝင်ငွေ ရရှိရန်အတွက်လည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြကြောင်း သိရသည်။

စံပယ်ပင်ကို မိုးတွင်းကာလများတွင် စိုက်ပျိုးပြီး ငါးလခန့်အကြာတွင် စံပယ်ပန်းများ ခူးဆွတ်ရရှိကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် စံပယ်ပင်အကိုင်းများကို ခုတ်ယူပြီး ဘောင်ခတ်၍ အတန်းလိုက်စိုက်ပျိုးရကြောင်း၊ စံပယ်ပန်းများသည် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံးထွက်ရှိပြီး ဆောင်းရာသီတွင် အထွက်နှုန်းနည်းပါး၍ နွေရာသီနှင့် မိုးရာသီများတွင် အထွက်နှုန်းများပြားကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၄၅၀၀၀၀ ခန့် ကုန်ကျပြီး တစ်ကေအတွက် တစ်လလျှင် စံပယ်ပန်းပိဿာချိန် ၁၅၀-၂၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပန်းပွဲစားများမှ စိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ စံပယ်ပင်သည် နှစ်ရှည်ပင်ဖြစ်ပြီး လစဉ်ဝင်ငွေရရှိသောကြောင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**DOCA (ဧရာဝတီ)**

### ၁၀-၂-၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၈၅၀၀ | ၂၅၀၀၀ | ၁၁၁၆၅ | ၂၄၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၂၃၀၀၀ | ၁၁၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၂၆၀၀၀ | ၅၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၆၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၃၀၀ | ၂၂၀၀၀ | - | ၂၀၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၁၂၅၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၈၀၄၅ | ၁၇၅၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၁၁၀၀၀ | ၇၈၀၀ | ၅၅၀၀ | ၅၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၄ | လှိုင်ကော် | ၄၀၀၀ | | ၇၀၀၀ | ၁၈၀၀၀ | ၈၂၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | | | ၄၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၇၃၀၀ | ၄၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၁၈၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၉၅၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၁၀၀ | ၁၈၀၀၀ | ၇၉၄၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၇၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၁၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၆၃၀၀ | ၂၀၀၀၀ | ၈၄၀၀ | ၁၇၀၀၀ | ၃၅၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၇၅၀၀ | ၃၂၀၀၀ | ၂၁၀၀၀ | ၂၉၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၂၀၀၀၀ | ၈၅၅၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၉၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၁၂၅၀၀ | ၇၀၀၀ | ၅၇၀၀ | ၁၈၅၀၀ | ၃၃၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၅၀၀ | ၁၅၀၀၀ | ၄၆၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၂၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၃၁၀၀၀ | ၁၀၀၀၀ |
| ၁၀ | ပုသိမ် | ၃၂၀၀ | | ၄၉၅၀ | ၂၁၅၀၀ | ၇၉၀၀ | ၁၂၀၀၀ | ၃၁၀၀ | ၁၉၀၀၀ | ၁၆၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၃၅၀ | | ၅၅၀၀ | ၁၆၀၀၀ | ၈၂၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၃၆၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၈၂၂၀ | ၁၈၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၆၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၃၄၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၈၃၀၀ | ၁၅၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၁၂၀၀၀ |
| ၁၅ | မကွေး | ၄၁၀၀ | | ၆၄၀၀ | ၁၆၀၀၀ | ၈၀၉၀ | ၁၃၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၉၀၀ | ၁၃၀၀၀ | ၃၈၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၄၅၀ | | ၇၂၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၉၀၀ | ၁၂၅၀၀ | ၄၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၆၅၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၇၉၅ | ၁၆၂၀၀ | ၃၅၀၀ | ၁၆၄၀၀ | ၂၀၀၀၀ | ၉၂၀၀ | ၄၂၀၀ | ၇၀၀ | ၈၅၀၀ | ၇၂၀၀ | ၇၇၀၀ | ၆၂၀၀ | ၅၄၀၀ | ၁၆၀၀၀ | ၂၉၀၀၀ | ၂၄၀၀၀ | ၂၈၀၀၀ | ၁၃၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၆၅၀၀ | ၇၇၉၅ | ၁၆၈၀၀ | ၃၈၀၀ | ၁၆၈၀၀ | ၂၀၅၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၇၀၀ | ၉၀၀၀ | ၇၄၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၄၀၀ | ၁၆၅၀၀ | ၃၀၀၀၀ | ၂၄၅၀၀ | ၂၈၅၀၀ | ၁၃၄၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၁၉၀၀၀ | ၁၄၅၀၀ | ၂၉၀၀၀ | ၄၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၂၅၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၄၀၀၀၀ | ၁၅၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# ညစ်ညမ်းစာများကို ပုံနှိပ်၊ ထုတ်ဝေခဲ့သည့်အတွက် လုပ်ငန်းပိတ်သိမ်းထားသော ပုံနှိပ်သူနှင့်ထုတ်ဝေသူများစာရင်းအား အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အောက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဂ)ပါ ညစ်ညမ်းစာများကိုဖော်ပြခြင်း စည်းကမ်းချက်ကိုဖောက်ဖျက်၍ ဟီရိဩတ္တပ္ပကင်းသော၊ မြန်မာ့လူ့အဖွဲ့အစည်းက လက်မခံသော၊ လူငယ်များ၏ တွေးခေါ်မြော်မြင်မှုနှင့် ခံစားနားလည်မှုကို လွဲမှားစေနိုင်သော အကြောင်းအရာများကို ပုံနှိပ်၊ ထုတ်ဝေဖြန့်ချိခဲ့ကြောင်း တွေ့ရှိရပါသည်-

| စဉ် | စာအုပ်အမည် | စာရေးသူအမည် | ပုံနှိပ်သူ/ထုတ်ဝေသူ အမည်/မှတ်ပုံတင်အမှတ်/ စာပေတိုက် | ပုံနှိပ်သူ/ထုတ်ဝေသူ နေရပ်လိပ်စာ | အရေးယူဆောင်ရွက်မှု |
|---|---|---|---|---|---|
| (က) | "Personal Stylist" | Hnaung | ဒေါ်ယုယုအေး<br>(မြရောပုံနှိပ်တိုက်)<br>(လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br><br>ဒေါ်ထက်ထက်ဝေ<br>၈/ပဖန(နိုင်) ၁၁၈၀၆၆<br>(Parallel Book House - ၀၃၁၂၃) | အမှတ်-(၂၆/၁)၊ (၈၁/ဘီ)၊ ၄၂x၄၃ ကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။<br><br>မုန်တောကြီးရွာ၊ ပွင့်ဖြူမြို့နယ်၊ မင်းဘူးခရိုင်၊ မကွေးတိုင်းဒေသကြီး။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (ခ) | "I Am Your Baby's Father" | Hnaung | ဒေါ်ယုယုအေး<br>(မြရောပုံနှိပ်တိုက်)<br>(လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br><br>ဒေါ်ထက်ထက်ဝေ<br>၈/ပဖန(နိုင်) ၁၁၈၀၆၆<br>(Parallel Book House - ၀၃၁၂၃) | အမှတ်-(၂၆/၁)၊ (၈၁/ဘီ)၊ ၄၂x၄၃ ကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။<br><br>မုန်တောကြီးရွာ၊ ပွင့်ဖြူမြို့နယ်၊ မင်းဘူးခရိုင်၊ မကွေးတိုင်းဒေသကြီး။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (ဂ) | "ညို" | hAnn 63 | ဒေါ်မျိုးပပလှိုင်<br>(Star Printing)<br>(လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br><br>ဒေါ်ရီရီဆန်း<br>၉/ပမန(နိုင်) ၁၃၇၃၉၂<br>(ပစ္စုပ္ပန်စာပေ-၀၃၁၀၃) | သဲကျွန်းကျေးရွာ၊ ဥတ္တရသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်။<br><br>အမှတ်(၆၆)၊ သဲကျွန်းကျေးရွာ၊ ဥတ္တရသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်။ | -ညစ်ညမ်းစာများဖော်ပြခြင်း<br>-ပုံနှိပ်ခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်မရှိခြင်း<br>-ထုတ်ဝေစာပေးပို့ရန် ပျက်ကွက်ခြင်း |
| (ဃ) | AhMoon | " North Star" | ဒေါ်မျိုးပပလှိုင်<br>(Star Printing)<br>(လုပ်ငန်းအသိအမှတ်ပြုလက်မှတ်မရှိ)<br><br>ဒေါ်ရီရီဆန်း<br>၉/ပမန(နိုင်) ၁၃၇၃၉၂<br>(ပစ္စုပ္ပန်စာပေ-၀၃၁၀၃) | သဲကျွန်းကျေးရွာ၊ ဥတ္တရသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်။<br><br>အမှတ်(၆၆)၊ သဲကျွန်းကျေးရွာ၊ ဥတ္တရသီရိမြို့နယ်၊ ပြည်ထောင်စုနယ်မြေ၊နေပြည်တော်။ | |

၂။ ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်ဝေစာများအား ဖတ်ရှုလေ့လာစိစစ်၍ ကြပ်မတ်စိစစ်လျက်ရှိပါကြောင်းနှင့် အဆိုပါဥပဒေစည်းကမ်းချက်များကို ဖောက်ဖျက်ကျူးလွန်သော အထက်ဖော်ပြပါ ပုံနှိပ်သူနှင့်ထုတ်ဝေသူတို့အား ၂၀၂၅ ခုနှစ် ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလများအတွင်း လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ရုပ်သိမ်းခြင်း၊ ထုတ်ဝေစာအုပ်များကို တရားမဝင်ထုတ်ဝေစာအဖြစ် ထုတ်ပြန်ကြေညာခြင်း၊ ဥပဒေနှင့်အညီ တရားစွဲဆိုခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ ပုံနှိပ်သူနှင့်ထုတ်ဝေသူများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို လေးစားလိုက်နာကြရန်နှင့် ဥပဒေပါစည်းကမ်းချက်များကိုဖောက်ဖျက်၍ ပုံနှိပ်၊ ထုတ်ဝေခြင်းများကို ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ တရားမဝင် ကုန်ပစ္စည်းတင် ရေယာဉ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၀၃၆၀၀)ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၇၈၂၀၆၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၇၀၈၅၆၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဖေဖော်ဝါရီ ၇ ရက်တွင် မအူပင်ခရိုင်နှင့် မြောင်းမြခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၈၉၈ တန်၊ အခြားသစ် ၂ ဒသမ ၈၁၂ တန်နှင့် သစ်စက်ဆက်စပ်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၈၁၀၁)ကို သစ်တောဥပဒေအရလည်းကောင်း၊ ဖေဖော်ဝါရီ ၉ ရက်တွင် ဝါးခယ်မမြို့နယ် မော်ကျွန်း-ဝါးခယ်မလမ်းဆုံ၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၀၈၁၀၁ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၉ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ စက်မှုဇုန်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၈၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့ ရွှေဟင်္သာရပ်ကွက် ရွာမလမ်း အမှတ် (4A, 45-1)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၈၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်လေးပင်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၁၂၀ တန် ၊ သစ်မာ ၂ ဒသမ ၀၂၇ တန်၊ အခြားသစ် ၀ ဒသမ ၈၅၃ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၃၆၃၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ပဲခူးခရိုင် ဝေါမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၂၃၆၃၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေမဲဆိပ်ကမ်း၌ မြိတ်မြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ်တစ်စင်းပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၈၄၁၉၂၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် M.V Shwe Nadi ရေယာဉ်တစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၇၆၈၄၁၉၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၇ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၈၂၄၅၉၃၁၁) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို အောင်မြင်အောင်ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှရရှိသည့် အခွန်အခများ၊ တရားဝင်အလုပ်အကိုင်အခွင့်အလမ်းများနှင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်များအပေါ် ထိခိုက်နစ်နာမှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်သွယ်မှုများ လျော့နည်းပပျောက်စေရေး သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

အမျိုးသမီးတစ်ဦးကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် တဲကုန်းကျေးရွာနေ နန်းထွေးနှင့် မြင့်မြင့်စန်းတို့က မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် တဲကုန်းကျေးရွာနေ မ-----၊ ၂၁/၂၀၂၄ နှစ်အား တရုတ်ဇနီးမယားအဖြစ် ဆောင်ရွက်ပါက တင်တောင်းငွေအဖြစ် တရုတ်ယွမ် ၄၀၀၀၀ ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ပုသိမ်ကြီးမြို့မရဲစခန်း(ပ)၃၁၀/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ အောင်မြေသာစံခရိုင်တရားရုံးမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် တရားခံ နန်းထွေးနှင့် မြင့်မြင့်စန်းတို့နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဘားအံတက္ကသိုလ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဟောပြော



**ဘားအံ ဖေဖော်ဝါရီ ၁၀**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ အခမ်းအနားကို ဘားအံ တက္ကသိုလ် ငုရွှေဝါခန်းမ၌ ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ ပါမောက္ခချုပ်များ၊ ဆရာ ဆရာမ များ၊ ကျောင်းသား ကျောင်းသူ များ တက်ရောက်သည်။

ဦးစွာ ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက အမှာ စကားပြောကြားပြီး မြန်မာစာ ဌာနမှ ကထိက ဒေါက်တာ ကျော်စန်းဦးက (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသော အားဖြင့် တိုင်းရင်းသားညီအစ်ကို မောင်နှမတို့ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် အခွန့်ရှည် ကြာ တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းစောင့်ရှောက်ရေး အသိ ပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပန်းတနော်မြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို ဟောပြော

**ပန်းတနော် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ရွှေနော် သီရိခန်းမ၌ ဖေဖော်ဝါရီ ၇ ရက်က (၇၈)နှစ်မြောက် ပြည်ထောင်စု နေ့ အထိမ်းအမှတ်အကြို ဟောပြောပွဲ၊ ကျပန်းစကားပြော ပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများ ကျင်းပသည်။ **(အောက်ပုံ)**



အခမ်းအနားတွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်း က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်က ပြည်ထောင်စု နေ့ သမိုင်းကြောင်းနှင့် လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံဖွံ့ဖြိုးတိုး တက်လာစေရန်၊ စာအုပ်၊ စာပေ များ လေ့လာဖတ်ရှုကြရန်နှင့် ပြိုင်ပွဲစည်းမျဉ်း စည်းကမ်းများကို ပြောကြားသည်။ ဆက်လက်၍ ပြိုင်ပွဲများ ကျင်းပရာ အမှတ် (၁) အခြေခံပညာ အထက်တန်း ကျောင်းမှ ကျောင်းသား ကျောင်းသူ ၅၁ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြ ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရရှိသူများအား ဆုများချီးမြှင့် ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မက်မန်းမြို့၌ (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကျင်းပ

**မက်မန်း ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းမြို့၌ (၇၈) နှစ် မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က မက်မန်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ၂၀၂၅ ခုနှစ် (၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူး ညွန့်ဝင်းက ဖတ်ကြား သည်။

ဆက်လက်ပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်ထံမှ ပေးပို့သည့် ရှမ်းပြည်နယ်နေ့မိန့်ခွန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်က ဖတ်ကြားသည်။

**အေဇက်ထွန်း(မက်မန်း)**



## သာစည်မြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းဖွင့်

**သာစည် ဖေဖော်ဝါရီ ၁၀**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်



ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဖြင့် ဆောင်ရွက်သည့် လှိုင်းတက်ကျေးရွာတွင်း ကွန်ကရစ်လမ်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက် က ကျင်းပသည်။

အခမ်းအနားတွင် မိတ္ထီလာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးနှင့်အဖွဲ့ဝင် ဦးကျော်ဇေယျ၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်မြင့်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင် ဗိုလ်မှူးတေဇာမြင့်တို့က ကွန်ကရစ် လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

အဆိုပါလမ်းမှာ အရှည်ပေ ၁၇၀၀၊ အကျယ် ၁၂ ပေနှင့် ဒု ခြောက် လက်မရှိပြီး လမ်းခင်းခြင်းနှင့် ဆိုလာရေသန့်စင်စနစ် တပ်ဆင်ခြင်း တို့အတွက် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူ ထည့်ဝင်ငွေကျပ် ၁၄၈ သိန်းတို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိတ္ထီလာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ မီးဘေးလုံခြုံရေး အသိပညာပေး

**မိတ္ထီလာ ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တွင် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြ လေ့ကျင့်ခြင်းများကို ဖေဖော်ဝါရီ ၇ ရက်က ခရိုင်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးဆိုင်ရာများ ဟောပြောသည်။ ယင်းနောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းနှင့် ဝန်ထမ်းများ၊ ခရိုင်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ် ခြင်းနည်းလမ်းများကို လက်တွေ့ဆောင်ရွက်သည်။

ဆက်လက်၍ ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များက မိတ္ထီလာမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ရုံးဝန်ထမ်းများနှင့်အတူ လက်တွေ့ မီးငြိမ်းသတ်နည်း သရုပ်ပြဆောင်ရွက်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## ကျေးသီးမြို့၌ (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနား ကျင်းပ

**ကျေးသီး ဖေဖော်ဝါရီ ၁၀**

(၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားကို ဖေဖော်ဝါရီ ၇ ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးမဟာသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ သဝဏ်လွှာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်နောင်ဖြူကလည်းကောင်း၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်ထံမှ ပေးပို့သည့် (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ မိန့်ခွန်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးလှိုင်မင်းအောင်က လည်းကောင်း ဖတ်ကြားခဲ့ကြောင်း သိရသည်။ **နန်းဗွေခမ်း**

## မအူပင်မြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်

**မအူပင် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ကုက္ကိုစုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၆ ရက်က ပန်းခင်း စီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက် သည်။

ထိုသို့ဆောင်ရွက်ရာတွင် မအူပင်မြို့နယ်ဦးစီးမှူးရုံးမှ ဒုတိယဦးစီး မှူး ဦးအောင်ကျော်သက် ဦးဆောင်သည့် ဝန်ထမ်းများက အသက် ၁၆ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၈၆ ဦးအား နိုင်ငံသားစိစစ်ရေး ကတ်များ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**



## ရန်အောင်မြင် ပရိယတ္တိသာသနာ့လင်္ကာရ စာအောင်ဆုနှင်းသဘင်အခမ်းအနား ကျင်းပ



**လယ်ဝေး ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ရွှေလက်လှစေတီတော်မြတ်ကြီးဝင်းအတွင်းရှိ သာသနာ့လင်္ကာရဗိမာန်တော်ကြီး၌ ဖေဖော်ဝါရီ ၉ ရက်က (၁၁) ကြိမ်မြောက် ရန်အောင်မြင် ပရိယတ္တိ သာသနာ့လင်္ကာရ စာအောင်ဆုနှင်းသဘင် အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဇနိန္ဒထံမှ တက်ရောက်လာသည့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကာ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက သာသနာရေးဆိုင်ရာများ လျှောက်ထား၍ နေပြည်တော် ကောင်စီဝင်နှင့် အတူ ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးအဖွဲ့ဝင် ဦးကျော်ဆန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်ဝင်းနှင့် အလှူရှင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် နေပြည်တော် ကောင်စီဝင်နှင့် အဖွဲ့ဝင်များက စာအောင် သာမဏေ သီလရှင်များအား စာအောင်လက်မှတ်နှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကျိုးသဲလေးထပ် ဆရာတော် ဒေါက်တာအရှင်စန္ဒာဝရထံမှ တရားတော်နာယူကာ လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေသည်။

အဆိုပါ ဆုနှင်းသဘင်၌ စာအောင်ပထမအဆင့် သာမဏေ ၄၅၇ ပါး၊ သီလရှင် ၅၆ ပါး၊ ဒုတိယအဆင့် သာမဏေ အပါး ၁၂၀၊ သီလရှင် ၂၃ပါး၊ တတိယအဆင့် သာမဏေ ၃၃ ပါး၊ သီလရှင် နှစ်ပါးတို့အား စာအောင်ဆုနှင့်အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ဝေကြည် (ပြန်/ဆက်)**

## မန္တလေးတိုင်းဒေသကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၀ ရက် နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်အတွင်းရှိစက်သုံးဆီအရောင်းဆိုင်များအား မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက် ဦးဆောင်သော သန္နွေမီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးစစ်ဆေးအကြံပေးခြင်း၊ မီးငြိမ်းသတ်ရေးပစ္စည်း ကိရိယာများ အသင့်အသုံးပြုနိုင်သည့် အနေအထားရှိ၊ မရှိ စစ်ဆေးခြင်း၊ ဝန်ထမ်းများ မီးငြိမ်းသတ်ရေး ပစ္စည်းကိရိယာများ စနစ်တကျ ကိုင်တွယ်အသုံးပြုတတ်စေရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပပပ





## မအူပင်တက္ကသိုလ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အကြို တိုင်းရင်းသားရိုးရာ အစားအစာဈေးရောင်းပွဲတော်၊ ပဒေသာကပွဲနှင့် လူငယ်စကားဝိုင်း ကျင်းပ

**မအူပင် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်တက္ကသိုလ်ပင်မဆောင်ရှေ့၌ (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့အကြို တိုင်းရင်းသားရိုးရာ အစားအစာဈေးရောင်းပွဲတော်၊ လူငယ်စကားဝိုင်းနှင့် တိုင်းရင်းသားရိုးရာ ပဒေသာကပွဲကို ဖေဖော်ဝါရီ ၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာနီနီဦးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဌာနအလိုက် တိုင်းရင်းသားရိုးရာ အစားအစာများ ရောင်းချနေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ မအူပင်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ လူငယ်စကားဝိုင်းနှင့် တိုင်းရင်းသားရိုးရာပဒေသာကပွဲ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပါမောက္ခချုပ်က (၇၈) နှစ်မြောက်ပြည်ထောင်စုနေ့အကြို တိုင်းရင်းသားရိုးရာ ဈေးရောင်းပွဲတော်၊ ပဒေသာကပွဲ လူငယ်စကားဝိုင်းနှင့် ကဗျာ၊ စာစီစာကုံးနှင့် ဆောင်းပါးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူငယ်စကားဝိုင်းတွင် မြန်မာစာဌာနမှ မဝင်းပပအောင်၊ အင်္ဂလိပ်စာဌာနမှ မောင်စိုင်းမောင်မောင်၊ အရှေ့တိုင်းပညာဌာနမှ မအိခြူးစံ၊ ဓာတုဗေဒဌာနမှ မသင်းမြတ်အောင်နှင့် ရုက္ခဗေဒဌာနမှ မောင်နိုင်လင်းဖြိုးတို့က စုပေါင်းညီညာပြည်ထောင်စုစိတ်ဓာတ် ခိုင်မာခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြသည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**

အလုံမြို့နယ် သစ်တောရပ်ကွက်၌ ဖေဖော်ဝါရီ ၈ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင် ဦးဆောင်သည့် ဝန်ထမ်းများက ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲကိုကိုနှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)



## ဝမ်းတွင်းမြို့နယ်၌ လူဦးရေစာရင်း မှန်ကန်စေရေး မြေပြင်ကွင်းဆင်းစိစစ်

**ဝမ်းတွင်း ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ လူဦးရေစာရင်းမှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းစိစစ်ခြင်းကို ဖေဖော်ဝါရီ ၈ ရက်က ဒိုင်ကောင်းကုန်းကျေးရွာ၊ ရွာရှည်ကျေးရွာ၊ ကိုင်းကျေးရွာအုပ်စုတို့တွင် ကွင်းဆင်းဆောင်ရွက်သည်။

မြေပြင်ကွင်းဆင်းစိစစ်ခြင်းကို မြို့နယ်ဦးစီးမှူးဦးစိုးမင်း၊ ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး ဒေါ်စန္ဒီဖုန်းမြင့်၊ လက်ထောက် လူဝင်မှုကြီးကြပ်ရေးမှူးများဖြစ်သည့် ဦးကျော်ဇင်မင်းသူနှင့် ဒေါ်ယဉ်မင်းအေးတို့က လူဦးရေစာရင်းများ မှန်ကန်စေရေး စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မိတ္ထီလာမြို့၌ မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး



**မိတ္ထီလာ ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းကို ဖေဖော်ဝါရီ ၇ ရက်က ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများအား ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ပြီး လက်တွေ့မီးငြိမ်းသတ် သရုပ်ပြခဲ့သည်။ **ချမ်းသာ(မိတ္ထီလာ)**

## မိုးနဲမြို့နယ်၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အလွတ်တန်းစနူကာပြိုင်ပွဲကျင်းပ

**မိုးနဲ ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်း စနူကာပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ နံနက်ပိုင်းက 7 Star စနူကာလေ့ကျင့်ရေးကွင်း၌ ကျင်းပသည်။(**ယာပုံ**)

ပြိုင်ပွဲကို လူငယ်လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ပြီး အားကစားကို စိတ်ပါဝင်စားသည့် ကျန်းမာကြံ့ခိုင်သော လူငယ်လူရွယ်များပေါ်ထွက်လာစေရန်၊ အားကစားကို လိုက်စားခြင်းဖြင့် ထူးချွန်ထက်မြက်သည့် အားကစားသမားများပေါ်ထွက်လာစေရန်ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ၁၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကာ ဆုရရှိသည့်အဖွဲ့များအား (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် ဆုများချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**






## ဖခင်အမည်မှန်

ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ အထက(ဆယ်မိုင်) ကျောင်းမှ Grade 8 ကျောင်းသူ မပိုးအိဖြူ၏ ဖခင်အမည်မှန်မှာ ဦးဘသောင်း ၆/ကသန(နိုင်)၁၄၈၉၇၉ ဖြစ်ပါကြောင်း။

ဦးဘသောင်း

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မြင့်သိန်း ၇/ကဝန(နိုင်)၁၈၅၁၅၄ နိုင်ငံကူး လက်မှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၀၀၀၈၃၄၁

## ပြင်ဆင်မှုဆိုင်ရာ ချိန်းဆိုထားသည့်ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူထံသို့ ကြားသိစေသည့် အကြောင်းကြားစာ

## (တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ -၁၄)

## မဟာအောင်မြေခရိုင် တရားရုံးတော်၌

## ၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၃၈

ဦးစိုင်းအိုက်ရုံ(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးမိုးမြင့်) နှင့် ၁။ ဦးနိုင်ဦး
၂။ တပ်သားတိုးတိုး(ခ) ဦးတိုးတိုး

(လျှောက်ထားသူ) (လျှောက်ထားခံရသူများ)

တပ်သားတိုးတိုး(ခ)ဦးတိုးတိုး၊ အဆင့်မြင့်ဗဟိုစာပေဌာန၊ ပြင်ဦးလွင်မြို့ (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

လျှောက်ထားသူ ဦးစိုင်းအိုက်ရုံ(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးမိုးမြင့်)က ချမ်းမြသာစည်မြို့နယ် တရားရုံး၏ ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅၉တွင် (၂၇-၉-၂၀၂၄)ရက်က ချမှတ်သော စီရင်ချက်အပေါ် ကျေနပ်မှုမရှိ၍ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းသွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၅ခုနှစ်၊ မတ်လ ၄ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူသည် လျှောက်ထားသူတင်သွင်းသော ပြင်ဆင်ချက်နှင့် ပတ်သက်၍ ရင်ဆိုင်ဖြေရှင်းရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေနှင့်ဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က ပြင်ဆင်နိုင်ခွင့်ရှိသော ဤအမှုတွင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၁၄အရ ချိန်းဆိုထားသည့် အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နန်းစမ်ငင်း)
တွဲဖက်ခရိုင်တရားသူကြီး(၂)
မဟာအောင်မြေခရိုင်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၂၄၁၊ ဦးပိုင်အမှတ် ၁-က၊ ၂၆လမ်း x ၈၈Aလမ်းထောင့်ရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးဝမ်သင်း(ခ)မောင်မောင်ဦး ၉/မရမ(နိုင်)၀၈၁၀၁၅၅၊ ဒေါ်နီနီဝင်း ၉/မနမ(နိုင်) ၀၃၉၂၆၈တို့ က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၂၄၁၊ ဦးပိုင်အမှတ် ၁.ဃ ၊ ၂၆x၂၇ကြား၊ ၈၈A လမ်းရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးဝမ်သင်း(ခ)မောင်မောင်ဦး ၉/မရမ(နိုင်) ၀၈၁၀၁၅၅၊ ဒေါ်နီနီဝင်း ၉/မနမ(နိုင်)၀၃၉၂၆၈တို့က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ပတ်စ်ပို့ပျောက်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နေ(ဘ)ဦးစိုးညွှန့်၏သား နောင်ကိုကိုထက် ၅/စကန(နိုင်)၂၅၇၈၇၃၏ နိုင်ငံကူး လက် မှတ် အမှတ် (MH-251464) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၈၀၇၇၃၁၉၁

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ ဦးကျော်ကိုကိုဇော်-ဒေါ်ဇင်မာဆွေတို့၏သမီး မဟေသာလင်းလက်အိမ်အား မဆုလာဘ်ရတီဟု အမည်ပြောင်းလဲခေါ်ပါရန်။

မဆုလာဘ်ရတီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ -၂၀)

## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌

## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၆၆

ဒေါ်စန်းစန်းမြင့် နှင့် ၁။ ဦးဒတ်ဗဟာဒူး
၂။ ဒေါ်မာယာ
၃။ ဦးဒူးဗဟာဒူး

(တရားလို) (တရားပြိုင်များ)

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ပဒေသာမြို့သစ်၊ အမှတ်(ဃ/၉)နေ အမှတ်(၃) တရားပြိုင် ဦးဒူးဗဟာဒူး (ဘ)ဦးဒတ်ဗဟာဒူး၊ (ယခုနေရပ်လိပ်စာ မသိရှိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်စန်းစန်းမြင့်က ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်(၃)၊ ပဒေသာရပ်၊ ဦးပိုင်အမှတ်(၁၀၀)၊မြေယာအမှတ်(၁၀၀)၊ ဧရိယာ(၀.၁၁၀)ဧကရှိ ဂရန်မြေကွက်နှင့် မြေပေါ်ရှိနံကပ်တစ်ထပ်တိုက် အဆောက်အအုံနှင့် အကျိုးခံစားခွင့်များကို တရားလို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် တရားပြိုင်များအပါအဝင် ၎င်းတို့နှင့်ဆက်စပ်နေထိုင်သူများအား ဖယ်ရှားထွက်ခွာစေ၍ ဧရိယာ(၀.၁၁၀)ဧကရှိမြေနှင့် မြေပေါ်ရှိ နံကပ်တစ်တစ်ထပ်တိုက် အဆောက်အအုံအား လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃)ရက်(၁၃၈၆ခုနှစ်၊ တပို့တွဲလဆုတ် ၁ရက်)မွန်းမတည့်မီ (၁၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း အထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၂၄)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်စိုးညွန့်)
ခရိုင်တရားသူကြီး
ပြင်ဦးလွင်ခရိုင်တရားရုံး

**လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး**

# နတ်မောက်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှု ကွင်းဆင်းဆောင်ရွက်

**နတ်မောက် ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် မီးသတ်ဦးစီးဌာနက ပွင့်လင်းရာသီ ရောက်ရှိလာသည်နှင့် အညီ မီးဘေးအန္တရာယ် ကြောင့် ပြည်သူများ ထိခိုက်နစ်နာ ဆုံးရှုံးမှု မရှိစေရေးအတွက် မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်နိုင်ရေး ပစ္စည်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖေဖော်ဝါရီ ၅ရက်က အောင်ဆန်းရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ (အပေါ်ပုံ)



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးက ဦးဆောင်၍ မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောပြီး မီးငြိမ်းသတ်နည်း လက်တွေ့ သရုပ်ပြသခြင်းများ ပြုလုပ်ခဲ့သည်။

မြို့နယ် (ပြန်/ဆက်)

# ကျောက်ဆည်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတွင် မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြလေ့ကျင့်

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၀**

ကျောက်ဆည်မြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခြင်းနှင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဖေဖော်ဝါရီ ၈ ရက်က ပြုလုပ်သည်။ (ယာပုံ)

ဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန့်ဇင်ဦးက မီးဘေးလုံခြုံရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို မီးသတ်တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက ပူးပေါင်း သရုပ်ပြလေ့ကျင့်ခြင်းများ ပြုလုပ်သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးဦးနှင့် တပ်ဖွဲ့ဝင်/မိသားစုဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး



# ပန်းတနော်မြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး

**ပန်းတနော် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရွာသစ်ကျေးရွာ မြဘုံသာ ဘုန်းကြီးကျောင်း၌ သစ်တောထိန်းသိမ်းရေး၊ ရေသယံဇာတထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၈ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ဦးသန့်ဇင်က သစ်တောသယံဇာတများ၊ ရေသယံဇာတများ ထိန်းသိမ်းရေးနှင့် မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်းမှု ဆိုးကျိုးများ၊ မီးခိုးမြူငွေ့ အန္တရာယ်ကြောင့် အသက်ရှုလမ်းကြောင်းနှင့် နှလုံးဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်သည့်အကြောင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ မျိုးသုဉ်း ပျက်စီးစေခြင်းကြောင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေး ဝိုင်းဝန်းစောင့်ရှောက်ကြရေး၊ ရေသယံဇာတထိန်းသိမ်းရေးတို့ကို အသိပညာပေးဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။



မြို့နယ် (ပြန်/ဆက်)

# ရန်ကုန်တိုင်းဒေသကြီး ရွှေအသင်းငွေကြေးခဝါချမှုသင်တန်းဖွင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး သင်တန်းအပတ်စဉ် (၂၁) ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၈ နာရီခွဲက ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ အသင်းရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကျောက်တံတားခရိုင်မှူး ဦးဇော်လင်းထက်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရွှေလုပ်ငန်းကနဦးစိစစ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်သူရက ကနဦးစိစစ်မှုဆိုင်ရာများနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းဆရာ နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မျိုးထွန်းက သင်တန်းသားသင်တန်းသူများအား သင်တန်းပို့ချခဲ့ကြောင်း သိရသည်။

တင်ဝင်းတင်







## အများသိစေရန်ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ အကွက်အမည်(အိန္ဒာရပ်)ဦးပိုင်အမှတ်(၃၇ဃ)၊ ဧရိယာ၀.၀၉၄ဧကအနက်မှ ဧရိယာ ၀.၀၄၇ဧကကို ဘိုးဘပိုင်အမည်ပြောင်းရန် ရွှေဘိုမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဒေါ်ပိုးအိဇင်မှ လျှောက်ထားလာသည့်အတွက် ၎င်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက ၂၀၂၅ ခုနှစ်၊ မတ်လ (၅) ရက်နေ့မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေဘိုမြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၁၂-၂၀၂၄ ရက်ထုတ် စာမျက်နှာ(၂၈)တွင် ပါရှိသော ယာဉ်မှတ်ပုံတင် လျှောက်ထားခြင်း ယာဉ်အမှတ် 9R/7707 ကြော်ငြာ တွင် ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးဇော ၁၄/မအပ(နိုင်)၁၄၅၅၅၉ အစား ဦးဝင်းမြင့် ၁၂/ဥကမ(ပြု)၀၀၀၈၄၄ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်းကြေညာခြင်း

ကွမ်းလုံမြို့၊ ဟိုလီကျေးရွာ အုပ်စု၊ ဟိုလီကျေးရွာနေ မရှန်လောက်ထွမ်(ဘ)ဦးလောက်ဟွာ ၁၃/ကလတ(နိုင်) ၀၃၉၇၃၆၏ ပတ်စ်ပို့နံပါတ်(MD ၉၈၄၃၁၇)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၆၆၆၅၅၉၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၊ ညောင်ပင်ကြီးစုရပ်၊ မြေကွက်အမှတ်(ပ-၁၂၂)ကို အမည်ပေါက် ဦးကျော်စိန်တင့် (ဘ)ဦးပွ ၉/ပမန(နိုင်)၁၉၈၈၄၀(ကွယ်လွန်)၏ အမွေခံဇနီးဖြစ်သူ ဒေါ်သင်းသင်းမွေး (ဘ)ဦးစံငြိမ်း ၉/ပမန(နိုင်)၂၁၄၂၁၀ မှ မြေပေးမိန့်(မိတ္တူမှန်)ထုတ်ယူခွင့် ပြုပါရန် နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊မြေပေးမိန့် (မိတ္တူ)၊ ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်၊ မြေပေးမိန့်ပျောက်ဆုံးကြောင်းနှင့် အမွေခံဇနီးမှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်(မူရင်း)၊ မြေပြင်အခြေအနေပြခာတ်ပုံတို့ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပေးမိန့်မိတ္တူမှန် လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် ၁၀၁၊ ဦးပိုင်အမှတ် ၈-ဈ၊ ခဲစင်းအနောက်ခြမ်း၊ ၁၉ Bလမ်း၊ ၈၉x ၉၀ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါက်တာခင်ယုံ ၉/မနမ(နိုင်) ၀၉၇၈၄၂က ဘိုးဘအမည်ပေါက်မြေပုံတင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ် ဒ-၃၊ ဦးပိုင်အမှတ်၁၁၃၊ ၆၃Aလမ်း၊ ၃၆X ၃၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်မိုးနိုင် ၁/မကတ(နိုင်)၀၉၄၅၀၉၏ အထွေထွေကိုယ်စား လှယ်လွှဲစာအမှတ် (၂၇၁၆/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဟန်မင်းသန့် ၉/မကန(ပြု)၀၀၀၇၇၆ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၆

၁။ ဦးဇော်လွင် နှင့် ဦးတင်လေး
၂။ ဒေါ်ငြိမ်းငြိမ်းသူ

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၄) နေ ဦးတင်လေး (ဘ)ဦးဟန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဦးဇော်လွင်နှင့် ဒေါ်ငြိမ်းငြိမ်းသူတို့က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁)၊ ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ(၀ဒသမ၀၅၅)ဧကရှိ ဦးတင်လေး အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ရက်(၁၃၈၆ခုနှစ်၊ တပို့တွဲလဆုတ် ၈ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်း ပြင် တရားလိုက ကြည့်ရှုလိုသသည့် စာချုပ်စာတမ်းများနှင့်သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဂျူးဂျူးစံ)
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုမြို့၊ အမက ဆုံကုန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသော ဦးအုန်းရွှေ(ခ)ဦးအုံးရွှေ၏သမီး ဒေါ်ခင်သန်းနု(ခ)ဒေါ်ခိုင်သန်းနု (မူလတန်းပြ) ၅/ရဘန(နိုင်) ၀၀၆၀၄၁ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

သာပေါင်းမြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စုနေ (ဘ)ဦးလှိုင်မြင့်အောင် ၅/စကန(နိုင်)၀၂၇၉၄၂၏ သားအမည်မှန်မှာ ငြိမ်းထွန်း(ခ)ဆောင်းငြိမ်းထွန်းသည် တစ်ဦးတည်းသာဖြစ်ပါကြောင်း၊ သားစိုးထက်အောင်(ခ)စိုးထက်နိုင်သည် တစ်ဦးတည်းသာဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ပညာအောင်မြေကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-9 မှ ကျောင်းသူမအိမ့်မှူးမြတ်၏ ဖခင်အမည်မှန်မှာ ဦးထက်မြတ်အောင် ၈/မကန (နိုင်) ၁၅၀၃၇၇ ဖြစ်ပါကြောင်း။

**ဦးထက်မြတ်အောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၇ယ/၆၄၃၀၆, Honda Wave-100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ဦး ၆/လလန(နိုင်)၀၂၃၀၉၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနတိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် HMD/1909, Caterpillar 308CC,Excavator ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအောင် ၆/လလန(နိုင်)၀၀၀၃၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနတိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၅၄၆၄၇, TVS Wego 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန္တာအောင် ၅/မရန(နိုင်) ၀၂၅၆၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနတိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(မုံရွာ)မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9F/8197, Toyota Hilux KDN 190 P/U (4x2)R(Extra Cab)ယာဉ်လက်ဝယ်ရှိသူ ဦးစောရာလေး ၆/ထဝန(နိုင်) ၀၆၄၂၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနတိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၉၁၃၇၈, Honda PCX-150,M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးနိုင် ၆/လလန(နိုင်)၀၁၄၆၄၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနတိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် TNI/7328, Honda Click-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာဖြိုး ၆/လလန(နိုင်)၁၄၆၆၃၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနတိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ဟ/၈၂၁၁, TVS King 200 အမျိုးအစား 3Wheel သုံးဘီးယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွေး ၆/သရခ(နိုင်)၀၀၄၄၅၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညနတိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၇ယ/၂၃၅၄၆, Honda Wave 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ရဲအောင် ၆/ထဝန(နိုင်) ၁၂၂၉၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနတိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ညောင်လေးပင်မြို့နယ်၊ ဇီးကုန်းကြီးကျေးရွာ အထက(၂)မှ မအိဇူးမောင်၏ ဖခင်အမည်မှန်မှာ ဦးမင်းနိုင် ၇/ ညလပ(နိုင်) ၁၅၅၉၉၄ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးစောခေးနေ၏ သားရောဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ AD Myanmar ကျောင်း KGတွင်ပညာသင်ကြားနေသော မောင်စောမာနေစေး အား မောင်စောဟဲဝိုးထူး ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စောဟဲဝိုးထူး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ စမ်မြို့ရပ်ကွက်နေ ဦးဇာခန်း ၅/ကလထ(နိုင်)၀၂၃၄၄၉ ၏ ဖခင်အမည်မှာ ဦးငွေဒွန်း(ခ)ဦးချမ်နွယ် မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးငွေဒွန်း(ခ)ဦးချမ်နွယ်**

## အလိမ္မာ စာမှာရှိ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
## လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် ကျောင်းခွဲနယ်မြေ(၇)ခုအသီးသီးတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်–

| စဉ် | ရာထူး/လစာနှုန်း | နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| ၁ | နည်းပြ/သရုပ်ပြ (၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) | ၅ | စိုက်ပျိုးရေးသိပ္ပံဘွဲ့ (မဟာသိပ္ပံတက်ရောက်ခွင့်ရှိသူ)<br>– သိပ္ပံဘွဲ့(ကွန်ပျူတာ)<br>– ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)(မဟာတက်ရောက်ခွင့်ရှိသူ/ဂုဏ်ထူးတန်း)(မဟာဘွဲ့ရရှိသူဦးစားပေးမည်။) |

၂။ လျှောက်ထားသူသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လျှောက်လွှာပိတ်သည့်နေ့တွင် ပြင်ပပုဂ္ဂိုလ်များအတွက် အသက် (၃၀) နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) လုပ်ငန်းသဘာဝအရ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) ဌာနတွင် အနည်းဆုံးလုပ်သက် တစ်ဆက်တည်း (၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(င) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်းခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင်

(က) လျှောက်ထားသူ၏ အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

(ခ) မွေးသက္ကရာဇ်

(ဂ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ

(ဃ) ပညာအရည်အချင်း၊အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်

(င) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်နှင့်ဌာန

(စ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ်

(ဆ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၎င်းတို့၏ အလုပ်အကိုင်

(ဇ) ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်

(ဈ) အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံ ဖော်ပြပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ (၂၅.၂.၂၀၂၅)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်–

(က) ဘွဲ့လက်မှတ်/ ယာယီဘွဲ့ထောက်ခံစာ မိတ္တူ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရမည်)၊

(ခ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၁)လအတွင်း ရိုက်ကူးထားသော ရောင်စုံလိုင်စင်ဓါတ်ပုံ (၂)ပုံ၊(နောက်ကျောတွင်အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားဖော်ပြရန်)

(ဂ) ပြင်ပမှ လျှောက်ထားသူများသည် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ အကျင့် စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်မူရင်း (လွန်ခဲ့သော(၁)လအတွင်း)၊

(ဃ) တာဝန်ကျရာ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်/နယ်ကျောင်းခွဲ အသီးသီးသို့ သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟု ကတိပြုဝန်ခံချက်၊

(င) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကိုယ်တိုင်ကတိဝန်ခံချက်၊

(စ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ (၁)လအတွင်း ရယူထားသော ကျန်းမာကြောင်းဆေးထောက်ခံစာမူရင်း၊

(ဆ) ရာထူးနေရာများအတွက် ခန့်ထားခြင်းခံရပါက နိုင်ငံ့ဝန်ထမ်းအား အနည်းဆုံး (၅)နှစ်တိတိ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံချက်၊

၅။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့် အချက်အလက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။

၆။ ဖြေဆိုခွင့်ရရှိသူ စာရင်းအား ရေးဖြေစာမေးပွဲ မဖြေဆိုမီ (၂၆.၂.၂၀၂၅) ရက်နေ့တွင် ထုတ်ပြန် ကြေညာမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်ဆေးရန်အတွက် ရေးဖြေစာမေးပွဲအား ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာတို့အား မေးခွန်းတစ်ခုလျှင်(၁)နာရီဖြင့် ပူးတွဲပါ နေ့ရက်များအတိုင်း ဖြေဆိုရမည်ဖြစ်သည်–

| စဉ် | ဖြေဆိုရမည့်ဘာသာရပ် | နေ့ရက် | အချိန် |
|---|---|---|---|
| (က) | မြန်မာစာ | ၂၈–၂–၂၀၂၅ (သောကြာနေ့) | နံနက်(၉:၀၀ မှ ၁၀:၀၀)နာရီထိ |
| (ခ) | အထွေထွေဗဟုသုတ | ၂၈–၂–၂၀၂၅ (သောကြာနေ့) | နံနက် (၁၁:၀၀ မှ ၁၂:၀၀)နာရီထိ |
| (ဂ) | အင်္ဂလိပ်စာ | ၂၈–၂–၂၀၂၅ (သောကြာနေ့) | မွန်းလွဲ (၂:၀၀ မှ ၃:၀၀) နာရီထိ |

၈။ ရေးဖြေအောင်မြင်သူများအား လူတွေ့စစ်ဆေးမည့်အစီအစဉ်ကိုထပ်မံ အကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ စီမံရေးရာဌာန ဖုန်းနံပါတ် ၀၆၇–၃၄၁၆၅၁၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်**

## စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်
## တိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး၏ ၂၀၂၄–၂၀၂၅ခု၊ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး အထွေထွေပိုလျှံ ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် စစ်ကိုင်းတိုင်းဒေသကြီးတရားလွှတ်တော်ရုံးခြံစည်းရိုး ဘရိတ်ဝါယာ(၂)ထပ်(၃၀၀၄)ပေ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လုပ်ငန်းရှင်ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** – ၁၁–၂–၂၀၂၅ရက်၊ (အင်္ဂါနေ့) (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်** – ၁၈–၂–၂၀၂၅ရက်၊(အင်္ဂါနေ့) (ရုံးချိန်အတွင်း)

(ဂ) **တင်ဒါလျှောက်လွှာဝယ်ယူရမည့် နေရာ** – ဘတ်ဂျက်နှင့်ထောက်ပံ့ဌာန စစ်ကိုင်းတိုင်းဒေသကြီး တရားရေးဦးစီးမှူးရုံး

(ဃ) **တင်ဒါလျှောက်လွှာတင်သွင်းရမည့် နေရာနှင့်ရက်** – ထပ်မံကြေညာပါမည်။

(င) **တင်ဒါဖွင့်လှစ်မည့်နေရာနှင့်ရက်** – ထပ်မံကြေညာပါမည်။

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး၊ တရားရေးဦးစီးမှူးရုံး၊ ဘတ်ဂျက်နှင့် ထောက်ပံ့ဌာန၊ ဖုန်း–၀၉–၇၆၁၇၂၂၁၉၈၊ ၀၉–၇၈၉၂၂၉၄၂၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ် သမဝါယမအသင်းစုမှ
## လေလံလျှောက်လွှာခေါ်ယူခြင်း

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ သမဝါယမအသင်းစုပိုင် ရွာမရပ်ကွက်၊ ရန်ကုန်–ပြည်လမ်းဘေးရှိ မြေရေိယာ(၀ဒသမ၂၁၇)ကေနှင့် အဆိုပါမြေကွက်ပေါ်ရှိ အဆောက်အအုံအား လေလံစနစ်ဖြင့်ရောင်းချမည်ဖြစ်ပါသည်။

**လေလံလျှောက်လွှာရောင်းချမည့်ရက်** – ၁၀–၂–၂၀၂၅ရက်
**လေလံလျှောက်လွှာပိတ်သိမ်းမည့်ရက်** – ၁၄–၂–၂၀၂၅ရက်
**လေလံလျှောက်လွှာများ ရောင်းချမည့်ရက်** – နတ်တလင်းမြို့နယ် သမဝါယမ အသင်းစုလီမိတက်၊ ရန်ကုန်–ပြည်လမ်း၊ နတ်တလင်းမြို့
**လေလံတင်ရောင်းချမည့်ရက်** – ၁၅–၂–၂၀၂၅ရက်
**လေလံတင်ရောင်းချမည့်အချိန်** – ၁၀ နာရီ
**လေလံလျှောက်လွှာများ ဖွင့်ဖောက်မည့်နေ့ရက်** – နတ်တလင်းမြို့နယ် သမဝါယမ အသင်းစုလီမိတက်၊ ရန်ကုန်–ပြည်လမ်း၊ နတ်တလင်းမြို့

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဦးတင်အောင် (ဖုန်း–၀၉–၄၀၈၉၀၉၈၅၉)
ဦးဇော်ဝင်း (ဖုန်း–၀၉–၄၅၂၃၃၅၈၈၇)

**လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**
**နတ်တလင်းမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ အမှတ်(၃)ရပ်ကွက်၊ မြေတိုင်းအမှတ်(၇)၊ မြေကွက်အမှတ်(၃၄၅)၊ မြေရေိယာ(၀ဒသမ၁၂၀)ကေရှိမြေအား ဦးဖေယျာထွဋ်မှ အမည်ပြောင်း မြေငှားဂရန်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ပဲခူးမြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## အများသိစေရန်ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၁၁)၊ အကွက်အမည်(မင်းရပ်)၊ ဦးပိုင်အမှတ်(၅၉ဃ)၊ ဧရိယာ ၀.၃၅၂ဧက အနက်မှ ဧရိယာ ၀.၀၄၅ဧကကို ဘိုးဘပိုင်အမည်ပြောင်းရန် ရွှေဘိုမြို့၊ အမှတ်(၅)ရပ်ကွက်နေ ဒေါ်မွန်မွန်အေးမှ လျှောက် ထားလာသည့်အတွက် ၎င်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက ၂၀၂၅ခုနှစ် မတ်လ ၈ရက် မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ရွှေဘိုမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၆၂၅၅၅,Honda Click–125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါခိုင် ၆/ထဝန(နိုင်) ၁၁၂၈၇၃က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၆ယ/၉၇၆၉၅, Honda Click–125,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဇင်မာဖြိုး ၆/သရခ(နိုင်)၁၀၁၄၇၄က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၉၄၂၉၀,Honda Wave–100,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သန်း ၆/ထဝန(နိုင်)၀၁၄၄၈၁က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ယ/၁၀၈၈၇ ,Honda Wave Alpha,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွေးနွေးဟန် ၆/ထဝန(နိုင်)၀၈၈၉၃၅က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်–၃

မအိမွန်ဖြိုး (တရားလို) နှင့် မောင်မင်းသန့်ကျော် (တရားပြိုင်)

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့၊ ပေါမူးအုပ်စု၊ ဟိုပုံးရွာနေ မောင်မင်းသန့်ကျော်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို မအိမွန်ဖြိုးက **"လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု"**အရ လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲ လဆုတ် ၁၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခိုင်မဉ္ဇူထွန်း)
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့၊ ချောင်းဝပိုင်းရပ်ကွက်၊ ကျန်စစ်သားလမ်း၊ အမှတ်(၂၃၈)နေ (ဘ) ဦးမြငွေ၏သားဖြစ်သူ ဦးစိုးမင်းလတ်(၄၉)နှစ် ၁၄/မမန(နိုင်)၀၀၀၃၈၅၊ ဈေးရောင်း(ကျွန်ုပ်မိတ်ဆွေ) ၏ ညွှန်ကြားချက်အရ အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့၊ အိမ်မဲကြီးရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် (၈၈)ရှိ ကျွန်တော်ပိုင်ဆိုင်သော အလျား(၆၅–ပေ)၊ အနံ(၁၃–ပေ)မြေကွက်ပေါ်ရှိ ရွှေပင့်ကူအဖျော်ယမကာဆိုင်နေရာတွင် အမှုဖြစ်ခဲ့ရာ မြောင်းမြခရိုင် တရားရုံးတော်၏ တရားမအယူခံမှုအမှတ် (၅၉/၂၀၂၃)အမှုတွင်လည်းကောင်း၊ တိုင်းတရားလွှတ်တော်၏ တရားမ ဒုတိယ အယူခံမှု အမှတ် (၂၀/၂၀၂၄)အမှုတို့တွင် အနိုင်ရရှိသူ ဦးစိုးမင်းလတ်ပိုင်ဆိုင်သော မြေကွက်နှင့် အဆောက်အအုံအား ပိုင်ရှင်ခွင့်ပြုချက်မရှိဘဲ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ တစ်ပါးသူထံသို့ တစ်ဆင့်လွှဲပြောင်းခြင်း၊ အာမခံထားရှိခြင်းများ ပြုလုပ်ဆောင်ရွက်ခြင်း မပြုရန် တားမြစ်ပါသည်။ တားမြစ်ချက်အား လိုက်နာမှုမရှိပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစိုးမင်းလတ်၏ ညွှန်ကြားချက်အရ–**
**ဦးတင်ဌေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၅၇၅၉)**
**အမှတ်(၂၁)၊ စကားဝါ (၆)လမ်း၊ မြောင်းမြမြို့**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဦးတင်ဝမ်း ၁၂/ရပသ(နိုင်) ၀၃၅၁၁၃၏လွှဲအပ်ညွှန်ကြားချက် အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ဝမ်း ၁၂/ရပသ(နိုင်)၀၃၅၁၁၃သည် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၄၆)(၂၀/၄၆)ရပ်ကွက်၊ ပေါ်တော်မူပတ်လမ်း၊ အမှတ်(၂၀၇)၊ မြေအကျယ်(၄၀ x ၆၀)ပေရှိ ခြံမြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မြင့်မြင့်စန်းထံမှ(၉–၁၁–၂၀၂၄)ရက်တွင် နှစ်ဦးသဘောတူခြံမြေကွက် အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေ ဦးတင်ဝမ်းမှလွဲ၍ အခြားသူများသည် အဆိုပါခြံမြေကွက်တွင် နေထိုင်ခြင်းမရှိသလို အခြားသူအားလည်း တဆင့်လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းထားခြင်း၊ လှူဒါန်းထားခြင်း၊ ပေါင်နှံထားခြင်း မရှိပါကြောင်းနှင့် ယခုအချိန်တွင် ကျွန်ုပ်မိတ်ဆွေ ဦးတင်ဝမ်းမှသာ လက်ရှိပိုင်ဆိုင်နေထိုင်လျက်ရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ဝမ်း၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးသန်းဇော် (LL.B,D.B.L,WIPO) (စဉ်–၁၂၇၇၃)**
**ဒေါ်ရည်မွန်အောင်(LL.B,D.B.L,D.I.L,WIPO) (စဉ်–၁၃၈၃၉)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်–၂၆၈၈၊ စိန်တစ်ပွင့်လမ်း (ဒ–၆၃/၁၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၂၀၀၃၃၈၂၆၊ ၀၉–၄၅၀၀၃၄၃၆၃**

## ကြော်ငြာစာ

**ခုတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်၊ ပျဉ်းမနားမြို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ တင်ဒါအမှတ်၊ 55(T)/DPTSC(Civil)/24-25 D.D.P(At Site) (မြန်မာကျပ်ငွေ) ဖြင့် အောက်ဖော်ပြပါ စီမံကိန်း လုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးဆိုဒ်စုံ (၇၁.၄၈)တန်ကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အထွေထွေပိုလျှံရန်ပုံငွေ (GRF) ငွေလုံးငွေရင်းအသုံးစရိတ် ကျခံသုံးစွဲ၍ တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်-

(က) Lot-1 ၂၃၀ ကေဗွီ ပျဉ်းမနား-နေပြည်တော်(၁) ဓာတ်အားလိုင်း အတွက် လိုအပ်သော သံချောင်းလုံးဆိုဒ်စုံ(၅၉.၄၈)တန် ဝယ်ယူရန်။

(ခ) Lot-2 ၁၃၂ ကေဗွီ မင်းဘူး (မန်း)-မကွေးဓာတ်အားလိုင်း အတွက် လိုအပ်သော သံချောင်းလုံးဆိုဒ်စုံ(၁၂.၀၀) တန် ဝယ်ယူရန်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၂၄-၂-၂၀၂၅) ရက် (၁၄:၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web - Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## မြေညီတိုက်ခန်းကျယ် အမြန်ရောင်းမည်

စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်းကျယ်ပေါ်ရှိ Mini Condo မြေညီထပ်၊ ထပ်ခိုးပါ (ပေ ၂၈xပေ ၇၀)၊ အမြင့် (၁၉ပေ) အမြန် ရောင်းမည်။

သိန်း (၉၅၀၀) ညှိနှိုင်း။

**စုံစမ်းရန်- ဖုန်း-၀၉-၇၈၆၄၉၉၇၄၅၊ ၀၉-၉၇၁၉၁၆၇၆၄**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်ရပ်ကွက်(၇)၊ မြေတိုင်း-၃၊ မြေကွက်အမှတ် ၃၄က၊ ဧရိယာ ၀.၁၀၁၀ဧကေ၊ ရှေ့သို့ လားသော်-၄၁၊ နောက်သို့ လားသော်-၃၄၊ မြောက်သို့လားသော်-၃၃၊ တောင်သို့လားသော်-လမ်းကို ဦးစိုးလှ (ကွယ်လွန်)၏ အမွေဆက်ခံခွင့် သားသမီးများဖြစ်သော ဒေါ်လဲ့လဲ့ထွန်း၊ ဦးကျော်မျိုးထွန်း၊ ဒေါ်ခင်သီတာ တို့မှ မြေငှားဂရန်လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် မတိုင်မီ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၈၀၂)**
**အမှတ် ၁၈၈၊ ကုန်းပေါ်တန်းလမ်း၊ ပန်းလှိုင်ရပ်ကွက်၊ ပဲခူးမြို့**
**ဖုန်း-၀၉-၅၃၀၀၅၉၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2H/7921 Toyota Alphard MNH10 Micro Bus(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းမြ ၁၂/အလန(နိုင်)၀၀၁၂၆၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)အင်းစိန်

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၃၂၁၀ Stream YMD 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဝင်းထွန်း ၉/မဟမ(နိုင်)၀၅၆၄၁၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၆)၊ မြေကွက်အမှတ်(၃၂၃) ဟုခေါ်တွင်သည့် အကျယ်အဝန်းပေ(၄၀'x၆၀') စတုရန်းပေရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနတွင် ဦးမောင်အုန်း အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှတဆင့် အဆက်ဆက် ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသည့် ဦးကျော်ကျော် ၁၂/သဃက(နိုင်)၁၄၃၄၆၄ ထံမှတဆင့် ကျွန်ုပ်၏ မိတ်ဆွေဦးကျော်လင်းထက်၁၂/ဥကတ(နိုင်)၁၇၂၁၃၄ သည်အဆိုပါမြေကွက်မှ တရားဝင်မခွဲစိပ်ရသေးသော (အလျား၂၀+အနံ၆၀ပေ-အကျယ်အဝန်းရှိ ထောင့်ကွက်) မြေကွက်ကို အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ဇာလီအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၄၃၅၂/၂၀၁၈)**
**တိုက်-၃/၂၀၅၊ စင်းကားအိမ်ယာ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်**
**ဖုန်း-၀၉-၄၂၁၀၃၈၉၃၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဂ)၊ ဥက္ကာ(၈)လမ်း၊ မြေကွက်အမှတ်(၂၂၅/ခ)ဟု ခေါ်တွင်သော အကျယ်အဝန်း ပေ(၂၀x၆၀) (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန် မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်သန့်ဇင် ၁၀/မလမ(နိုင်)၁၃၇၇၇၂ ထံမှ ဒေါ်အေးစန္ဒာအောင် ၉/မနမ(နိုင်)၁၁၂၃၆၃က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထား၊ စာရွက်စာတမ်းမူရင်းခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ပြည့်မြောက်ပြီးလျှင် အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးထင်လင်းနိုင်(LL.B) တရားလွှတ်တော်ရှေ့နေ**
**စဉ် - ၇၁၁၂ (၁၀-၁၂-၂၀၀၂)**
**ဖုန်း-၀၉-၅၀၃၉၃၀၆၊ ၀၉-၇၈၅၀၃၉၃၀၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်း၊ အမှတ် (၉/၈၉)နေ ဦးအောင်ကျော်မိုး၁၂/အစန(နိုင်) ၀၇၃၁၂၉ ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက် ရွှေပင့်ကူလမ်း၊ အမှတ် (၁၀၆B/၅)ဟုခေါ်တွင်သော ဧရိယာအကျယ်အဝန်း (အလျား ၅၀ x အနံ ၂၀)ရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလပိုင်ရှင် ဒေါ်တင်လှထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်း ဥပဒေနှင့်အညီ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဦးအေးမြင့် ၁၂/မရက(နိုင်)၀၉၁၅၉၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်မိုး ၁၂/အစန(နိုင်)၀၇၃၁၂၉က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးအောင်ကျော်မိုး** | **ဦးမင်းထွန်း (LL.B)** |
| **၁၂/အစန(နိုင်)၀၇၃၁၂၉** | **အထက်တန်းရှေ့နေ (စဉ် ၅၃၄၉၅)(၃၁-၈-၂၀၂၀)** |
| | **အမှတ် - ၁၁/၁၂၀ ရွာလယ်လမ်း၊** |
| | **တညင်းကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး၊** |
| | **ဖုန်း-၀၉ -၇၉၉၇၅၅၆၈၃** |

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်(၂/ရုံးရပ်)၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဒေါ်ခင်မြတ်သူ ၁၂/အစန(နိုင်)၁၀၅၃၅၃ (ဘ) ဦးခင်မောင်စုမောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၀၁၇၃)ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၁၂၂၂/၂၀၂၂ (၁၁-၁၁-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မိုးပွင့်ဦး ၇/တငန(နိုင်)၁၅၉၃၉၈ (ဘ)ဦးစိုးသောင်းဦးမှ ဒေါ်စန္ဒာထွန်းရှိန် ၁၂/ဒဂန(နိုင်)၀၁၀၇၄၄၇ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးတော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လယ်ဝေးမြို့နယ်၊ အထက(ခွဲ) ညိုပင်ကျောင်း Grade-4 အတန်းမှ မောင်ဟိန်းထက်အောင်၏ ဖခင် ဦးအောင်မျိုး (ခ)ဦးအောင်မိုးသန်း ၇/မညန(နိုင်)၁၄၀၇၄၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း

**ဦးအောင်မျိုး (ခ)ဦးအောင်မိုးသန်း**

## မွေးသက္ကရာဇ်မှန်

(ဘ)ဦးတင်ညွန့်၏သမီး တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်၊ ဆောက်လုပ်ရေးရုံးဝန်းနေ ကျွန်မ ဒေါ်ဆန်းဆန်းညွန့် ၁၃/နခတ(နိုင်)၀၀၅၇၁၆ ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၁-၉-၁၉၇၇) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ ဦးရွှေကြူးလမ်း၊ မြေကွက်အမှတ်(၉၅၀)ဟုခေါ်တွင်သော အကျယ်အဝန်း ပေ(၄၀x၆၀) (၂၄၀၀)စတုရန်းပေရှိ ဒေါ်နော်အားမူချို အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏(ခေါင်းရင်းခြမ်း) အလျားပေ(၂၀)xအနံပေ(၆၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို မူလအမည်ပေါက်ပိုင်ရှင်ဖြစ်သော ဒေါ်နော်အားမူချိုထံမှ အရပ်စာချုပ်ဖြင့်ဝယ်ယူထားပြီး လက်ဝယ် ရှိသူ ဒေါ်သန်းဝင်း၈/မတန(နိုင်)၀၂၆၀၈၆ ထံမှ ဒေါ်မြမြအေး ၁၂/သခန(နိုင်)၀၇၆၇၄၀က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထား စာရွက်စာတမ်းမူရင်း ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတ်မှတ်ရက်ပြည့်မြောက်ပြီးလျှင် အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထင်လင်းနိုင်(LL.B) တရားလွှတ်တော်ရှေ့နေ**
**စဉ် - ၇၁၁၂ (၁၀-၁၂-၂၀၀၂)**
**ဖုန်း-၀၉-၅၀၃၉၃၀၆၊ ၀၉-၇၈၅၀၃၉၃၀၆**

## ဖောင်းကြွနံပါတ်ပြားလျှောက်ထားခြင်း

ယာဉ်အမှတ် 15W/84990 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၅၈၈၉၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)၊ ကျိုင်းတုံမြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ မြေကွက်အမှတ်(၅၁၈/က)မြေကွက်တည်နေရာအမှတ်(၅၁၈/က) ဥယျာဉ်လမ်း၊(၁၉)ရပ်ကွက်၊ဒဂုံတောင်၊ဒေါ်ခင်မာအေး(KKK -138973)အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေအားဂရန် အမည်ပေါက်ဒေါ်ခင်မာအေးအားတရားပြိုင်ထားကာဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်တရားရုံး၊တရားမကြီးမှုအမှတ်-၁၂/၂၀၂၄ ခုနှစ်တွင်ဒေါ်ခင်သန္တာစိုးမှတရားလိုပြုလုပ်၍ မြေကွက်နှင့်နေအိမ် အားအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့်တရား စွဲဆိုခဲ့ရာ(၁၄. ၆. ၂၀၂၄)ခုနှစ်တွင်အနိုင်ဒီကရီချမှတ်ခဲ့ပြီးတရားမ ဇာရီမှုအမှတ်-၁၅/၂၀၂၄၏နေ့စဉ်မှတ်တမ်း၊(၁၅. ၈. ၂၀၂၄) ခုနှစ်တွင်ဘီလစ်ခန့်အပ်ရန်ချမှတ်သည့်ထုံးပုံကျအပြီးသတ်အမိန့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တရားရုံး(၂၁. ၈. ၂၀၂၄) ရက်စွဲပါစာအမှတ်-၄၃၂/၅-၁/၂၀၂၄၏ဘီလစ်ခန့်စာ၊တရား ရုံးကိုယ်စားဘီလစ်ဒေါ်သန်းမြင့်ခိုင်(ခ)သန့်သန့်ခိုင်(၁၂/သဃက (နိုင်) ၀၉၂၅၆၂)မှနှစ်(၆၀)မြေငှားစာချုပ်မူရင်း၊ တရားရုံးအမိန့်၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊တရားနိုင်ဒေါ်ခင်သန္တာစိုးမှ (၁၉၉၇)ခုနှစ်တွင်အရောင်းမြေပုံလျှောက်ထားခြင်းနှင့်ပက်သတ်၍ အရှုပ်အရှင်းတစ်စုံတစ်ရာပေါ်ပေါက်ပါကတာဝန်ယူဖြေရှင်းပေးမည် ဖြစ်ကြောင်းဝင်စာအမှတ်(၁၉၅/၈. ၁. ၂၀၂၅)တို့တင်ပြ၍အရောင်း အဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားခြင်းအားမြေပြင် ကွင်းဆင်းစစ်ဆေးရာ(၁)ထပ်အုတ်ညှပ်(၁)လုံးရှိပြီးကိုယ်တိုင်နေထိုင်ပြီး တရားနိုင်ဒေါ်ခင်သန္တာစိုးမှကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုး ပေးပါသဖြင့်ဘီလစ်ဒေါ်သန်းမြင့်ခိုင်(ခ)သန့်သန့်ခိုင်၏အရောင်း မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက် များဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက် နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာ အပ်ပါသည်။ ဌာနမှူး ( ဒုတိယညွှန်ကြားရေးမှူးချုပ် ) မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## တရားဝင်အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်း ပြတ်စဲပြီး ဖြစ်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ဆင်ကြို့ကျေးရွာ(ခေတ္တ မလေးရှားနိုင်ငံ၊ No-42,Lot.158, Jln Lama, Taman Utama Satu, 84000 Muar,Johor)နေ ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်လွင်မာဖြိုး (ဘ)ဦးဇော်ဇော် ၈/ရစက(နိုင်)၁၉၇၈၀၃ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ဒေါ်လွင်မာဖြိုးနှင့် ဦးသူရကိုကို(ဘ)ဦးဝင်းမြင့် ၉/တကန(နိုင်)၁၆၈၄၃၅ တို့သည် လွန်ခဲ့သော ၃-၅-၂၀၁၁ ရက်က လက်ထပ်ထိမ်းမြားခဲ့ပြီး တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ရာ သမီးတစ်ဦးထွန်းကားခဲ့ပါသည်။ သမီးဖြစ်သူ မထက်မြတ်သဇင်မှာ အသက်(၁၂)နှစ်အရွယ်ခန့် ရှိပြီဖြစ်ပါသည်။ ဒေါ်လွင်မာဖြိုးနှင့် ဦးသူရကိုကိုတို့သည် တစ်ဦးနှင့်တစ်ဦးစိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိသည့်အပြင် ဆက်လက်ပေါင်းသင်းနေထိုင် ရန်ဆန္ဒမရှိတော့ပါသဖြင့် ၂-၁၁-၂၀၂၄ရက်က နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ပြုလုပ်ချုပ်ဆို၍ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သမီးဖြစ်သူအား မိခင်ဖြစ်သူ ဒေါ်လွင်မာဖြိုးက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တာဝန်ယူမည်ဖြစ်ပြီး ဖခင်ဖြစ်သူ ဦးသူရကိုကိုမှလည်း လက်ခံကြည်ဖြူသဘောတူညီခဲ့ပါသည်။

သို့ဖြစ်ပါ၍ တစ်ဦးနှင့်တစ်ဦးမည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ဘဲ နောက်နောင်တွင်လည်း တစ်ဦး၏ကိုယ်ရေးကိုယ်တာကိစ္စဟူသမျှ တစ်ဦးမှဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ ဟန့်တားခြင်း မပြုတော့ဘဲ လုံးဝပတ်သက်ခြင်းမရှိတော့ပါကြောင်း၊ ဦးသူရကိုကို၏ လူမှုရေးကိစ္စရပ်များ၊ စီးပွားရေးကိစ္စရပ်များ၊ ကြွေးမြီကိစ္စ ရပ်များအပါအဝင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စရပ်များအားလုံးတို့သည် ဒေါ်လွင်မာဖြိုးနှင့် လုံးဝ(လုံးဝ) သက်ဆိုင်ခြင်း မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လွင်မာဖြိုး (ဘ)ဦးဇော်ဇော် ၈/ရစက(နိုင်) ၁၉၇၈၀၃ (ခေတ္တ- မလေးရှားနိုင်ငံ၊ No-42, Lot.158, Jln Lama, Taman Utama Satu, 84000 Muar,Johor) ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ဝါရွှေရည်(LLB)တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၆၂၅၈ (၁၉-၁၁-၂၀၁၉) မြို့မလမ်း၊ အမှတ်(၁၂)ရပ်ကွက်၊ ပခုက္ကူမြို့**
**ဖုန်း-၀၉-၄၂၇၂၀၉၄၂၅**

# ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့

# ရန်ကုန်မြို့

## ပစ္စည်းဟောင်းများရောင်းချရန်ဈေးပြိုင်တင်ဒါကြော်ငြာ

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့တွင် အသုံးပြုပြီးဖြစ်သည့် (အဆောက် အအုံ၊ လျှပ်စစ်၊ ရေသန့်၊ သံထည်၊ သစ်မျိုးစုံ၊ စက်နှင့် စက်ကိရိယာ၊ အထွေထွေပစ္စည်းများ၊ မြန်မာမှုသွပ်ပန်းတဉ်း) ပစ္စည်းအဟောင်းများအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချရန်ရှိပါသည်။ ဝယ်ယူလိုသူများသည် ဈေးနှုန်း အဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက် တစ်စုံလျှင် ကျပ် (၁၀,၀၀၀/-) နှုန်းဖြင့် ဂေါပကအဖွဲ့ရုံး၊ ဗဟို သိုလှောင်ရေးဌာန၌ ဝယ်ယူပြီး (၂၅-၂-၂၀၂၅) ရက် အင်္ဂါနေ့ (၁၃၀၀)နာရီ နောက်ဆုံးထား၍ ဈေးပြိုင်တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဗဟိုသိုလှောင်ရေးဌာန ဖုန်း-၀၁-၃၈၃၅၀၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သမာဓိလမ်း၊ အမှတ်-၁၁၇၄နေထိုင်သူ ဦးမျိုးဇော်ထွန်း (၈/မထန(နိုင်)၀၀၂၅၄၃) နှင့် ဒေါ်ဖြိုးဖြိုးအိ (၁/မညန(နိုင်)၀၇၇၂၂၈) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ထုံးဘိုကျေးရွာအုပ်စု၊ ရေသရောက်ကုန်းကျေးရွာ၊ အကွက်အမှတ်-၄သည် အရှေ့လားသော် ဦးဇော်ဝင်း မြေကွက်၊ အနောက်လားသော် ကွက်သစ်လမ်း၊ တောင်လားသော် လမ်း၊ မြောက်လားသော် အကွက်အမှတ်-၃၌တည်ရှိကာ မြေကွက်အကျယ် (အလျား ၅၉ပေ x အနံ ၇၅ပေ) မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမျိုးဇော်ထွန်း (၈/မထန(နိုင်)၀၀၂၅၄၃) အမည်ဖြင့် ၇-၇-၂၀၂၂ ရက်မှစ၍ ဝယ်ယူပိုင်ဆိုင်ကာ လက်ရောက်ရယူခဲ့သော မြေကွက်ဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးမျိုးဇော်ထွန်း (၈/မထန(နိုင်)၀၀၂၅၄၃) နှင့် ၎င်း၏ဇနီး ဒေါ်ဖြိုးဖြိုးအိ (၁/မညန(နိုင်)၀၇၇၂၂၈) တို့မှ ၅-၂-၂၀၂၅ ရက်တွင် ဒေါ်ယုယု(၉/မမန(နိုင်)၀၃၇၄၇၆)အား နှစ်ဦးသဘောတူ မြေကွက် အရောင်းအဝယ် လွှဲပြောင်းခြင်းကတိစာချုပ်တို့ဖြင့် ဥပဒေနှင့်အညီ အပြီးအပိုင် ရောင်းချကာ အဆိုပါမြေကွက်အား လက်ရောက်ပေးအပ်ခဲ့ပါသည်။ ထို့ကြောင့်ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဦးမျိုးဇော်ထွန်းနှင့် ဒေါ်ဖြိုးဖြိုးအိတို့သည် ဒေါ်ယုယု မှတစ်ပါး အခြားမည်သူ တစ်ဦးတစ်ယောက်ကိုမျှ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်း၊ ကိုယ်စားလှယ်လွှဲစာပေးခြင်းနှင့် တစ်နည်းနည်းဖြင့် အကျိုးခံစားခြင်းများကို ပေးအပ်ခဲ့ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့အပြင် မည်သူတစ်ဦးတစ်ယောက်မှ ဦးမျိုးဇော်ထွန်းနှင့် ဒေါ်ဖြိုးဖြိုးအိတို့၏ သဘောတူခွင့်ပြုခြင်းမရှိဘဲ ၎င်းတို့ ပိုင်ဆိုင်မှုများအား ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းနှင့်တစ်နည်းနည်းဖြင့် အကျိုး ခံစားခြင်းများကို ဥပဒေနှင့်အညီမဟုတ်ဘဲ ပြုမူဆောင်ရွက်လာပါက ကျွန်ုပ်မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ ကျွန်ုပ်မှတည်ဆဲဥပဒေအရ တရားစွဲဆိုသွားမည်ကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးဇော်ထွန်းနှင့် ဒေါ်ဖြိုးဖြိုးအိတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရည်မွန်ဇော်(LL.B) အထက်တန်းရှေ့နေ( စဉ်-၅၅၇၈၂)**
**အမှတ်-၅၉၊ ဒုတိယထပ် ၊ ငမိုးရိပ်(၁၀)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊**
**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၉၄၀၈၁၈၀၀၀**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင် (၂)လမ်း၊ အမှတ်(၄၀)နေ ဦးမျိုးကြည် ၁၂/ရကန(နိုင်)၀၂၁၆၇၇နှင့် ဒေါ်တင်မာဆွေ ၁၂/လမန(နိုင်)၀၃၁၄၉၃တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးမျိုးကြည်-ဒေါ်တင်မာဆွေတို့၏ သားကြီးဖြစ်သူ မောင်ပြည့်ဖြိုးကျော် ၁၂/လမန(နိုင်)၁၄၅၁၉၂ သည် မိဘများ၏ ပြောဆိုဆုံးမမှုကို လိုက်နာခြင်းမရှိပါဘဲ မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားသည်မှာ လွန်ခဲ့သော (၁)နှစ်ကျော်ခန့်ကတည်းက ဖြစ်ပါသည်။ ထို့ကြောင့်မိဘများ၏ အုပ်ထိန်းမှုနှင့် ကင်းကွာနေပြီး ၎င်း၏စိတ်သဘောအတိုင်း နေထိုင်ပြုမူနေပါသဖြင့် မောင်ပြည့်ဖြိုးကျော်နှင့် ပတ်သက်သော စီးပွားရေး၊ လူမှုရေး ကိစ္စအရပ်ရပ်အားလုံးကို မိဘများမှ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်းနှင့် ယခုကြေညာချက်ပါသည့်ရက်မှစ၍ မောင်ပြည့်ဖြိုးကျော်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုအောင် (LL.B, D.B.L, D.I.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၅၅၀၉/၁၆-၁၂-၂၀၁၀)**
**တိုက် (၂၁) ၊ ပထမထပ်၊ ဇေယျမင်္ဂလာ(၁)လမ်း၊ (၁)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၃၁၀၆၆၄၉၈၊ ၀၉-၇၆၉၁၄၇၇၉၄**

## ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်

၈-၂-၂၀၂၅ရက်စွဲပါ ဤသတင်းစာ၏ စာမျက်နှာ(၂၉)မှ အင်းစိန်မြို့နယ်၊ အင်းစိန်ဈေးမှ ဆိုင်ခန်းအမည်ပြောင်းလျှောက်ထားသူ(၂၆)ဦး၏ ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်တွင် ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အမှတ်စဉ်(၁၇) မှ ဦးဝင်းဇေ အား ဦးဝင်းဖေဟု ပြင်ဆင်ဖတ်ရှုပေးပါရန် ကြေညာအပ်ပါသည်။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးမြင့်ဝေ(ဘ)ဦးမောင်ငယ် ၁၂/သကတ(နိုင်)၀၄၉၂၈၄ ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-062221)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၉၄၉၅၆၃၅**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 72W/40776 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်အေးကို ၁၄/ဟသတ(နိုင်)၂၃၈၁၄၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 65W/14315 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းသူ ၁၄/ဟသတ(နိုင်)၂၃၇၂၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟင်္သာတ)**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**အမရပူရခရိုင်တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅နှင့် ဆက်နွယ်သည့်**

**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၉**

၁။ ဦးမောင်မောင် နှင့် ဦးစိုးလွင်
၂။ ဒေါ်ဇင်မာဦး

(တရားနိုင်များ) (တရားရှုံး)

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ (၅၀x၅၁)လမ်းကြား၊ (၁၁၅-F)လမ်းနေ ဦးစိုးလွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုရန် ဤရုံးတော်တွင် တရားနိုင် ဦးမောင်မောင် ပါ-၂ ဦးက လျှောက်ထားသည့်ဖြစ်စေ၊ မည်သည့်အကြောင်းကြောင့် အတည်ပြုစေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် ခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၅ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(နေခြည်လှိုင်းဇာ)
ဒုတိယခရိုင်တရားသူကြီး(၂)
အမရပူရခရိုင်တရားရုံး

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁ ၊ နည်းဥပဒေ-၂၂)**

**ဇေယျာသီရိခရိုင်တရားရုံးတော်၌**

**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၆နှင့် ဆက်နွယ်သည့်**

**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၀**

ဦးစိုင်းတင်ဝင်း နှင့် ၁။ ဦးပြည့်ဖြိုးဆယ်
၂။ ဒေါ်ပြုံးတင်
၃။ ဒေါ်ဝင်းကြည်
၄။ မောင်ဖိုးချစ်
၅။ ဒေါ်သန်းသန်းမြင့်
၆။ ဒေါ်မိထွေး (ကွယ်လွန်သူဦးထိန်းဝင်း၏ တရားဝင်ကိုယ်စားလှယ်)
၇။ ဦးထွန်းဝင်း

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

၁။ ဦးပြည့်ဖြိုးဆယ် အမှတ်-၃၂၆၉၊ ရာဇသင်္ဂဟအိမ်ရာ(၂)၊ ရတနာသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့၊ ၂။ ဒေါ်ပြုံးတင်၊ အမှတ်-၄၂၅၉၊ စစ်တောင်းလမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့၊ ၃။ ဒေါ်ဝင်းကြည်၊ ၄။ မောင်ဖိုးချစ် (အတူနေသားအမိ)သစ်ဝန်တိုင်းကျေးရွာ၊ ဥတ္တရသီရိမြို့၊ ၅။ ဒေါ်သန်းသန်းမြင့်၊ စစ်တောင်း(၂)လမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့၊ ၆။ ဒေါ်မိထွေး (ကွယ်လွန်သူ ဦးထိန်ဝင်း၏ တရားဝင်ကိုယ်စားလှယ်) အမှတ်-၇၆၄၇၊ သဲပုံ(၃)လမ်း၊ သစ်ဝန်တိုင်း ကျေးရွာ၊ ဥတ္တရသီရိမြို့၊ ၇။ ဦးထွန်းဝင်း၊ အမှတ်-၄၄၇၁၊ စစ်တောင်း(၁၀)လမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နေ ယခုနေရပ်လိပ်စာမသိသူများ သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၆ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးစိုင်းတင်ဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(မောင်မောင်လွင်)
ဒုတိယခရိုင်တရားသူကြီး(၁)
ဇေယျာသီရိခရိုင်တရားရုံး

## ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ညောင်ညိုပင်စုလမ်း၊ အမှတ်(၆၁၀/B)၊ မြေညီ(အလယ်ထပ်)နေ ကိုအောင်ဆန်းလင်း ၁၂/ဒလန(နိုင်)၀၇၀၂၉၁၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ဆန်းလင်းနှင့် မမြတ်ဆုအောင် ၁၂/အလန(နိုင်)၀၄၇၁၆၇ တို့သည် ၁-၂-၂၀၁၄ ရက်တွင် လက်ထပ်ပေါင်းသင်းခဲ့ပြီး၊ သမီး မဆွေဇူလိုင်ထွန်းအားထွန်းကားခဲ့ပါသည်။ မမြတ်ဆုအောင်သည် ကိုအောင်ဆန်းလင်း၏ မျက်ကွယ်တွင် ခွင့်မလွှတ်နိုင်သည့်ကိစ္စရပ်များကို ကျူးလွန်သည့်အပြင် ၄င်း၏ သဘောဆန္ဒအလျောက်လွန်ခဲ့သည့် ၄-၈-၂၀၂၁ ရက်တွင် ကိုအောင်ဆန်းလင်းနှင့် (၃)နှစ်အရွယ်သမီးဖြစ်သူ မဆွေဇူလိုင်ထွန်းအား စွန့်ပစ်ခဲ့ပြီး၊ နေအိမ်မှ ဆင်းသွားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ဆန်းလင်းမှ မမြတ်ဆုအောင်အား ဇနီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်ပါကြောင်းနှင့် ၄င်းနှင့် ပတ်သက်သော ကိစ္စအရပ်ရပ်သည် ကျွန်ုပ်၏မိတ်ဆွေ ကိုအောင်ဆန်းလင်းနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ- | လွှဲအပ်ညွှန်ကြားချက်အရ |
| ကိုအောင်ဆန်းလင်း | ဦးနိုင်လင်းထွန်း(LL.B) |
| ၁၂/ဒလန(နိုင်)၀၇၀၂၉၁ | အထက်တန်းရှေ့နေ (စဉ်-၂၈၆၄၀) |
| | ဖုန်း-၀၉-၄၂၅၀၁၁၈၇၈ |

## အမြန်ဆက်သွယ်ပါ

ဖျိုင်းကစီးကျေးရွာနေ ဦးငွေအောင်-ဒေါ်တင်တင် တို့၏ သားသမီးများဖြစ်ကြသော (၁) ဒေါ်ခင်ငွေမူ၊ (၂) ဒေါ်သီတာ၊ (၃) ဒေါ်စမ်းစမ်းအေး (ခ) ဒေါ်အေးအေးစမ်း တို့သည် မိဘ ဆွေမျိုးများနှင့် အဆက်အသွယ် ပြတ်သွားပါသဖြင့် ရောက်ရာအရပ်မှ အမြန်ဆက်သွယ်ပေးပါရန်။

**ဦးသန်းထွဋ် ဖုန်း-၀၉-၄၂၂၅၅၉၇၉၀၊ ၀၉-၄၅၉၃၉၅၄၄**

**ယခုကြော်ငြာပါသည့်ရက်မှစ၍ (၆)လအတွင်း ဆက်သွယ်ပါ။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၃၁)၊ ဦးပိုင်(၂၀ခဲစင်း)၊ ၉၀ x ၉၁လမ်းကြား၊ ၂၈ x ၃၀ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်မြမြ၊ ဒေါ်လှလှတို့၂ဦးအနက် ဒေါ်လှလှထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၈၈၈/၂၀၀၉)ဖြင့် ပိုင်ဆိုင်ခဲ့သူ ဒေါ်မြမြ ၉/မနတ(နိုင်)၀၇၇၅၅၉ ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၂၀၁/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူဒေါ်တင်တင်စိုး ၉/မနတ(နိုင်)၀၉၁၈၃၉၊ ဒေါ်ယဉ်ယဉ်စိုး ၉/စကန(နိုင်)၀၄၁၁၅၁ တို့က ဘိုးဘအမည်ပေါက် မြေပုံတင်ပြ၍ခဲစင်းပြ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက် အမှတ်(နန-၄)၊ ဦးပိုင်အမှတ်(၃၉)၊ ၆၆x၆၇ကြား၊ ၁၃၂x၁၃၃ကြားရှိ ဦးထွန်းရင် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်ခင်နွယ်က တရားပြိုင်ဦးထွန်းရင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၃၅/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာတရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ခင်နွယ် ၉/နထက(နိုင်)၁၂၉၉၄၀ က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၂၅)၊ ဦးပိုင်အမှတ်(၁၀)၊ ၆၀B x ၆၁ကြား၊ ၁၃၉ x ၁၄၀ လမ်းကြားရှိ ဂရန်မြေကွက်အားအမည်ပေါက်သူ ဦးအောင်မြင့်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၈၁၆/၂၀၀၇)ဖြင့်ဒေါ်စုမြတ်သိန်းကဝယ်ယူခဲ့ပြီး တရားလို ဦးစိုင်းစမ်ထွန်းက တရားပြိုင်ဒေါ်စုမြတ်သိန်း(၄င်း၏SPရသူဦးဝင်းနိုင်)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၄၃/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာတရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးစိုင်းစမ်ထွန်း ၁၃/နခန(နိုင်)၀၀၀၂၅၇ က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေရေိယာ ၀ ဒသမ ၂၀၆ ဧက၊ မြေကွက်အမှတ်(ဥ-၅၉၈၃) ဒေါ်ချိုချိုညွန့်(ဘ)ဦးမောင်ကို အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်အိဇင်ဦး ၁၄/ဟသတ(နိုင်)၀၄၆၀၈၆ (ဘ) ဦးသန်းဦးမောင် မှ မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၁၀၀/၂၀၂၀ (၁၅-၁၂-၂၀၂၀) တင်ပြ၍ ဒေါ်အိဝေဖြိုး ၇/ပမန(နိုင်)၁၃၄၂၂၂ (ဘ)ဦးစောနောင် အမည်ဖြင့် မှတ်ပုံတင်အရာင်းအဝယ်စာချုပ် ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 76W/84707

Kenbo 110 ယာဉ်လက်ဝယ်ရှိသူ Yunn Taw Win Co.,Ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 64W/17989

Luojia 125 ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ရေးဖြေစာမေးပွဲ ကျင်းပမည့်ရက် ကြေညာခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ခန့်ထားမည့် ဒုတိယဦးစီးမှူး (စီမံ၊ ဥပဒေ၊ ဥယျာဉ်)၊ စာရင်းကိုင်(၂)၊ အငယ်တန်းအင်ဂျင်နီယာ(၂)(မြို့ပြ) ရာထူး နေရာများအတွက် ရေးဖြေစာမေးပွဲကို အောက်ပါအတိုင်း နေပြည်တော်၌ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်-

(က) ၁၆-၂-၂၀၂၅ (၉:၀၀)နာရီမှ (၁၁:၀၀)နာရီထိ မြန်မာစာ
(ခ) ၁၆-၂-၂၀၂၅ (၁၂:၀၀)နာရီမှ (၁၄:၀၀)နာရီထိ အင်္ဂလိပ်စာ
(ဂ) ၁၆-၂-၂၀၂၅ (၁၅:၀၀)နာရီမှ (၁၇:၀၀)နာရီထိ အထွေထွေဗဟုသုတ

၂။ ဖြေဆိုရမည့်နေရာကို စာမေးပွဲဖြေဆိုခွင့်ကတ်ပြားတွင် တစ်ပါတည်း ဖော်ပြထားမည်ဖြစ်ပြီး (၁၃-၂-၂၀၂၅)ရက်မှစ၍ ရုံးချိန်အတွင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊ စီမံရေးရာဌာနခွဲ၊ နေပြည်တော်တွင် **မှတ်ပုံတင်(မူရင်း)နှင့်အတူ ထုတ်ယူသွားရန်** အသိပေးအပ်ပါသည်။

**စိစစ်ရွေးချယ်ရေးအဖွဲ့**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့၊ အထက(၃)ကျောင်းမှ ဒု-လယ်ပြ တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်ခိုင်သဇင်၏ ဖခင်ဦးဂျော်အားနီ ၁၃/ကတန(နိုင်)၀၈၉၈၇၈ (ခ)ဦးဂျွန်နီမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့၊ အထက(၃)ကျောင်းမှ စာရေး(၂)ရာထူးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်စန္ဒာထွန်း (ခ)ဒေါ်နန်းစန္ဒာထွန်း ၁၃/ကတန (နိုင်) ၀၈၄၈၃၂ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်း၊ M Tower 14လွှာ အမှတ် (14-01,14-04)၊ No (527)တွင် တည်ရှိသော BNK Capital Myanmar Co.,Ltd (ကုမ္ပဏီလိုင်စင်အမှတ်-၀၂၀၅/၂၀၁၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်-

| အမှတ်စဉ် | ရာထူး | BOD အဖွဲ့ဝင်များ | | စတင်အကျုံးဝင်သည့် နေ့ရက် |
|---|---|---|---|---|
| | | ယခင် | ယခု | |
| ၁။ | Director | Mr. Johgkeun NOH | Mr. Seongho OH | ၁-၁-၂၀၂၅ |
| ၂။ | Managing Director | Mr. Wonho SONG | Mr. Yunshik KIM | (၂၀၂၅ခုနှစ် ဇန်နဝါရီလ |
| ၃။ | Director | Mr. Suk Yeop LEE | Mr. Suk Yeop LEE | ၁ ရက်) |

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေသူမြင့်ဆွေ (LL.B)(စဉ်-၁၃၆၃၄/၂၀၁၇)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၅၇၃)၊ ပိန္နဲကုန်းရပ်ကွက်၊ သရက်ခြံလမ်း၊ အင်းစိန်မြို့နယ်

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက် အမှတ်(မ-၅၅)၊ ဦးပိုင်အမှတ်(၃၈)၊ ၅၃x၅၄ကြား၊ ၃၈(D)လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမင်းကျော်ဇော ၉/ခအဇ(နိုင်)၀၀၂၀၂၂ ၏ (SPရရှိသူ ဦးမျိုးမင်းထွန်း)ကအမှုတွဲအမှတ် ၆၅၄၄/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၄၆)၊ ဦးပိုင်အမှတ်(၂၅+၂၆)၊ ၅၅လမ်း၊ ၄၀x၄၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်သန်းအေး ၉/မရမ (နိုင်)၀၆၈၁၁၆ က အမှုတွဲအမှတ် ၆၅၄၃/၂၀၂၄-၂၀၂၅ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက် အမှတ်(ဇဇ-၁၉)၊ ဦးပိုင်အမှတ် (၇၈)၊ ၁၀၉လမ်း၊ ၅၀လမ်းထောင့်ရှိတောဂရန်မြေကွက်အမည်ပေါက်သူ တပ်သားဝင်းလွင် ၉/မနမ(နိုင်)၀၉၆၁၈၅ ရှိ (၄င်း၏SPရရှိသူ ဦးဂျစ်ဗဟာဒူး) က မြေချထားမိန့်၊ ငွေသွင်းပြေစာ၊ ဂရန်စာချုပ်မူရင်းများမှာ လက်ဝယ်တွင်အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဂရန်ပျောက်လျှောက်ထားရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့်ပျောက်ဆုံးသွားသော တပ်သားဝင်းလွင်အမည်ပေါက် တောဂရန်အမှုတွဲအမှတ် ၄၅၃၁/၁၉၉၂-၁၉၉၃ အား ဌာနမှပယ်ဖျက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၈)၊ ဦးပိုင်အမှတ်(၃၆)၊ ၅၈x၅၉ကြား၊ ကျန်စစ်xဗန္ဓုလလမ်းကြားရှိ ဗိုလ်မှူးမိုးဇော်ရွှေအမည်ပေါက်ဂရန်မြေကွက်အား တရားလို ဦးညဏ်လင်းအောင်ကတရားပြိုင် ဗိုလ်မှူးမိုးဇော်ရွှေ အပေါ်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၁၂/၂၀၂၄)ဖြင့်တရားစွဲဆိုခဲ့ရာတရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးညဏ်လင်းအောင် ၁၃/မဆတ(နိုင်)၀၅၂၂၆၈ က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့၊ အထက(၃)ကျောင်းမှအလယ်တန်းပြ တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်နန်းဖောင်းတစ် (ခ) ဒေါ်နန်းဖေါင်းတစ် ၁၃/ကတန(နိုင်)၀၀၀၈၆၄ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကြည်မိုးသန်း၏ သင်္ဘောသားမှတ်ပုံတင် (CDC-43882) စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၇၄၉၅၄၁၅၊ ၀၉-၅၀၅၄၅၄၆**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 51W/60747

Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9N/7121 SUZUKI EVERY DA64V DELIVERY VAN(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးငြိမ်းသူ ၉/ခအဇ(နိုင်)၀၆၂၀၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ လှည်းတန်းဈေး၏ အောက်ဖော်ပြပါ ဆိုင်ခန်းများမှ နှစ်ဦးသဘောတူ အရပ်ကတိအရောင်းအဝယ်စာချုပ် ပြုလုပ်ကြပြီး အမည်ပြောင်းလျှောက်ထားလာခြင်းအား (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်-

| စဉ် | ရုံ အမှတ် | ဆိုင် အမှတ် | မူလ အမည် | လျှောက်ထား သူအမည် | မှတ်ပုံတင် အမှတ် | စာချုပ်ချုပ် ဆိုသည့်ရက်စွဲ |
|---|---|---|---|---|---|---|
| ၁ | မ | ၁၇ | ဒေါ်နွဲ့ရင် | ဒေါ်လတ်ယဉ် | ၁၂/ကမရ(နိုင်)၀၀၄၁၁၇ | ၁၈-၃-၂၀၂၃ |
| ၂ | မသ | ၆၇ | ဒေါ်ခင်ခင် | ဒေါ်သက်ပန် | ၁၂/မရက(နိုင်)၁၃၄၂၅၄ | ၁၀-၉-၂၀၂၄ |
| ၃ | မသ | ၉၄ | ဦးကြည်လွင် | ဒေါ်သက်ပန် | ၁၂/မရက(နိုင်)၁၃၄၂၅၄ | ၁၀-၉-၂၀၂၄ |

ဈေးတာဝန်ခံ၊ လှည်းတန်းဈေး၊ ဖုန်း-၀၉-၄၃၀၆၆၈၂၉

ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အောင်သုခကျေးရွာနေ ဒေါ်ပြည့်ပြည့်ဖြိုး ၉/တသန(နိုင်)၁၈၃၈၈၂၏ မိခင် ဒေါ်ခင်စန်းမြင့် (ခ) ဒေါ်စန်းမှာ လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်ခင်စန်းမြင့် (ခ) ဒေါ်စန်း

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့၊ အထက(၃)၊ ဒု-လယ်ပြ တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်နော်ဖြူသင်းကြူ၏ ဖခင်ဦးအော်လေးဝါး(ခ)ဦးစောအော်လေးဝါး ၁၂/မသန(နိုင်)၀၀၆၃၆၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံမြို့၊ အထက(၃)မှ အထက်တန်းပြ တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်နွဲ့ယဉ်ပင်း(ခ) ဒေါ်နန်းနွဲ့ယဉ်ပင်း ၁၃/ကတန(နိုင်)၀၀၉၂၃၈ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၁-၂၀၂၅ရက် မြန်မာ့အလင်း သတင်းစာ၊ ကြော်ငြာ(၃၀) ၏ ကြော်ငြာစာတွင် တောဂရန်အမှုတွဲ အမှတ် (၃၀၆၂/၉၀-၉၁) အစား (၃၈၆၂/၉၀-၉၁) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/2607 MAZDA DEMIO DEBF3 H/B(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်း ၉/မရတ(နိုင်)၁၂၁၄၈၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး

(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 42W/93929 Yamaha Tricker 250 ယာဉ်လက်ဝယ်ရှိသူ ဦးဥက္ကာဝင်း ၉/အမဇ(နိုင်)၀၀၁၁၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး

(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မိကျောင်းရဲကျေးရွာအုပ်စု၊ သဟာယလမ်း၊ အမှတ်(၅၉) မြေကွက်ပေါ်တွင် ကျွန်တော် ဦးကိုထွေး (ဘ) ဦးပေါ်ကြီး ၈/မကန(နိုင်)၂၀၄၇၁၆မှ PRO အမှတ်တံဆိပ်ဖြင့် သောက်ရေသန့်ဘူး အမျိုးမျိုးအား မကွေးတိုင်းဒေသကြီးအတွင်းသို့ လက်လီ၊ လက်ကား ဖြန့်ချီ ရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ PRO သောက်ရေသန့်အမှတ်တံဆိပ်အမည်အား ကန့်ကွက်မည့်သူများ ရှိပါက ခိုင်လုံသောအထောက်အထားမှုရင်းများဖြင့် ကျွန်တော် ဦးကိုထွေးထံ ကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက သတင်းစာကြေညာချက်နှင့်တကွ PRO သောက်ရေသန့်အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနသို့ ဆက်လက်လျှောက်ထားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးကိုထွေး

အမှတ်(D-၂၁၁)၊ (၁၈)လမ်း၊ ကန်သာရပ်၊ မကွေးမြို့

ဖုန်း ၀၉-၇၉၄၅၁၅၃၇၄၊ ၀၉-၇၇၂၅၈၇၂၀၄

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## ( တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့်-၅ )

## တောင်ငူခရိုင် တရားရုံးတော်

## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၅၃

ဒေါ်ခင်နုနု (တရားလို) နှင့် ဒေါ်နန်းထက်ထက်အောင် (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်း၊ အမှတ်(၄၅၂) နေ ဒေါ်နန်းထက်ထက်အောင်(ဘ)ဦးငွေးနောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ယုံကြည်စွာဖြင့် အပ်နှံကူညီထားသည့် ငွေကျပ်သိန်းရှစ်ရာ(သိန်း၈၀၀)နှင့် နစ်နာကြေးငွေ သိန်းနှစ်ရာ(သိန်း ၂၀၀)၊ စုစုပေါင်း ငွေကျပ် သိန်းတစ်ထောင်(သိန်း ၁၀၀၀) တိတိရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း ၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်(၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၈ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ငွေးဝင်းအောင်)

ဒုတိယခရိုင်တရားသူကြီး(၃)

တောင်ငူခရိုင်တရားရုံး

## သားအဖြစ်မှ အပြီးအပိုင် အမွေပြတ် စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ်(၄)၊ အေဂျင်းရပ်နေ ဦးမောင်မောင်ဦး (၉/မခန(နိုင်)၁၂၁၅၀၀)-ဒေါ်ရီဇင်နွယ်(ခ) ဒေါ်ရီဇာနာ (၈/ခမန(နိုင်)၀၁၆၀၆၇)တို့ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ-

ကျွန်ုပ်မိတ်ဆွေများ၏သားအကြီးဖြစ်သူ ဦးမော်ဇင်ဦး (၉/မခန(နိုင်)၂၂၇၁၆၄) သည် မိဘများ၏ သွန်သင်ဆုံးမခြင်းကိုနာခံမှုမရှိဘဲ မိဘများနှင့် မောင်နှမများ၏ ဂုဏ်သိက္ခာကျဆင်းစေပြီး မမှန်မကန်ပြောဆိုကာ အရှက်တကွဲဖြစ်စေသည့် ကိစ္စရပ် များကို အကြိမ်ကြိမ်ကျူးလွန်ပြီး ခွင့်မလွှတ်နိုင်လောက်အောင်ပြုမူကျူးလွန်ခဲ့ပါသည်။ ဦးမော်ဇင်ဦး၏ ပြုလုပ်မှုများကြောင့် ကျွန်ုပ်မိတ်ဆွေ မိသားစုများမှာ ကိုယ်စိတ်နှစ်ပါးဆင်းရဲပြီး ဂုဏ်သိက္ခာကျဆင်းရပါသောကြောင့် ယနေ့မှစ၍ သားအဖြစ်မှ စွန့်လွှတ်ကြောင်း၊ အမွေစားအမွေခံခွင့် မရှိသည့်သား ဖြစ်ပါကြောင်းနှင့် ဦးမော်ဇင်ဦးနှင့် သက်ဆိုင်သည့်ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ဦးမော်ဇင်ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။ ကြော်ငြာပါသည့်ရက်မှစ၍ ကျွန်ုပ်မိတ်ဆွေများထံသို့ မည်သည့်အကြောင်းပြချက်နှင့်မှ ဦးမော်ဇင်ဦးနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအား လာရောက်စုံစမ်းမေးမြန်းခြင်း မပြုလုပ်ပါရန်နှင့် ဤကဲ့သို့ ကြေညာထားပါလျက်နှင့် လာရောက်ဆက်သွယ်မေးမြန်းပြီး ဂုဏ်သိက္ခာကျဆင်းအောင်ပြောဆိုသူ မည်သူ့ကိုမဆို သက်ဆိုင်ရာဥပဒေများ နှင့်အညီ ပြန်လည်တုန့်ပြန်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးမော်ဇင်ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးနေလင်းအောင် (LL.B)

တရားလွှတ်တော်ရှေ့နေ (စဉ်-၈၉၆၆)

အမှတ် (၁၀၀)၊ ပြည်တော်သာ (၃)လမ်း၊ ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့၊

ဖုန်း-၀၉-၂၀၄၆၇၃၉၊ ၀၉-၇၈၂၀၄၆၇၃၉

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀ )

## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄

ဦးကျော်အေး (တရားလို) နှင့် ဦးလှဝင်း (တရားပြိုင်)

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက် ၊ အကွက်အမှတ် (ညည-၂၀/၃၅)နေ ဦးလှဝင်း (ဘ)ဦးသောင်းဖေ (ယခုနေရင်လိပ်စာမသိ) သိစေရမည်။

တရားပြိုင် ဦးလှဝင်း သင့်အပေါ်၌ တရားလို ဦးကျော်အေးက ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၇)၊ ဦးပိုင်အမှတ် ( ၅၆)၊ ဧရိယာ(၀ ဒသမ၀၅၅)ဧကအကျယ်အဝန်းရှိ ဦးလှဝင်း အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေ နှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၈ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင်အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကြည်ပြာဆင့်)

မြို့နယ်တရားသူကြီး

ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၁၆)၊ ဦးပိုင်အမှတ် (၁၂)၊ ၄၇x၄၈ကြား၊ ၁၀၈x၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဘောမ်လွန်(ခ)ဘောင်လွန် ၉/မနမ(နိုင်)၀၈၁၀၃၂၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၃၇၁၅/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကျော်မောင်(ခ)ရန်ချင်ရှင် ၁၃/မကန(နိုင်)၀၃၁၂၀၉ ကဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၉)၊ ဦးပိုင်အမှတ် (၄၃)၊ ၆၇x၆၈ကြား၊ BxCလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဗိုလ်မှူးကြီးအောင်စောဝင်း ၁၂/ဗဟန(နိုင်)၀၇၉၆၈၈၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၃၈၀/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတင်ဝင်း ၉/မနမ(နိုင်)၀၅၉၆၁၆ ကဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်

## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆

ဦးမူနား (ခ) Muna @ Sunil Kumar Kedia (တရားလို) နှင့် ဦးအားယူ (တရားပြိုင်)

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက် (ဓေ-၄) နေ ဦးအားယူ (ဘ) ဦးစိုင်းလုံ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ ဦးမူနား(ခ)Muna @ Sunil Kumar Kedia က မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဓေ-၄)၊ ဦးပိုင်အမှတ် (၇၃)၊ ဧရိယာ ၀ ဒသမ ၀၅၁ဧကေ အကျယ်အဝန်းရှိ ဦးအားယူ အမည်ပေါက် ဂရန်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ရက် (၁၃၈၆ ခုနှစ်၊ တပို့တွဲလဆုတ် ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဂျူးဂျူးစံ)

ဒုတိယမြို့နယ်တရားသူကြီး(၁)

ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

## ဒုတိယအကြိမ်အစည်းအဝေးဖိတ်ကြားခြင်း

Shwe Kant Kaw Linn Co.,Ltd, Oversea Employment Agency မှ အစုရှယ်ယာရှင်ဒုတိယအကြိမ်အစည်းအဝေးကျင်းပမည်ဖြစ်ပါသဖြင့် Shwe Kant Kaw Linn Agency တွင်ပါဝင်သည့် ဒါရိုက်တာအဖွဲ့ဝင်များအားလုံး မပျက်မကွက် တက်ရောက်ပေးပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေရာ - အမှတ်(၁၇၂)၊ ပညာတန်ဆောင်(၁)လမ်း၊ (၄၃)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ကျင်းပမည့်အချိန် - မွန်းလွဲ ၁နာရီတိတိ

ကျင်းပမည့်ရက် - ၁၄-၂-၂၀၂၅ရက်

ဦးကျော်ကျော်ဝင်း မန်နေဂျင်းဒါရိုက်တာ

Shwe Kant Kaw Linn Co.,Ltd

Oversea Employment Agency

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂ )

## မဟာအောင်မြေခရိုင် တရားရုံးတော်

## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၅၆နှင့် ဆက်နွှယ်သည့် ၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၁၁

ဒေါ်အေးအေးသန်း (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်ကေသီ) (တရားနိုင်) နှင့်

၁။ ဒေါ်မေသက်ခိုင်

၂။ ဒေါ်စိုးစိုးငြိမ်း

၃။ ဦးကျော်ဝင်း

၄။ ဒေါ်တင်တင်ဦး

၅။ ကိုစည်သူနိုင်

၆။ မအိမွန်ကျော်

၇။ မီးမီး(ခ)မဇင်ဝေဦး

(တရားရှုံးများ)

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ မနော်ဟရီလမ်းနှင့် နှင်းဆီလမ်းကြား၊ ၄၇ x ၄၈လမ်းကြား၊ ဦးပိုင်(၇၆)၊ အကွက်(ဖဖ-၈)နေ ၁။ ဒေါ်မေသက်ခိုင်၊ ၂။ ဒေါ်စိုးစိုးငြိမ်း၊ ၃။ ဦးကျော်ဝင်း၊ ၄။ ဒေါ်တင်တင်ဦး၊ ၅။ ကိုစည်သူနိုင်၊ ၆။ မအိမွန်ကျော်၊ ၇။ မီးမီး(ခ) မဇင်ဝေဦး (ယခုနေရပ် လိပ်စာ မသိသူများ)အား သိစေရမည်။

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၅၆တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင်တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၁ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သူဇာဦး)

ဒုတိယခရိုင်တရားသူကြီး(၄)

မဟာအောင်မြေခရိုင်တရားရုံး

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/6271 Yamaha FZ 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာမောင် ၅/ရဘန(နိုင်)၂၅၀၆၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး

(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 5E/7549 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သန်းသန်းအေး ၁၂/ရကန(နိုင်)၀၄၁၆၅၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းခရိုင်၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ မြို့ဟောင်း(၂)လမ်း၊ အမှတ်(၈၆၂ )ဟုခေါ်တွင်သော (၂)ခန်းတွဲ (၃)ထပ်ခွဲတိုက်အဆောက်အအုံမှ တတိယထပ် (၂)ခန်း (ခြေရင်းခန်း + ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂ ½ ပေx‌ပေ၅၀)ရှိ မီတာ၊ ရေမော်တာပါရှိသောတိုက်ခန်း (၂)ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်လှမြင့် ၁၂/မရက(ပြု)၀၀၀၂၅၇ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းကျော် ၉/မထလ(နိုင်)၂၂၄၂၆၈က အပြီးအပိုင်လက်ရောက်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေများကို ပေးချေထားပြီးဖြစ်၍ ၎င်းကိစ္စနှင့်ပတ်သက်ပြီး ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသူ မည်သူမဆို စာရွက်စာတမ်းမူရင်းများနှင့်တကွ ကြေညာချက်ပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါအရောင်းအဝယ်ကိုဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားမှုအရ-

ဦးထက်နောင်လှိုင်(LL.B, DIL)

အထက်တန်းရှေ့နေ (စဉ်-၄၃၄၈၁)

အမှတ်(၈၆၈)၊ (၃)လွှာ၊ ခေါင်းရင်းခြမ်း၊ (၂)လမ်း၊ (၁)ရပ်ကွက်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

ဖုန်း-၀၉-၄၀၃၉၈၉၄၇၄

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၁၄

ဦးဇင်မင်းမောင် နှင့် ဒေါ်ကေသီရင်

**တရားလို** **တရားပြိုင်**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်အမှတ် (ဇဇ-၂၆/၃၂)၊ ထွန်တုံးရပ်ကွက်နေ ဦးခင်မောင်ရင်၏သမီးဖြစ်သူ ဒေါ်ကေသီရင် (MDYNE - ၀၂၅၇၆၆ )(ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးဇင်မင်းမောင် က မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် (စစ-၅)၊ ဦးပိုင်အမှတ်(၁၃၈)၊ ဧရိယာ ၀ ဒသမ ၀၂၇၅ဧကရှိ မြေကွက်အား မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မတ်လ ၄ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာမှတ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( သူရစိုးဝင်း )
မြို့နယ်တရားသူကြီး
ချမ်းမြသာစည်မြို့နယ်တရားရုံး

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၂၁၅

ဒေါ်ကြည်မြင့်(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်အေးကြည်ငွေ) နှင့် ၁။ ဒေါ်လုဆန် ၂။ ဦးထွန်းအောင်ကျော်

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူ ၁။ ဒေါ်လုဆန် Texas . BBQ လမ်း ၃၀၊ ၅၈ x ၅၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဒေါ်ကြည်မြင့် (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်အေးကြည်ငွေ) က ဤရုံးသို့ အောင်မြေသာစံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် - ၁၇/၂၀၂၃၊ ကျူးကျော်သူအား နှင်လိုမှု စွဲဆိုမှုတွင် တရားလိုရှေ့နေမှ "ချမ်းမြသာစည်မြို့နယ်တရားရုံး၊ တရားမအသေးအဖွဲ့မှုအမှတ်-၂/၂၀၁၆၏ အမိန့်နှင့် ထုံးပုံကျအမိန့်မိတ္တူ"ကို တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်းဥပဒေ ၂ အရ သက်သေခံတင်သွင်းခွင့်ပြုပါရန် လျှောက်ထားချက်အား ရုံးတော်မှ ၂၃-၂-၂၀၂၄ရက်တွင် ပယ်ကြောင်း ချမှတ်လိုက်သည့် အမိန့်အပေါ် မူလရုံးတရားလိုမှ ပြင်ဆင်မှုတင်သွင်းလျှောက်ထားလာသဖြင့် သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၅ ခုနှစ်၊ မတ်လ ၄ ရက် ( ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက် ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက် ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပွင့်ဖြိုးလင်း)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေ အရှေ့ရပ်ကွက်၊ အကွက် အမှတ်(၁၆၄)၊ ဦးပိုင်အမှတ် (၆)၊ ၂၃လမ်း၊ ၈၀x၈၁ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်စန်းစန်းရင် ၉/မနမ(နိုင်)၀၃၁၁၉၇ ကဘိုးဘ အမည်ပေါက်မြေပုံ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ငင-၁)၊ ဦးပိုင်အမှတ် (၄၇)၊ ၅၈x၅၉ကြား၊ ၁၀၄x၁၀၅ကြားရှိဦးမြသောင်းအမည်ပေါက်တောဂရန်မြေကွက်အား ဦးလေးဦးမြသောင်းနှင့်ဇနီးဒေါ်အေးညို ဖခင် ဦးဘဆောင်း၊ မိခင် ဒေါ်ကြည်ကြည်မြင့်တို့ကွယ်လွန်၍ ကျန်ရစ်သော တစ်ဦးတည်းသောသမီး၊ တူမဖြစ်သူဒေါ်ဥမ္မာချို ၉/မရမ(နိုင်)၀၃၆၃၉၄ က ၂၄၀၀ိ/-ကျပ်ငွေသွင်းပြေစာမူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်းရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့ တင်ပြ၍ ကန့်ကွက်လွှာအား ဖျက်သိမ်းပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၁၈၀

၁။ ဦးအောင်မင်း ၂။ ဒေါ်ဝင်းမာ နှင့် ၁။ ဦးဝင်းနိုင် ၂။ ဒေါ်နီလာ ၃။ ဒေါ်ခင်မို့မို့လွင် ၄။ ဒေါ်စန္ဒာဝင်း

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူ ၃။ ဒေါ်ခင်မို့မို့လွင် အကွက်(၁၅၅)၊ (၁၉)လမ်း၊ ၈၀-၈၁လမ်းကြား၊ ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဦးအောင်မင်းပါ(၂)က ဤရုံးသို့ အောင်မြေသာစံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၄၈၇/၂၀၂၂ ၊ နှစ်ဦးသဘောတူဝန်ခံကတိပြုစာချုပ်အရ ငွေကျပ်သိန်း ၁၀၆၀နှင့် နစ်နာကြေးငွေ ကျပ်သိန်း ၅၀၀၊ စုစုပေါင်းငွေကျပ်သိန်း ၁၅၆၀ရလိုမှု စွဲဆိုမှုတွင် မူလရုံးအမှတ်(၂၊ ၃၊ ၄)တရားပြိုင်များ၏ ရှေ့နေများက တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊ နည်းဥပဒေ ၅(၁)အရ နောက်တိုးငြင်းချက်ထုတ်နုတ်ပေးရန်နှင့် နည်းဥပဒေ ၂အရ ငြင်းချက်အမှတ်(၅)အား ပဏာမငြင်းချက်အဖြစ် သတ်မှတ်ပေးရန် လျှောက်ထားချက်ကို ပယ်ကြောင်း ချမှတ်လိုက်သည့်အမိန့်အပေါ် မူလရုံးအမှတ်(၂၊ ၄)တရားပြိုင်တို့မှ ပြင်ဆင်မှုတင်သွင်းလျှောက်ထားလာသဖြင့် သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၅ ခုနှစ်၊ မတ်လ ၅ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပွင့်ဖြိုးလင်း)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၂၁၆

ဒေါ်ကြည်မြင့်(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်အေးကြည်ငွေ) နှင့် ၁။ ဒေါ်လုဆန် ၂။ ဦးထွန်းအောင်ကျော်

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

လျှောက်ထားခံရသူ ၁။ ဒေါ်လုဆန် Texas.BBQ လမ်း၃၀၊ ၅၈x၅၉လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

အထက်အမည်ပါ ဒေါ်ကြည်မြင့် (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်အေးကြည်ငွေ) က ဤရုံးသို့ အောင်မြေသာစံခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်- ၁၇/၂၀၂၃၊ ကျူးကျော်သူအား နှင်လိုမှုစွဲဆိုမှုတွင် ရုံးတော်မှ ပထမအကြိမ် တရားမကျင့်ထုံးဥပဒေအမိန့် ၁၃၊ နည်းဥပဒေ ၂ အရ တင်သွင်းခွင့်မပြုခဲ့သည့် ချမ်းမြသာစည်မြို့နယ်တရားရုံး၊ တရားမအသေးအဖွဲ့မှုအမှတ် ၂/၂၀၁၆၏ အမိန့်နှင့် ထုံးပုံကျအမိန့်မိတ္တူကို တရားလို၏ရှေ့နေမှ ထပ်မံ၍ အဆိုပါအမိန့်၏ တာဝန်ခံမိတ္တူဖြင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၃၊ နည်းဥပဒေ ၂ အရ သက်သေခံအဖြစ် တင်သွင်းခွင့်ပြုပါရန် လျှောက်ထားချက်အား ရုံးတော်မှ ၅-၃-၂၀၂၄ရက်တွင် ပယ်ကြောင်း ချမှတ်လိုက်သည့် အမိန့်အပေါ် မူလရုံး တရားလိုမှ ပြင်ဆင်မှုတင်သွင်းလျှောက်ထားလာသဖြင့် သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၂၅ ခုနှစ်၊ မတ်လ(၄)ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပွင့်ဖြိုးလင်း)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/6217 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊သီရိဟေမာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၄၃)၊ ဦးပိုင်အမှတ် (၁၆-ဆခဲစင်း)၊ ၂၆လမ်း၊ ၈၆x၈၇လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးဇော်မြင့် ၉/မနတ(နိုင်)၀၃၂၉၆၄ က ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1TLR/5355 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 79W/19156 Super Anbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်ခိုင်ဝင်း ၉/မရမ(နိုင်)၀၈၉၅၉၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/28911 Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Mya Wadi Tun Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/13976 Adixin 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူထွေး ၉/ခမစ(နိုင်)၀၀၃၀၀၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၀၅)၊ ဦးပိုင်အမှတ် (၄၃-က)၊ ၃၃x၃၄ကြား၊ ၇၅x၇၆ ကြားရှိ ဦးဝင်းမောင် အမည်ပေါက်ဂရန်မြေကွက်အား ခင်ပွန်းဦးဝင်းမောင်(ခ)မင်းမောင်ကွယ်လွန်၍ ကျန်ရစ်သူဇနီးနှင့်သားသမီးများဖြစ်ကြသော ဒေါ်ခင်မြမြ ၉/မရမ(နိုင်)၀၃၆၂၆၆၊ ဦးကျော်ကျော်ဝင်း ၉/မရမ(နိုင်)၀၃၆၂၆၇၊ ဒေါ်အိရွှေစင်ဝင်း ၉/ခအဇ(နိုင်)၀၁၁၀၆၁၊ ဦးနေမျိုးထက် ၉/ခအဇ(နိုင်)၀၁၁၀၅၆၊ ဒေါ်မြနန္ဒာဝင်း ၉/ပကခ(နိုင်)၀၂၇၇၄၃ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်နှင့်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 14U/8246 Zong Shen ZS200 ZH-15P Three Wheel Vehicle (passenger) ယာဉ်လက်ဝယ်ရှိသူ BAO Yi Lin Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/ 81446 TVS DAZZ 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲရင့်ဇော် ၅/စကန(နိုင်)၃၀၂၃၁၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 4M/9967 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကြော်ငြာစာ

မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၃)၊ ဦးပိုင်အမှတ် (၂၀-ဋ္ဌ)၊ ၈၂လမ်း၊ ၂၀x၂၁ကြားရှိ ဦးခင်မောင် အမည်ပေါက်ဘိုးဘမြေကွက်အားဖခင်ဦးခင်မောင်၊ မိခင်ဒေါ်ခင်သန်း၊ သမီးဒေါ်ခင်နှင်းဆီ(အပျိုဘဝ)တို့ကွယ်လွန်၍ ကျန်ရစ်သူသားသမီး များဖြစ်ကြသော ဒေါ်ကြူကြူဝင်း ၉/မနမ(နိုင်)၁၁၂၀၆၊ ဒေါ်နီနီအေး ၉/မနမ(နိုင်)၁၁၂၅၂၊ ဦးခင်မောင်ထွန်း ၉/မနမ(နိုင်)၁၁၂၀၃၊ ဦးခင်မောင်စိုး ၉/မနမ(နိုင်)၁၁၂၀၂၊ ဦးခင်မောင်လင်း ၉/အမဇ(နိုင်)၀၁၉၉၀၈၊ ဒေါ်မီမီအောင် ၉/အမဇ(နိုင်)၀၁၉၉၀၇ တို့ကဘိုးဘ အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဉ္စနာမဟီရပ်ကွက်၊ အကွက်အမှတ်(၆၄၁)၊ ဦးပိုင်အမှတ် (၉၃-င)၊ ၃၄x၃၅ကြား၊ ၇၆x၇၇ကြားရှိ ဒေါ်သန်းညွန့်၊ ဒေါ်မြကြည်အမည်ပေါက်ဂရန်မြေကွက်အားဖခင်ဦးဘိုညို၊ မိခင်ဒေါ်သန်းညွန့်၊ ဖခင်ဦးကျော်ညွန့်၊ မိခင်ဒေါ်မြကြည်တို့ ကွယ်လွန်၍ ကျန်ရစ်သူသမီးများဖြစ်ကြသော ဒေါ်ခင်မာကြည် ၉/မရတ(နိုင်)၀၅၁၃၀၉၊ ဒေါ်ခင်မာရီ(ခ)ဒေါ်ခင်မရီ ၉/မရတ(နိုင်)၀၇၇၂၈၃၊ ဒေါ်မြင့်မြင့်သန်း ၉/မရမ(နိုင်)၀၄၁၄၈၁၊ ဒေါ်အေးအေး ၉/မရမ(နိုင်)၀၃၄၇၂၁ တို့က သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ခ-၂)၊ ဦးပိုင်အမှတ်(၆၃)၊ ၄၀x၄၁ကြား၊ ၆၆x၆၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမင်းသူ ၏(SPရရှိသူ ဒေါ်နှင်းယုလှိုင်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၈၉၇/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးသက်နိုင်စိုး ၁၂/ဒပန(နိုင်)၀၃၇၅၀၃၊ ဒေါ်မျိုးမြတ်မွန် ၉/မဟမ(နိုင်)၀၀၆၈၈၀ တို့ကအမှုတွဲအမှတ် ၆၅၁၅/၂၀၂၄-၂၀၂၅ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပါတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက် အမှတ်(၇၃၄)၊ ဦးပိုင်အမှတ် (၈၄)၊ ၂၈Bလမ်း၊ ၇၁x၇၂ ကြားရှိ ဦးချို၊ ဒေါ်မြင့်မြင့်စမ်းအမည်ပေါက်ဂရန်မြေကွက်အား ဇနီးဒေါ်မြင့်မြင့်စမ်း ကွယ်လွန်၍ ကျန်ရစ်သောပူးတွဲအမည်ပေါက်သူ ဦးချို ၉/မရမ(နိုင်)၀၇၂၃၀၄ က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဉ္စနာမဟီရပ်ကွက်၊ အကွက်အမှတ်(၆၂၅)၊ ဦးပိုင်အမှတ် (၁၂)၊ ၃၀လမ်း၊ ၇၆x၇၇ကြားရှိ ဦးစိုင်းဆိုင်ဝမ်းတစ်၊ ဦးလှမင်း၊ ဦးစိုင်းဆိုင်လင်းတို့ ၃ ဦး အမည်ပေါက်ဘိုးဘမြေကွက်အားညီဖြစ်သူဦးစိုင်းဆိုင်လင်း(လူပျိုဘဝ)ကွယ်လွန်၍ ကျန်ရစ်သူပူးတွဲအမည်ပေါက်သည့် အစ်ကိုများဖြစ်သော ဦးစိုင်းဆိုင်ဝမ်းတစ် ၉/မရမ(နိုင်)၀၀၆၀၂၁၊ ဦးလှမင်း ၉/မရမ(နိုင်)၀၀၆၀၂၂ တို့က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

❖ **စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ် ...**

❖ **စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ် ...**

❖ **တစ်ဦးချင်းအသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို ...**

❖ **ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို ...**

❖ **စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ် ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုဆောင်ရွက်နေသည့် တရုတ်နိုင်ငံသား ၂၁ ဦး ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ



ဖေဖော်ဝါရီ ၉ ရက်တွင် ထပ်မံဖော်ထုတ်ဖမ်းဆီးရမိသည့် တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု လုပ်ဆောင်နေသူများအား တွေ့ရစဉ်။

နေပြည်တော် ဖေဖော်ဝါရီ ၁၀

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ အများစုသည် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားများအတွက် အလုပ်လုပ်ကိုင်ရန် တရားမဝင် ဝင်ရောက်လာကြသူများဖြစ်ကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း အဆိုပါ တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းအပါအဝင် အခြားဒုစရိုက်လုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် ပူးပေါင်းအဖွဲ့များက တက်ကြွစွာဖြင့် တင်းတင်းကျပ်ကျပ် ရှာဖွေစစ်ဆေးဖော်ထုတ်ဖမ်းဆီးမှုများ အဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

*စာမျက်နှာ ၁၅ ကော်လံ ၃* ❑

## (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲနှင့် ဖျော်ဖြေပွဲကို တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်တွင် နေပြည်တော် မြို့တော်ခန်းမရှေ့ ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနား ကျင်းပပုံများကို ယင်းနေ့ နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်၍ MRTV–HD ၊ MRTV News ၊ MRTV Farmers’ ၊ MRTV Sports ၊ MRTV Parliament ၊ MRTV NRC နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများဖြစ်သော 5 Plus၊ Readers’ Channel၊ Channel 9 ၊ MNTV ၊ Skynet Up to Date Channel တို့အပြင် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD HD ၊ MWD VARIETY HD တို့မှလည်းကောင်း၊

*စာမျက်နှာ ၁၅ ကော်လံ ၁* ❂

## ပလိုင်းမောက်ကို နာမည်ကြီး လီဗာပူး ရှုံးနိမ့်ပြီး အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်ရပြီ

အက်ဖ်အေဖလားပြိုင်ပွဲ စတုတ္ထအဆင့်မှ စိတ်ဝင်စားဖွယ်ရာအကောင်းဆုံးပွဲစဉ် တစ်ပွဲဖြစ်သည့် ချန်ပီယံရှစ်ကလပ် ပလိုင်းမောက်နှင့် ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းပွဲစဉ်တွင် ပလိုင်းမောက်အသင်းက တစ်ဂိုး – ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

အဆိုပါ ပွဲစဉ်ကို ဖေဖော်ဝါရီ ၉ ရက် ည ၉ နာရီခွဲက

*စာမျက်နှာ ၁၅ ကော်လံ ၃* ❍



လီဗာပူးကစားသမား နူနက်ဇ်၏ ဂိုးသွင်းယူမှုကို ပလိုင်းမောက်ဂိုးသမား ဟာဇက် ပုတ်ထုတ်ကာကွယ်စဉ်။

**ယနေ့ သတင်းအညွှန်း**

**ပါလက်စတိုင်းများကို ဖယ်ရှားပိုင်ခွင့်ဩဇာ မည်သူ့မှာမျှမရှိဟု တူကီယဲသမ္မတ အာဒိုဂန်ပြော** နိုင်ငံတကာသတင်း စာ ၁၉

**မအူပင်ခရိုင်အတွင်း ပြည်ပပို့ကုန်ဖြစ်သည့် ငရုတ်သီး ၆၆၆၁ ဧက စိုက်ပျိုးထားရှိ** စီးပွားရေးသတင်းများ စာ ၁၆

**ညစ်ညမ်းစာများကို ပုံနှိပ်၊ ထုတ်ဝေခဲ့သည့်အတွက် လုပ်ငန်းပိတ်သိမ်းထားသော ပုံနှိပ်သူနှင့်ထုတ်ဝေသူများ စာရင်းအား အသိပေးကြေညာခြင်း** ပြည်တွင်းသတင်း စာ ၁၇

# မြန်မာ့အလင်း

၁၃၈၆ ခုနှစ်၊ တပို့တွဲလပြည့်နေ့

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့




*အချပ်ပို (ဃ) မှ*

ကောင်းတာ၊ မကောင်းတာ ဆင်ခြင်ပြီး လုပ်သင့် မလုပ်သင့်၊ ဖြစ်သင့် မဖြစ်သင့် ခွဲခြားနိုင်စွမ်းရှိမှသာ ပညာဖြစ်တယ်လို့ ဆိုပါတယ်။ ဒါဆိုရင် ကိုယ့်ကိုယ်ကိုယ် ယဉ်ကျေးပါတယ်ဆိုတဲ့ လူမျိုးတွေ ဘာကြောင့် အစွန်းရောက်နေကြသလဲ။ အကြမ်းဖက်ကို ဘာကြောင့်မွေးထုတ်နေကြသလဲ။ ကိုယ့်ဒေသကိုယ် ဘာကြောင့် ဖျက်ဆီးနေကြသလဲ။ ဆိုရရင် ပညာမဲ့လို့၊ ဉာဏ်အမြော်အမြင်မရှိကြလို့ပဲလို့ ဖြေရပါမယ်။ အမှန်တော့ ဉာဏ်ပညာနဲ့ အရည်အချင်းရှိသူများဟာ စစ်ကို ဘယ်တော့မှ ဖန်တီးလေ့မရှိပါဘူး။

## သစ္စာရှိမှုလည်း လိုအပ်

ယခုလက်ရှိအခြေအနေအရ စေတနာကောင်းတွေ မပြသနိုင်သေးသရွေ့ သစ္စာမဲ့မှုအောက်မှာ အမှောင်ထဲ တဝဲလည်လည် ကျင်လည်ကြရဦးမယ့် အခြေအနေပါ။ ဒီနေရာမှာ ရိုးဂုဏ်နဲ့ ဖြောင့်မတ်မှု ကိုယ်ရည်ကိုယ်သွေးတစ်ခုဟာ ငြိမ်းချမ်းရေးအတွက် အလွန်အရေးကြီးပါတယ်။ ရိုးသားမှုကလာတဲ့ ယုံကြည်မှုနဲ့ နားလည်မှုဟာ တိုင်းရင်းသားတွေကြားမှာ အေးအတူပူအမျှစိတ်ထားတွေကို တိုးပွားစေပါတယ်။ ဒီလိုစိတ်ထား ဒီလိုစိတ်ဓာတ်ကောင်းတွေကြောင့် အချင်းချင်းတောင် အသက်ပေးဝံ့ခဲ့ကြတယ် မဟုတ်ပါလား။ တစ်ဦးဒုက္ခရောက်ရင် တစ်ဦးက ကူညီဖို့ ဝန်မလေး၊ ကျောချင်းကပ်ဖြေရှင်းပေးရဲခဲ့ကြတယ်။ ဒါဟာ သစ္စာတရားပါ။

တိုင်းရင်းသားတို့ရဲ့အတိတ်မှာ စိတ်ဓာတ်ကောင်းကောင်းနဲ့ ညီညွတ်ခဲ့ကြတဲ့ သမိုင်းကြောင်းတွေရှိခဲ့ခြင်းဟာ သစ္စာရှိကြလို့ပါ။ ဒါဟာပင် ညီညွတ်မှုရှိတဲ့ ပြည်ထောင်စုရဲ့ တန်ဖိုးတစ်ခုအလားလက်ခံနိုင်ရပါမယ်။ တစ်ဦးဒုက္ခရောက်ရင် တစ်ဦးက ကူညီတယ်၊ ရိုင်းပင်းတယ်၊ လိုအပ်ရင်အသက်ပေးပြီး ကာကွယ်တယ်၊ လက်သည်းဆိတ်တော့ လက်ထိပ်နာဆိုသလို အမျိုးကိုထိရင် မချိအောင်နာတတ်တဲ့ ပြည်ထောင်စုစိတ်ဓာတ်မျိုးဟာ ရိုးသားဖြောင့်မတ်ပြီး သစ္စာရှိတဲ့ လူမျိုးဆီကသာ ရနိုင်မယ်ထင်တယ်။ အတွေ့အကြုံများအရ ပြည်နယ်တစ်ခုမှန်တိုင်းသင့်တော့ ကျန်မြန်မာတိုင်းရင်းသားအားလုံးက မနော စာနာစိတ်အပြည့်နဲ့ ငွေအား၊ လူအား စုပေါင်းပါဝင်ကူညီခဲ့ကြတဲ့ အစဉ်အလာရှိခဲ့ဖူးတယ်။ ကိုယ့်အမျိုးပမာ အစော်ကားခံရလို့ မခံချင်စိတ်နဲ့ သွေးဆူခဲ့ကြဖူးတဲ့သမိုင်း၊ အနောက်တံခါးဝကို ဘာသာခြား၊ လူမျိုးခြားတွေ အကြိမ်ကြိမ်ကျူးကျော်ခံရစဉ်က ကိုယ့်တိုင်းရင်းသားဘက်က အသက်ပေးကာကွယ်ခဲ့ကြဖူးတဲ့သင်ခန်းစာ... ဒီလိုစိတ်ဓာတ်တွေ ဘာကြောင့်ထားနိုင်ခဲ့ကြသလဲ၊ ရိုးသားတဲ့ တိုင်းရင်းသားများရဲ့ ဖြောင့်မတ်တဲ့ စိတ်ထားတွေကြောင့်၊ သစ္စာရှိပြီး ပညာပြည့်တဲ့ နိုင်ငံသားတွေကြောင့်၊ ထားအပ်တဲ့ဒုက္ခသည်တွေအပေါ် ထားတတ်တဲ့ ဆွေမျိုးသားချင်း ပြည်ထောင်စုစိတ်ဓာတ်ကြီးကြောင့် ဒီလိုလက္ခဏာတွေ ပြသနိုင်ခဲ့ကြခြင်း ဖြစ်ပါတယ်။



◆ ၁၂-၂-၁၉၄၇ ရက်က ပင်လုံသဘောတူစာချုပ် ချုပ်ဆိုနိုင်ခဲ့သည့် အထိမ်းအမှတ်အဖြစ် စိုက်ထူထားသည့် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့ရှိ ပင်လုံကျောက်တိုင်။

**“ယခုအခြေအနေမှာ အချို့နိုင်ငံသား၊ အချို့သောတိုင်းရင်းသားတွေဟာ နိုင်ငံ့မျက်နှာ မကြည့်ကြတော့ဘူး၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသအရေးလည်း မြင်နိုင်စွမ်းမရှိကြ၊ မိမိအရေး၊ မိသားစုဆွေမျိုးကောင်းစားရေး ကိုယ်ကျိုးအတ္တသက်သက်သာ ဦးစားပေးနေကြတော့တယ်။ အတ္တနဲ့ပရကြားမှာ များစွာပြောင်းလဲသွားခဲ့ကြပါပြီ။ တချို့တိုင်းရင်းသားတွေက ဗဟိုချက်မတစ်ခုတည်းအောက်မှာ တစ်ဦးတစ်ယောက် တစ်စုတစ်ဖွဲ့ကပဲ ကြီးစိုးနေသယောင် ထင်မှတ်မှားကြတယ်။ အမှန်မှာ ဗဟိုမှာက အားလုံးကို ကိုယ်စားပြုနေတာ။ တစ်ဦးတစ်ယောက်တည်းက စိုးမိုးထားသော လူမျိုးကြီးဝါဒဆိုတာ အမှန်တကယ် မရှိပါဘူး။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဘယ်နေရာ ဘယ်အလွှာမှာမှ ခွဲခြားထားခြင်းမရှိပါဘူး။ ငြိမ်းချမ်းခြင်း၊ မငြိမ်းချမ်းခြင်း အဖျက်လုပ်ရပ် ထူပြော၊ မထူပြောမှုအပေါ်မှာသာ မူတည်ပြီး ဖွံ့ဖြိုးမှုအနိမ့်၊ အမြင့် ကွာဟချက် ရှိကောင်း ရှိနေခြင်း ဖြစ်ပါတယ်။ ကျန်တာ အတူတူပါပဲ။ တချို့အတ္တဝါဒီတွေရဲ့ လောဘနဲ့ အကျိုးစီးပွား၊ သတင်းမီဒီယာတွေရဲ့ဘက်လိုက်မှုနဲ့ လူမျိုးရေးအရ သွေးခွဲမှု၊ လူအချင်းချင်း ခွဲခြားမှုတွေကြောင့်သာ ပဋိပက္ခနဲ့ စစ်နွံတွင်း နစ်နေရတာ ဖြစ်ပါတယ်”**



◆ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို မြစ်ကြီးနားမြို့၌ ရိုးရာမနောအကဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပခဲ့စဉ်။

## ဘာမှ ခွဲခြားထားခြင်းမရှိ

ယခုအခြေအနေမှာ အချို့နိုင်ငံသား၊ အချို့သောတိုင်းရင်းသားတွေဟာ နိုင်ငံ့မျက်နှာမကြည့်ကြတော့ဘူး၊ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသအရေးလည်း မြင်နိုင်စွမ်းမရှိကြ၊ မိမိအရေး၊ မိသားစုဆွေမျိုးကောင်းစားရေး ကိုယ်ကျိုးအတ္တသက်သက်သာ ဦးစားပေးနေကြတော့တယ်။ အတ္တနဲ့ပရကြားမှာ များစွာပြောင်းလဲသွားခဲ့ကြပါပြီ။ တချို့တိုင်းရင်းသားတွေက ဗဟိုချက်မတစ်ခုတည်းအောက်မှာ တစ်ဦးတစ်ယောက် တစ်စုတစ်ဖွဲ့ကပဲ ကြီးစိုးနေသယောင် ထင်မှတ်မှားကြတယ်။ အမှန်မှာ ဗဟိုမှာက အားလုံးကို ကိုယ်စားပြုနေတာ။ တစ်ဦးတစ်ယောက်တည်းက စိုးမိုးထားသော လူမျိုးကြီးဝါဒဆိုတာ အမှန်တကယ် မရှိပါဘူး။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဘယ်နေရာ ဘယ်အလွှာမှာမှ ခွဲခြားထားခြင်းမရှိပါဘူး။ ငြိမ်းချမ်းခြင်း၊ မငြိမ်းချမ်းခြင်း အဖျက်

*အချပ်ပို (ဂ) သို့*

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ပြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




*အချပ်ပို (ခ) မှ*

လုပ်ရပ် ထုတ်ပြော၊ မထုပြောမှုအပေါ်မှာသာ မူတည်ပြီး ဖွံ့ဖြိုးမှုအနိမ့်၊ အမြင့် ကွာဟချက် ရှိကောင်း ရှိနေခြင်းဖြစ်ပါတယ်။ ကျန်တာ အတူတူပါပဲ။ တချို့အတ္တဝါဒီတွေရဲ့ လောဘနဲ့ အကျိုးစီးပွား၊ သတင်းမီဒီယာတွေရဲ့ဘက်လိုက်မှုနဲ့ လူမျိုးရေးအရ သွေးခွဲမှု၊ လူအချင်းချင်း ခွဲခြားမှုတွေကြောင့်သာ ပဋိပက္ခနဲ့ စစ်နွံတွင်း နစ်နေရတာ ဖြစ်ပါတယ်။

### အထင်အမြင်လွဲမှားခြင်းရဲ့ အကြောင်းရင်းကိုဖယ်နိုင်မှ

ကျွန်တော်တို့တိုင်းရင်းသားတွေဟာ အမှန်မှာ တစ်ယောက်ကိုတစ်ယောက် ချစ်ရင်းစွဲများ ရှိကြပြီးဖြစ်ပါတယ်။ ဓလေ့ထုံးတမ်းအစဉ်အလာ ယဉ်ကျေးမှုနဲ့ ဘာသာတရား အပြန်အလှန်တန်ဖိုးထားလေးစားတတ်၊ ချစ်တတ်ကြတဲ့အတွက် အမုန်းဆိုတာ ရှိခဲ့ပါတယ်။ ဒါပေမယ့် အတိတ်ကာလတစ်လျှောက်မှာ ရိုက်ချက်ပြင်းပြင်းနဲ့ အပြောင်းအလဲများတဲ့ မြင်ကွင်းတွေကြောင့် ယုံကြည်မှုပျောက်ဆုံးပြီး အခြေအနေဟာ ပိုပြီးဆိုးရွားသွားခဲ့ရတယ်။ ဘေးပယောဂတွေကြောင့်လည်း ပါပါလိမ့်မယ်။ ဒါကြောင့်လည်း လူမျိုးတစ်မျိုးနဲ့တစ်မျိုးကြား အထင်အမြင်လွဲမှားခြင်းရဲ့ အကြောင်းတရားဖြစ်တဲ့ အာဃာတ အငြိုးအတေးတွေကို ယနေ့တိုင် အဆုံးမသတ်နိုင်သေးခြင်းဖြစ်တယ်။ အမုန်းတွေ၊ အာဃာတတွေ ဆိုတာ မိမိကိုယ်ခံအင်အားကို ချည့်နဲ့စေသလို ပြည်ထောင်စုကြီးကိုလည်း အားလျော့စေတယ်ဆိုတဲ့အချက်ကို ဆင်ခြင်သိမြင်နိုင်စွမ်းက ပညာအရာသာ ဖြစ်ပါတယ်။


◆ ၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ ကပြဖျော်ဖြေနေမှုကို တွေ့ရစဉ်။

အသိနဲ့ပညာဟာ တိုက်ရိုက်အချိုးကျတဲ့အတွက် ပညာနည်းပြီး အသိပါးနေကြသရွေ့ နိုင်ငံနဲ့လူ့အဖွဲ့အစည်းမှာ အားနည်းချက်တွေ ရှိနေဦးမှာဖြစ်ပါတယ်။ ဒါကြောင့်လည်း အသိတရားရှိတဲ့ ပညာတတ်တွေပေါ်များအောင် မွေးထုတ်ပေးနေတာဖြစ်တယ်။ ပြည်ထောင်စုကြီးမှာ အမှားအမှန် ခွဲခြားနိုင်သူ များလာမှ၊ အကြောင်းအကျိုးနဲ့ ပြဿနာကို ခွဲခြားစိတ်ဖြာနိုင်ပြီး မှန်မှန်ကန်ကန် ဆုံးဖြတ်နိုင်စွမ်းသူတွေများလာမှ အဖျက်သဘောနည်းပြီး အမှားနည်းလာမှာဖြစ်ပါတယ်။ အမှန်တရားချစ်မြတ်နိုးသူ များလာမှ ငြိမ်းချမ်းရေးစကားဝိုင်းက ပိုပြီးအသက်ဝင်လာမှာဖြစ်ပြီး မဟုတ်ရင် စစ်တလင်းတွေဟာ ပညာမဲ့သူအကြိုက်ပဲ ဖြစ်သွားရလိမ့်မယ်။

ယနေ့လိုကာလ၊ ယခုလိုအခြေအနေမှာ ပြင်ဆင်ရမယ့်အချက်တွေ အများကြီးရှိနေပါပြီ။ ဣဋ္ဌာရုံနဲ့အနိဋ္ဌာရုံ၊ စစ်မြေပြင်နဲ့ တည်ငြိမ်တဲ့နေရာ၊ ငြိမ်းချမ်းမှုနဲ့ မငြိမ်းချမ်းမှုကြား အများကြီး ကွာဟသွားပါပြီ။ နောက်ထပ်အနိဋ္ဌာရုံတွေကို ပြည်သူတွေ မလိုချင်ကြတော့ပါဘူး။ ပြည်ထောင်စုကြီး မယိုင်မလဲအောင် အသည်းအသန်ကြိုးပမ်းနေစဉ်မှာ နောင်နှစ်ပေါင်းရာချီ လူမျိုးသက်တမ်းရှည်ရှည်နဲ့ ပြည်ထောင်စုကြီး သက်တမ်းမြဲဖို့ အရေးကြီးဆုံးက ယနေ့ မျိုးဆက်သစ်တွေကို အမွေဆိုးတွေ ဆက်မပေးမိဖို့နဲ့ အမွေကောင်းတွေ လက်ဆင့်ကမ်းဖို့ရန်က အရေးကြီးဆုံး ဖြစ်နေပါပြီ။ ဗမာမုန်းတီးရေး၊ ရခိုင်မုန်းတီးရေး၊ ကရင်၊ ကယား၊ ကချင်၊ ချင်းစတဲ့ မုန်းတီးရေးအာဃာတတွေ လက်ဆင့်မကမ်းမိအောင် သတိထား၊ အလေးထားဖို့သင့်ပါပြီ။ အမှားလုပ်သူ၊ မရိုးဖြောင့်သူ၊ စိတ်ဓာတ်မကောင်းသူ သစ္စာမဲ့သူမှန်သမျှ နေရာမရအောင်၊ အနိုင်မယူနိုင်အောင် အရေးယူ ထိန်းချုပ်ကြရပါမယ်။ ပြည်ထောင်စုစိတ်ဓာတ်မရှိသရွေ့၊ အမုန်းတွေပွံ့နေသမျှ ညီညွတ်မှုကို မရနိုင်ပါဘူး။ မညီညွတ်ရင် ငြိမ်းချမ်းရေးလည်း မရနိုင်ပါဘူး။

ဒါကြောင့် အမုန်းအာဃာတတွေ မရိုက်သွင်းနိုင်အောင်၊ လက်မခံမိအောင် ကျောင်းစာသင်ခန်းတွေက အစပြုတဲ့ ပညာကို အခြေခံရမယ်ထင်ပါတယ်။ ပညာလမ်းကြောင်းကနေ စတင်မယ့် ထာဝရငြိမ်းချမ်းရေးသည်သာ ရေရှည်စိတ်ချနိုင်မှာဖြစ်လို့ပါ။ အတိတ်သမိုင်းကို မရမက လှန်လှောပြီး အီမိုးရှင်းတွေနဲ့ အချိန်ဖြုန်းနေမယ့်အစား အနာဂတ်ကို မျှော်ပြီး ပညာကိုမျိုးစေ့ချ အားလုံးရဲ့ မြန်မာဆိုတဲ့ စိတ်ထားတစ်ခုတည်းမှာ ခံယူနိုင်အောင် လေ့ကျင့်မွေးမြူရပါမယ်။

သမိုင်းအမှန်ဆိုတာ ပညာမျက်စိနဲ့သာ ခွဲခြမ်းစိတ်ဖြာနိုင်မှာ ဖြစ်ပါတယ်။ မတူကွဲပြားမှုကို လက်ခံတတ်လာအောင် လေ့ကျင့်သင်ကြားပေးနိုင်မယ့်လက်နက်က ပညာဆိုတာ မမေ့သင့်ပါဘူး။ သို့မဟုတ်ဘဲ တစ်ဦးနဲ့တစ်ဦး အလွန်အမင်း မုန်းတီးနေသမျှ အာဃာတ မပြေနိုင်၊ အငြိုးအတေးတွေ အဆုံးမသတ်နိုင်ကြသရွေ့ မတူကွဲပြားမှုကို လက်ခံခြင်းနဲ့ ငြိမ်းချမ်းခြင်းဆိုတာ ပါးစပ်ဖျားမှာပဲ အဆုံးသတ်နေပါလိမ့်မယ်။ အဓိက အချက်က စိတ်ဓာတ်နဲ့ ပညာအရာပါပဲ။ စိတ်ဓာတ်ကောင်းစွာနဲ့ ပညာဖြစ်နေသရွေ့ ညီညီညွတ်ညွတ် အတူလှမ်းလျှောက်ကြမယ့် ပြည်ထောင်စုလမ်းမကြီးဟာလည်း အစဉ်ချောမွေ့သာယာနေမှာ မလွဲဟု အလေးအနက် ယုံကြည်မိပါတယ်။ ။

**❖ သမိုင်းအမှန်ဆိုတာ ပညာမျက်စိနဲ့သာ ခွဲခြမ်းစိတ်ဖြာနိုင်မှာ ဖြစ်ပါတယ်။ မတူကွဲပြားမှုကို လက်ခံတတ်လာအောင် လေ့ကျင့်သင်ကြားပေးနိုင်မယ့်လက်နက်က ပညာဆိုတာ မမေ့သင့်ပါဘူး။ သို့မဟုတ်ဘဲ တစ်ဦးနဲ့တစ်ဦး အလွန်အမင်း မုန်းတီးနေသမျှ အာဃာတ မပြေနိုင်၊ အငြိုးအတေးတွေ အဆုံးမသတ်နိုင်ကြသရွေ့ မတူကွဲပြားမှုကို လက်ခံခြင်းနဲ့ ငြိမ်းချမ်းခြင်းဆိုတာ ပါးစပ်ဖျားမှာပဲ အဆုံးသတ်နေပါလိမ့်မယ်။ အဓိကအချက်က စိတ်ဓာတ်နဲ့ ပညာအရာပါပဲ။ စိတ်ဓာတ်ကောင်းစွာနဲ့ ပညာဖြစ်နေသရွေ့ ညီညီညွတ်ညွတ် အတူလှမ်းလျှောက်ကြမယ့် ပြည်ထောင်စုလမ်းမကြီးဟာလည်း အစဉ်ချောမွေ့သာယာနေမှာ မလွဲဟု အလေးအနက် ယုံကြည်မိပါတယ်**



◆ ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံတင်အခမ်းအနား ကျင်းပစဉ်။

# စိတ်ဓာတ်ပညာအင်အားဖြင့် ညီညွတ်မှုအားကို ရယူမည်

**မိုးမြင့်**

နိုင်ငံတစ်နိုင်ငံမှာ စိတ်ဓာတ်ပညာ အင်အားနဲ့ စည်းလုံးညီညွတ်မှု အင်အားကို ရယူနိုင်တယ်ဆိုတာက ဘာကိုဆိုလိုတာလဲဆိုရင် ထိုနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသားအချင်းချင်း၊ တိုင်းရင်းသားအချင်းချင်းကြားမှာ မေတ္တာထားခြင်း၊ ကရုဏာထားခြင်း၊ မုဒိတာပွားခြင်း၊ ဥပေက္ခာပြုနိုင်ခြင်းအထိ ထားရှိရမယ့် မြင့်မြတ်စိတ်ထားကောင်းတွေကို အဓိကဆိုချင်တာပါ။

အချင်းချင်း ချစ်ချစ်ခင်ခင် နေရကောင်းမှန်းမသိ၊ အမုန်းအသင်္ချေနဲ့၊ လိုချင်တဲ့ စည်းလုံးညီညွတ်မှုကို ဘယ်တော့မှ ရနိုင်ကြမှာမဟုတ်ပါ။ မိမိတို့နေထိုင်တဲ့ ဒီနိုင်ငံကြီးရဲ့ ဒီမြေ၊ ဒီရေ၊ ဒီလေပိုင်နက်အတွင်း အတိတ်သမိုင်းကြောင်းမှာ အကြောင်းတရားပေါင်းစုံနဲ့ ဖွဲ့စည်းဖြစ်တည်လာတဲ့ ဒီပြည်ထောင်စုကြီးမှာ လွတ်လပ်ရေးဆုံးရှုံးခဲ့စဉ်ကလည်း ညီညွတ်မှုအားနည်းခဲ့လို့၊ အင်အားမရှိခဲ့လို့၊ လွတ်လပ်ရေးရခဲ့တာလည်း ဒီစိတ်ဓာတ်အင်အားနဲ့ ဒီညီညွတ်မှုအားကြောင့်ပဲဆိုတဲ့ သင်ခန်းစာတွေ ကိုယ်စီကိုယ်စီရှိခဲ့ကြပြီးဖြစ်တဲ့အတွက်... ကျွန်တော်တို့ရဲ့ဂုဏ်ယူစရာ ထိုပြည်ထောင်စုကြီးကို စိတ်ဓာတ်နဲ့ပညာကိုသာ အဓိကအရင်းခံပြီး ညီညွတ်မှုအင်အားကို မရ ရအောင် ဆက်လက်ကြိုးစားတည်ဆောက်ကြမယ်ဆိုရင်..။

## ပြည်ထောင်စုစိတ်ဓာတ် ဆိုတာ

ဘယ်လိုအခြေအနေမှာ စည်းလုံးညီညွတ်မှု ပြိုကွဲသွားနိုင်ပါသလဲ။ ထိုသက်ရှိသက်မဲ့ လူသားမျိုးနွယ်စု အရင်းအမြစ်တွေ၊ ကိုယ်ပိုင်စရိုက်လက္ခဏာတွေ၊ စိတ်ဓာတ်အရည်အသွေးတွေ၊ ဘာသာတရားနဲ့ ယဉ်ကျေးမှုဂုဏ်ဒြပ်တွေကို တန်ဖိုးထားရကောင်းမှန်းမသိ၊ ဂုဏ်ယူစရာအဖြစ် မြင်နိုင်စွမ်း မရှိကြတော့ရင်၊ ထိန်းသိမ်းရကောင်းမှန်း မသိတော့ရင် သမိုင်းလည်းပျောက် လူမျိုးပါပျောက်ရပါလိမ့်မယ်။

ဒြပ်မဲ့ပစ္စည်းတွေအပေါ်မှာ တွယ်တာရကောင်းမှန်းမသိ၊ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးအပေါ် သစ္စာမရှိ၊ ပညာမဲ့ အဆင်အခြင်မဲ့ လုပ်ရပ်များဟာ ဘယ်မှာ ကောင်းတာ၊ မှန်တာ ဖြစ်နိုင်ပါ့မလဲ။ ပြည်ထောင်စုကြီးကို စည်းနှောင်ထားသည့်ကပင် မေတ္တာ၊ ကရုဏာ၊ မုဒိတာဆိုတဲ့ မြင့်မြတ်တဲ့ စိတ်ထားတွေကြောင့်ဖြစ်ပြီး တန်ဖိုးထားအပ်တဲ့အရာကို တန်ဖိုးထားတတ်တဲ့အတွက်ကြောင့်လည်း မြဲမြဲနေတာဖြစ်ပါတယ်။ ခိုင်မာတဲ့ကြိုးတွေအလား ထိုထိုစိတ်ထားတွေနဲ့ ချည်နှောင်ထားမှုသာ အင်အားရှိတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့ ညီညွတ်မှုကို ရရှိပါမယ်။ ထိုပြည်ထောင်စုစိတ်ဓာတ်ကြီးနဲ့ တည်ဆောက်ထားလို့သာ တိုင်းရင်းသားလူမျိုးအသီးသီးရဲ့ မြင့်မားလှတဲ့တန်ဖိုးတွေ၊ စံနှုန်းတွေ၊ ဂုဏ်ဒြပ်တွေကို ကျွန်တော်တို့အားလုံးက အပြန်အလှန် အသိအမှတ်ပြု လေးစားနေနိုင်ကြတာဖြစ်တယ်။ မပျောက်ပျက်အောင် ထိန်းသိမ်းထားနိုင်တာဖြစ်တယ်။ ရှေးပဝေသဏီကတည်းက အချင်းချင်း ရောပြွမ်းနေနိုင်ကြတယ် ဆိုတာလည်း ဒီလိုစိတ်ထားတွေကြောင့်ပဲ။

ဒါကြောင့်လည်း သမိုင်းနဲ့ချီပြီး အတူယှဉ်တွဲ နေထိုင်နိုင်ခဲ့ကြခြင်းဖြစ်ပြီး ပြည်ထောင်စုကြီးတစ်ခုအဖြစ် ဖြစ်တည်လာခြင်းမှာ အဓိပ္ပာယ်အများကြီးရှိနေကြောင်း နားလည်ရမှာ ဖြစ်ပါတယ်။ အချင်းချင်း အပြန်အလှန်အသိအမှတ်ပြုလေးစားမှု၊ ချစ်မြတ်နိုးမှု၊ တန်ဖိုးထားမှုများ အမှန်တကယ်ရှိကြမှလည်း ရှိပြီးသား ပြည်ထောင်စုစိတ်ဓာတ်ကို မြှင့်တင်ပေးရာ ရောက်ပါမယ်။

## ရိုးဖြောင့်မှုဂုဏ်ကိုပါ ထပ်ဆင့်

ရိုးစင်းတဲ့စိတ်ထားနဲ့ ဖြောင့်မတ်တဲ့စိတ်ဓာတ်ဆိုတဲ့ဂုဏ်တစ်ခုဆိုတာ လူသားတွေရဲ့ ချစ်ခြင်းမေတ္တာတရားကို ခိုင်မာစေပါတယ်။ ရိုးသားမှုရှိသူဟာ အမှန်တရားကို ချစ်မြတ်နိုးပြီး အမှန်ကိုသာ လုပ်တတ်တယ်၊ အမှားကို မလုပ်ဘူး။ ဒီနေရာမှာ ဘယ်အရာက အမှား၊ ဘယ်ဟာကအမှန်ဆိုတာတော့ ပညာမျက်စိနဲ့မြင်ထားသင့်ပါတယ်။ အမှန်နဲ့ အမှား မခွဲခြားနိုင်သေးသရွေ့တော့ အမှန်ကိုအမှား၊ အမှားကို အမှန် လုပ်နေကြဦးမှာပဲ။ ဒါကြောင့်လည်း အကျည်းတန်ပြီး ဆိုးရွားလွန်းတဲ့အနိဋ္ဌာရုံတွေသာ ကြုံနေရတာ ဖြစ်တယ်။ ပညာဆိုတဲ့အလင်း မရှာနိုင်ကြသရွေ့ ဖြောင့်မတ်မှန်ကန်မှုကို ဘယ်လိုရနိုင်ပါ့မလဲ။ ပညာဆိုတဲ့ အရည်အချင်းတစ်ခုကသာ အမှန်နဲ့ အမှားကို ခွဲခြားပေးနိုင်တယ်။

**“တိုင်းရင်းသားတို့ရဲ့အတိတ်မှာ စိတ်ဓာတ်ကောင်းကောင်းနဲ့ ညီညွတ်ခဲ့ကြတဲ့ သမိုင်းကြောင်းတွေရှိခဲ့ခြင်းဟာ သစ္စာရှိကြလို့ပါ။ ဒါဟာပင် ညီညွတ်မှုရှိတဲ့ ပြည်ထောင်စုရဲ့ တန်ဖိုးတစ်ခုအလား လက်ခံနိုင်ရပါမယ်။ တစ်ဦးဒုက္ခရောက်ရင် တစ်ဦးက ကူညီတယ်၊ ရိုင်းပင်းတယ်၊ လိုအပ်ရင် အသက်ပေးပြီး ကာကွယ်တယ်၊ လက်သည်းဆိတ်တော့ လက်ထိပ်နာဆိုသလို အမျိုးကိုထိရင် မချိအောင်နာတတ်တဲ့ ပြည်ထောင်စုစိတ်ဓာတ်မျိုးဟာ ရိုးသားဖြောင့်မတ်ပြီး သစ္စာရှိတဲ့ လူမျိုးဆီကသာ ရနိုင်မယ်ထင်တယ်။ အတွေ့အကြုံများအရ ပြည်နယ်တစ်ခုမှန်တိုင်းသင့်တော့ ကျန်မြန်မာတိုင်းရင်းသားအားလုံးက မနော စာနာစိတ်အပြည့်နဲ့ ငွေအား၊ လူအား စုပေါင်းပါဝင်ကူညီခဲ့ကြတဲ့ အစဉ်အလာရှိခဲ့ဖူးတယ်။ ကိုယ့်အမျိုးပမာ အစော်ကားခံရလို့ မခံချင်စိတ်နဲ့ သွေးဆူခဲ့ကြဖူးတဲ့သမိုင်း၊ အနောက်တံခါးဝကို ဘာသာခြား၊ လူမျိုးခြားတွေ အကြိမ်ကြိမ်ကျူးကျော်ခံရစဉ်က ကိုယ့်တိုင်းရင်းသားဘက်က အသက်ပေးကာကွယ်ခဲ့ကြဖူးတဲ့သင်ခန်းစာ... ဒီလိုစိတ်ဓာတ်တွေ ဘာကြောင့်ထားနိုင်ခဲ့ကြသလဲ၊ ရိုးသားတဲ့ တိုင်းရင်းသားများရဲ့ ဖြောင့်မတ်တဲ့ စိတ်ထားတွေကြောင့်၊ သစ္စာရှိပြီး ပညာပြည့်တဲ့ နိုင်ငံသားတွေကြောင့်၊ ထားအပ်တဲ့ဒုက္ခသည်တွေအပေါ် ထားတတ်တဲ့ ဆွေမျိုးသားချင်း ပြည်ထောင်စုစိတ်ဓာတ်ကြီးကြောင့် ဒီလိုလက္ခဏာတွေ ပြသနိုင်ခဲ့ကြခြင်း ဖြစ်ပါတယ်”**

*အချပ်ပို (ခ) သို့*